mgyoe.com SAMPLE BOOK

လုပ်ငန်းမကျွမ်းရင်
ဘာလုပ်လုပ် အရင်းပြုတ်မှာပဲ။

အရင်းနည်းပြီး အမြတ်ကျန်ဖို့
အရင်းများသလောက် အမြတ်ကြီးကြီးရဖို့ဆိုတာ
ကိုယ်ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းမှာ ကျွမ်းကျင်ဖို့လိုပါတယ်။

သုဓွေးဖေဖေစီးရီး

ကျွမ်းကျင်တဲ့
# ရင်းနှီးမြှုပ်နှံသူ
ဖြစ်ဖို့

## ညီညီနိုင်

Rich Dad's
# GUIDE TO INVESTING
Robert T. Kiyosaki

ဒုတိယအကြိမ်

mgyoe.com

ပန်းရွှေပြည်စာအုပ်တိုက်သို့မှာကြားနိုင်သောစာအုပ်များ



mgyoe.com SAMPLE BOOK

တန်ဖိုး
၁၂,၀၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

အကြိမ်
ပထမအကြိမ်
၂၀၀၇ ခုနှစ် ဩဂုတ်လ
ဒုတိယအကြိမ်
၂၀၂၃ ခုနှစ် ဧပြီလ

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press
အမှတ် ၃၁၊ ၈၉ လမ်း၊ ကန်တော်လေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

ညီညီနိုင်

# ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ဖို့

Rich Dad's

# GUIDE TO INVESTING

Robert T. Kiyosaki

mgyoe.com

mgyoe.com SAMPLE BOOK

## ပန်းရွှေပြည်စာအုပ်တိုက်ရဲ့ ညီညီနိုင်ဘာသာပြန်စာအုပ်များ

**ကိုယိုဆာကိုသူဌေးဖေဖေစီးရီး**

* သူဌေးဖေဖေ ဆင်းရဲဖေဖေ * ချမ်းသာတဲ့ကလေး ပါးနပ်တဲ့သူငယ်
* အငြိမ်းစားလူငယ် အငြိမ်းစားသူကြွယ်
* လူတိုင်းတက်သင့်တဲ့ စီးပွားရေးပညာသင်ကျောင်း
* မိလုံးမှာ မပြစ်ချင်ဘူးလား * ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ဖို့
* ချမ်းသာစေချင်လွန်းလို့ပါ

**ဒေးလ်ကာနက်ဂျီစီးရီး**

* ၅ မိနစ်အတ္ထုပ္ပတ္တိ
* တိုးတိုးတိတ်တိတ်ဖြစ်ရပ်များ
* လူကျော်လူတော်များ

**စီးပွားရေး အုပ်ချုပ်ရေး ပညာပေးစီးရီး**

* ခေါင်းဆောင်မှုသဘောတရား * ဦးစီးဦးဆောင်မှုလမ်းညွှန်
* ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားသလဲ * ဝမရှိဘဲ ဝိလုပ်မယ်
* သူဌေးတို့ လျှောက်သောလမ်း * အဆင့်မြင့် စွမ်းအားရှင်တို့၏ အမူအကျင့်
* စီးပွားရေးစီမံကိန်း ကကြီးခခွေး * ကဲ- ဘယ်လို ဆုံးဖြတ်မလဲ
* လူ့စွမ်းအားရင်းမြစ် စီမံခန့်ခွဲမှု
* ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းပစ်သလဲ။ မင်းဒိန်ခဲကို ငါ နေရာပြောင်းတယ်
* ဘယ်ကျောင်းမှာနေ ဘယ်စာတွေ သင်မလဲ * လူဆိုတဲ့လူ အစွမ်းအစရှိတဲ့လူ
* ဇာဘုရင့် နန်းတော်ထဲက ရင်ငွေ့လှုံဆရာကြီး ရပ်စ်ပြူတင်
* ကြီးပွားချမ်းသာရေး ခေတ်သစ်သိုက်စာ * မျက်နှာကဲခတ် အတတ်ပညာ
* တကယ်လုပ်ပြီး အဟုတ်ဖြစ်နေသူများ * စကားမှတ်တမ်း စာမှတ်တမ်း
* စကားလက်ဆောင် * သူဌေးဖေဖေ ငွေရှာနည်း
* အောင်မြင်သူတို့ဇာတ်လမ်းများ * လူတွင်ကျယ်ဖို့ လူရည်လည်ဖို့
* မပြောသောစကားကို နားလည်ရေး * တိမ်မြင့်စံအတွေးများ၏ အံ့ဖွယ်တန်ခိုးများ
* ချမ်းမြေ့သာယာ မိသားစုတို့ကမ္ဘာ * ပြိုင်ပွဲဝင် စီးပွားရေးသမား
* အပိုးတန်တဲ့လူ အပိုးတန်တဲ့ဘဝ * ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| * | မိတ်ဆက် | ၇ |
| | အပိုင်း ၁ | ၁၉ |
| | ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဖြစ်ဖို့ စိတ်ပိုင်းဆိုင်ရာအရ အသင့်ပြင်ထားပြီးပြီလား | |
| ၁။ | အခန်း ၁ | ၂၀ |
| ၂။ | အခန်း ၂ | ၃၄ |
| ၃။ | အခန်း ၃ | ၄၀ |
| ၄။ | အခန်း ၄ | ၄၅ |
| ၅။ | အခန်း ၅ | ၅၂ |
| ၆။ | အခန်း ၆ | ၆၃ |
| ၇။ | အခန်း ၇ | ၇၂ |
| ၈။ | အခန်း ၈ | ၈၁ |
| ၉။ | အခန်း ၉ | ၈၉ |
| ၁၀။ | အခန်း ၁၀ | ၉၆ |
| ၁၁။ | အခန်း ၁၁ | ၁၀၆ |
| ၁၂။ | အခန်း ၁၂ | ၁၀၂ |
| ၁၃။ | အခန်း ၁၃ | ၁၁၇ |
| ၁၄။ | အခန်း ၁၄ | ၁၂၇ |
| ၁၅။ | အခန်း ၁၅ | ၁၄၈ |
| ၁၆။ | အခန်း ၁၆ | ၁၆၀ |
| ၁၇။ | အခန်း ၁၇ | ၁၇၃ |
| ၁၈။ | အခန်း ၁၈ | ၁၈၄ |
| ၁၉။ | အခန်း ၁၉ | ၁၉၆ |
| | အပိုင်း ၂ | ၂၀၅ |
| | ဘယ်လို ရင်းနှီးမြှုပ်နှံသူမျိုး ဖြစ်ချင်သလဲ | |
| ၂၀။ | အခန်း ၂၀ | ၂၀၆ |
| ၂၁။ | အခန်း ၂၁ | ၂၁၀ |




mgyoe.com

mgyoe.com SAMPLE BOOK


၂၂။ အခန်း ၂၂ ၂၁၅

၂၃။ အခန်း ၂၃ ၂၁၈

၂၄။ အခန်း ၂၄ ၂၃၅

၂၅။ အခန်း ၂၅ ၂၄၅

၂၆။ အခန်း ၂၆ ၂၅၂

၂၇။ အခန်း ၂၇ ၂၅၆

၂၈။ အခန်း ၂၈ ၂၆၉

၂၉။ အခန်း ၂၉ ၂၇၄

အပိုင်း ၃ ၂၈၁
နိုင်မာတဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဘယ်လိုတည်ထောင်မလဲ

၃၀။ အခန်း ၃၀ ၂၈၂

၃၁။ အခန်း ၃၁ ၂၈၆

၃၂။ အခန်း ၃၂ ၃၀၉

၃၃။ အခန်း ၃၃ ၃၁၆

၃၄။ အခန်း ၃၄ ၃၂၈

၃၅။ အခန်း ၃၅ ၃၃၆

၃၆။ အခန်း ၃၆ ၃၄၂

အပိုင်း ၄ ၃၅၃
ပါးနပ်ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူဆိုတာ ဘယ်သူလဲ

၃၇။ အခန်း ၃၇ ၃၅၄

၃၈။ အခန်း ၃၈ ၃၆၅

၃၉။ အခန်း ၃၉ ၃၇၄

၄၀။ အခန်း ၄၀ ၃၉၂

၄၁။ အခန်း ၄၁ ၄၁၆

အပိုင်း ၅ ၄၃၁
ပြန်ပေးပါ

၄၂။ အခန်း ၄၂ ၄၃၂

* နိဂုံး ၄၃၈


mgyoe.com

mgyoe.com SAMPLE BOOK


မိတ်ဆက်

ဒီစာ
အုပ်ထဲ ဖတ်
ရမှာတွေ

အမေရိကန်ပြည်ထောင်စုရဲ့ လုံခြုံမှုနှင့် ငွေကြေးလဲလှယ်ရေးကော်မရှင် (SEC)က ရင်းနှီးမြှုပ်နှံသူအဖြစ် သတ်မှတ်ထားတာကတော့ လူတစ်ယောက်ဟာ

၁။ ၁ နှစ်ဝင်ငွေ ဒေါ်လာ ၂ သိန်းအထက်ရှိသူ၊ ဒါမှမဟုတ်

၂။ ဇနီးမောင်နှံ ၂ ယောက်ပေါင်း ၁ နှစ်ဝင်ငွေ ဒေါ်လာ ၃ သိန်းနှင့် အထက်ရှိသူ၊ ဒါမှမဟုတ်

၃။ အသားတင်ချမ်းသာမှု ဒေါ်လာ ၁ သန်းနှင့် အထက်ရှိသူတွေ ဖြစ်ရမယ်တဲ့။

ဒီသတ်မှတ်ချက်တွေကို SECက ထုတ်ပြန်ထားရတာဟာလည်း သာမန်ရင်းနှီးမြှုပ်နှံသူတွေကို ကမ္ဘာပေါ်မှာ အဆိုးဝါးဆုံးနှင့် အန္တရာယ်အရှိဆုံး ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်မိအောင် ကာကွယ်ပေးဖို့ပဲလို့ ဆိုပါတယ်။

ပြဿနာက အဲဒီရင်းနှီးမြှုပ်နှံသူအဆင့် သတ်မှတ်ချက်တွေဟာ သာမန်ရင်းနှီးမြှုပ်နှံသူတွေကို ကမ္ဘာပေါ်မှာ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုတချို့ လုပ်ကိုင်နိုင်ရေးမှ ဟန့်တားကာဆီးထားသလို ဖြစ်သွားတာပါပဲ။

ဒါဟာ သူဌေးဖေဖေက 'သာမန်တော့ မဖြစ်စေနှင့်' လို့ ရင်းနှီးမြှုပ်နှံသူတွေကို အကြံပေးခဲ့တဲ့ အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။


mgyoe.com

 mgyoe.com SAMPLE BOOK 

## လက်ဖဝါး,ခြေ
## ဖဝါးက
## စ,ခဲ့တာ

ကျွန်တော် ဒီစာအုပ်ကိုရေးရာမှာ ၁၉၇၃ ခုနှစ် မရိမ်းတပ်ကထွက်ခဲ့ပြီး ဗီယက်နမ်မှ ပြန်ခဲ့တဲ့အချိန်က စဖွင့်ခဲ့ပါတယ်။ အဲ့ဒီအချိန်က ကျွန်တော်ဟာ အလုပ်လက်မဲ့၊ ငွေတစ်ပြားတစ်ချပ်မျှ လက်ကိုင်မရှိ၊ ပိုင်ဆိုင်မှုဆိုတာ ဝေလာဝေး ဘဝနှင့် ၁ နှစ်လောက်နေခဲ့ရတယ် ဆိုပါတော့။

ခု ဒီစာအုပ်မှာ လက်ဖဝါး, ခြေဖဝါးတွေအပါအဝင် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံသူအဆင့်မှနေ ရှုပ်ထွေးပွေလီလှတဲ့ ရင်းနှီးမြှုပ်နှံသူတွေအဆင့်အထိ တက်လှမ်းနိုင်တဲ့ အကြောင်းတွေ ထည့်သွင်း ရေးသားထားခဲ့ပါတယ်။

စာအုပ်ရေးနေစဉ်အတွင်း ရေးဖော်ဖြစ်တဲ့ ရှုရွှန်လက်ချ်တာက သူဌေးဖေဖေရဲ့ ငွေကြေးစည်းကမ်း ၉၀/၁၀ ကို မမေ့ဖို့ သတိပေးခဲ့ပါတယ်။

"ဒီစာအုပ်ဟာ ချမ်းသာတဲ့လူတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေအကြောင်းသာ ဖြစ်မယ်ဆိုရင် လက်တွေ့ဘဝမှာ အမေရိကန်နိုင်ငံက ၁ နှစ်ကို ဒေါ်လာ ၂ သိန်းအထက် ရတဲ့လူတွေဟာ လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းအောက်မှာပဲရှိတာကို မေ့လို့မရဘူး။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းဟာ သာမန်ပြည်သူတွေပဲ ဖြစ်နေတာလို့ ဆိုတာပဲ။ ဒီတော့ သူတို့ပြောတဲ့ တရားဝင်သတ်မှတ်ထားတဲ့ ရင်းနှီးမြှုပ်နှံသူအဖြစ် စံချိန်မီသူတွေကို စစ်စစ်ပေါက်ပေါက်ဘွက်လိုက်ရင် တစ်နိုင်ငံလုံးရဲ့ ၃ ရာခိုင်နှုန်းပဲရှိတာ တွေ့ရမယ်".

ဒီလိုနှင့် ဒီစာအုပ်ကို ၄ ကြိမ်, ၄ ခါ ပြန်ရေးရဖို့ ဖြစ်လာတော့တာပါပဲ။

အထူးသဖြင့် ဒေါ်လာ ၂ သိန်းအထက် နှစ်စဉ်ဝင်ငွေ ရှိနေသူအတွက်သာ မက ရင်းနှီးမြှုပ်နှံငွေ နည်းပါးသူ, မရှိသူတွေအဖို့ပါ ထည့်စဉ်းစားပြီး ရေးခဲ့ရတဲ့ အဖြစ်ကို ရောက်ခဲ့ရပါတယ်။

၁၉၇၃ ခုနှစ်ဗီယက်နမ်မှ ပြန်လာခါစမှာ ချမ်းသာချင်တဲ့ အိပ်မက်တစ်ခုနှင့် သူဌေးဖေဖေရဲ့ လမ်းညွှန်ချက်တွေကလွဲလို့ ပိုက်ဆံတစ်ပြားမျှ မရှိတဲ့ဘဝကနေ သူဌေးတွေရဲ့ ရင်းနှီးမြှုပ်နှံမှုပုံစံအတိုင်း ရင်းနှီးမြှုပ်နှံသူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

mgyoe.com

SAMPLE BOOK

ပြောချင်တာက ခင်ဗျားမှာရှိတဲ့ငွေ နည်းတာ, များတာ၊ ရင်းနှီးမြှုပ်နှံမှု အကြောင်း သိတာ,မသိတာတွေဟာ အကြောင်းမဟုတ်ဘူးဆိုတာနှင့်တင် ဒီစာအုပ်ဟာ စိတ်ဝင်စားစရာ ကောင်းသွားပါလိမ့်မယ်။

ဒီစာအုပ်ဟာ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်လို့ ခင်ဗျား ပထမဆုံးဖတ်ဖူးတဲ့ စာအုပ်ဖြစ်ပြီး ရေရေလည်လည်နားမလည်အောင် ရှုပ်ထွေးနေမယ်ဆိုရင်လည်း စိတ်မပျက်လိုက်ပါနှင့်။

အရေးကြီးတာက ရင်းနှီးမြှုပ်နှံမှုပညာကို သိမြင်, သင်ကြားလိုတဲ့ စိတ်ဆန္ဒ ရှိဖို့နှင့် ဒီစာအုပ်ကို အစကနေအဆုံးအထိ ဖတ်ဖို့ပါပဲ။

တကယ်လို့ ရင်းနှီးမြှုပ်နှံမှုအကြောင်း အတော်အသင့် သိထားသူဆိုရင်လည်း ဒီစာအုပ်ကိုဖတ်ပြီးတဲ့နောက် ထဲထဲဝင်ဝင် ပိုသိလာမှာ သေချာပါတယ်။

စင်စစ်တော့ ဒီစာအုပ်ဟာ သူဌေးတစ်ယောက်က လူငယ်တစ်ယောက်ကို ရင်းနှီးမြှုပ်နှံမှုဘာသာရပ်ရဲ့ ရှုပ်ထွေးမှုတွေကို ရုပ်ပြပုံစံတွေ, ဇယားတွေနှင့် ရှင်းလင်း သင်ကြား လမ်းညွှန်ပြတဲ့ဇာတ်လမ်းဆိုရင် မမှားပါဘူး။

## ငွေရဲ့
## ၉၀/၁၀
## စည်းကမ်းချက်

ကျွန်တော့်ရဲ့ သူဌေးဖေဖေဟာ အီတလီစီးပွားရေးပညာရှင် 'ဗီလ်ဖရက်ဒို ပါရီတို'ရဲ့ တွေ့ရှိချက်(ဝါ)တန်ဖိုးနည်းရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းမှု၏ အခြေခံမှုများလို့ လူတွေသိထားကြတဲ့ ၈၀/၂၀ စည်းကမ်းကို အလေးအမြတ် ထားခဲ့သူပါ။

ဒါပေမယ့်လည်း ငွေနှင့်ကြေးနှင့် ပတ်သက်လာတဲ့အခါ သူက ၁၀ ရာခိုင်နှုန်းသောလူတွေသာ ငွေတွေ ၉၀ ရာခိုင်နှုန်းရအောင် အမြဲလုပ်ယူနိုင်တယ်လို့ အဓိပ္ပာယ်ရတဲ့ ၉၀/၁၀ စည်းကမ်းကို ပိုပြီး ဦးစားပေး ဂရုစိုက်ခဲ့ပါတယ်။

သူဌေးဖေဖေရဲ့အမြင်ကို ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁၃ ရက်ထုတ် ဝေါလ်စထရီဂျာနယ်ပါ ဆောင်းပါးတစ်ပုဒ်ကလည်း ထောက်ခံရာ ရောက်ခဲ့တယ် ဆိုရမှာပဲ။ ဆောင်းပါးတစ်နေရာမှာ ရေးထားတာကို ကြည့်။


mgyoe.com

mgyoe.com SAMPLE BOOK

'ဆံသ သမားတွေအစ ဖိနပ်တိုက်တဲ့လူတွေအဆုံး အများပြည်သူတွေအဖို့ တစ်ဆင့်ခံကုမ္ပဏီတွေမှ ရှယ်ယာမျိုးစုံ ဝင်နိုင်,ဝယ်နိုင်ကြသည်ဆိုသည့်တိုင် စတော့ ဈေးကွက်၏ ဂုဏ်ရည်မြင့်မားမှုမှာ လက်ရွေးစင်လူတစ်စု၏ ပိုင်ဆိုင်မှုအောက်၌ပင် ရှိနေဆဲဖြစ်၏။

'၁၉၉၇ ခုနှစ် နယူးယောက်တက္ကသိုလ် ဘောဂဗေဒပညာရှင် အက်ဒဝပ် ဝုဖ်၏ ကောက်ချက်အရ အရပ်ရပ်ရင်းနှီးမြှုပ်နှံမှုများမှာ အင်အားနည်းပါးလျက်သာ ရှိကြောင်း တွေ့ရ၏။ ရှယ်ယာအားလုံး၏ ၉၀ ရာခိုင်နှုန်းနီးပါးကို အချမ်းသာဆုံး လူ ၁၀ ရာခိုင်နှုန်းက ပိုင်ဆိုင်ထားသည်ဟု ဆိုရမည်။ စာရင်းချုပ်လိုက်ပါက နိုင်ငံ၏ အသားတင်ချမ်းသာကြွယ်ဝမှုကို ထိပ်တန်းကြေးရည်တတ်ကြီးများက ၁၉၈၃ ခုနှစ်တွင် ၆၈ ရာခိုင်နှုန်း လက်ဝါးကြီးအုပ် ပိုင်ဆိုင်ခဲ့ရာမှ ၁၉၉၇ ခုနှစ်၌ ၇၃ ရာခိုင်နှုန်း ပိုင်ဆိုင်ထားခဲ့၏။'

တစ်နည်းအားဖြင့် ဒီနေ့အဖို့ ရင်းနှီးမြှုပ်နှံသူတွေ ပိုများလာရာက်ပဲ သူဌေး သူကြွယ်ကြီးတွေ ပိုချမ်းသာလာတယ်လို့ ပြောရမှာပါပဲ။ စတော့ဈေးကွက်အနေဖြင့် ဆိုရင် ငွေကြေးစည်းကမ်း ၉၀/၁၀ ဟာ မှန်ကန်နေဆဲပဲပေါ့။

ကျွန်တော့်အယူအဆအရဆိုရင်လည်း 'အနာဂတ်အဖို့လည်း မိသားစုတွေ ရင်းနှီးမြှုပ်နှံမှုလုပ်တာ များသထက်များလာတာနှင့်အမျှ အဲ့ဒီပဂေးကြီးတွေကို ထောက်ပံ့ရာရောက်နေမှာ ဖြစ်ပါတယ်'လို့။

ပြဿနာက ပိုမိုများလာတဲ့ ရင်းနှီးမြှုပ်နှံသူတွေထဲမှာ တကယ်သိကျွမ်း နားလည်တဲ့လူရယ်လို့ အလွန့်အလွန် နည်းနေတာပါပဲ။

ငွေကြေးဈေးကွက် ယိုလဲပြိုပျက်သွားတာနှင့် အဲ့ဒီလူသစ်တွေအားလုံး ဘယ်လိုဖြစ်သွားမလဲ။

အမေရိကန်ပြည်ထောင်စုအစိုးရဟာ ကျွန်တော်တို့ရဲ့ စုဆောင်းမှုတွေကို ကပ်ဆိုးကပ်ပျက်ကြီးတွေကြောင့် ဆုံးရှုံးမှုကနေ အာမခံစောင့်ရှောက်ထားပေမယ့်၊ ခုလို ရင်းနှီးမြှုပ်နှံမှုတွေကိုတော့ တာဝန်ယူစောင့်ရှောက်ပေးတာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း


mgyoe.com

"သာမန် ရင်းနှီးမြှုပ်နှံသူတွေကိုတော့ ဘယ်လို အကြံပြုချင်ပါသလဲ"လို့ သူဌေးဖေဖေကို ကျွန်တော်မေးမိတာ ဖြစ်ပါတယ်။

ဒီအခါမှာ သူ့အဖြေကတော့

"သာမန်မဖြစ်စေနှင့်ပေါ့ကွာ"တဲ့။

"ရှင်းရှင်းပြောရရင် မအ,နှင့်"ပေါ့။

## သာမန်
## လူ
## မဖြစ်အောင်

ကျွန်တော်ဟာ အသက် ၁၂ နှစ်သားကတည်းက ရင်းနှီးမြှုပ်နှံမှုဘာသာရပ်ကို အထူးစိတ်ဝင်စားသူဖြစ်ခဲ့တယ် ဆိုရမှာပါ။

ဒီအရွယ်မတိုင်ခင်အထိတော့ ငွေကြေးရင်းနှီးမြှုပ်နှံမှုကိစ္စတွေထက် ဘေ့စ်ဘောလ်နှင့် ဘောလုံးကစားဖို့လောက်သာ ကျွန်တော့်ခေါင်းထဲမှာ ရှိခဲ့ပါတယ်။

ဒီစကားလုံးကို ကြားဖူးပေမယ့်လည်း ရင်းနှီးမြှုပ်နှံမှုရဲ့ တန်ခိုးစွမ်းအင်တွေကို သိမြင်လာတဲ့ အချိန်မတိုင်ခင်အထိ အာရုံမကျခဲ့မိဘူးဆိုပါတော့။

'သူဌေးဖေဖေ'လို့ ကျွန်တော်ခေါ်တဲ့ပုဂ္ဂိုလ်နှင့် သူ့သားအရင်း (ကျွန်တော်ရဲ့ အကောင်းဆုံးသူငယ်ချင်း) 'မိုက်'တို့နှင့်အတူ ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်ခဲ့တဲ့တစ်နေ့ကို မှတ်မိပါသေးရဲ့။

သူဌေးဖေဖေက သူ့သားနှင့် ကျွန်တော့်ကို သူဝယ်လိုက်တဲ့ မြေတစ်စိတ်တစ်ဒေသကို လိုက်ပြတာပါ။

ကျွန်တော် ၁၂ နှစ်သားသာရှိသေးပေမယ့် သူဌေးဖေဖေဟာ ကျွန်တော်တို့မြို့က အဖိုးတန်ဆုံးနေရာတစ်ခုကို ဝယ်လိုက်မှန်းကိုတော့ နားလည်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာ 'သူ ဘယ်နည်းနှင့်များ ဒီလောက် အဖိုးတန်တာကြီးကို ဝယ်လိုက်ပါလိမ့်'ဆိုတာ ကျွန်တော့်ခေါင်းထဲ ပထမဆုံးဝင်လာတဲ့ အတွေးပါ။

လခကြီးစား အစိုးရအရာရှိကြီးဖြစ်တဲ့ ကျွန်တော့်အဖေရင်း ပါမောက္ခကြီး တောင်မဝယ်နိုင်တာကို အရပ်သားတစ်ဦးသာဖြစ်တဲ့ 'မိုက်'ရဲ့အဖေက ဝယ်လိုက်တယ်ဆိုတာ ကျွန်တော့်အတွက် တကယ်စိတ်ဝင်စားစရာ ပဟေဠိတစ်ပုဒ်ပဲ မဟုတ်လား။


mgyoe.com

mgyoe.com SAMPLE BOOK


အဲ့ဒီအချိန်ကတည်းက ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူဘဝ သန္ဓေတည် အစပျိုးခဲ့တယ် ဆိုရပါတော့မယ်။

ဒီနောက် နှစ်ပေါင်း ၄၀ လောက်ကြာသွားတဲ့ ဒီနေ့မှာ လူတွေက အလားတူ မေးခွန်းတွေ ကျွန်တော့်ကို လာမေးနေကြပြန်ပါရောလား။

ကျွန်တော်ပို့ချပေးနေတဲ့ ရင်းနှီးမြှုပ်နှံမှု သင်တန်းတွေမှာလည်း ဒီမေးခွန်း မျိုးပဲ ထွက်လာတာပဲလေ။

၁။ ငွေမရှိဘဲ ရင်းနှီးမြှုပ်နှံမှု ဘယ်နည်းနှင့် ဘယ်လိုလုပ်နိုင်ပါ့မလဲ။

၂။ ကျွန်မမှာ ဒေါ်လာ ၁ သိန်း ရှိပါတယ်။ သင့်လျော်တဲ့ ရင်းနှီးမြှုပ်နှံမှု အနေဖြင့် ဘာကိုလုပ်ရပါ့မလဲ။

၃။ အိမ်ခြံမြေ အကျိုးတူရန်ပုံငွေ၊ ဒါမှမဟုတ် စတော့ဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ရင် ကောင်းပါ့မလား။

၄။ ပိုက်ဆံတစ်ပြားမှမရှိဘဲ အိမ်၊ မြေ၊ စတော့ရှယ်ယာတွေ ဝယ်နိုင်ပါ့မလား။

၅။ 'ငွေ'ဖြစ်အောင်လုပ်ဖို့ 'ငွေ'မလိုဘူးလား။

၆။ ရင်းနှီးမြှုပ်နှံမှုဆိုတာ စွန့်စားရတာဖြစ်ပြီး၊ အန္တရာယ် မများဘူးလား။

၇။ နည်းနည်းရင်းပြီး များများကြီးမြတ်အောင် ဘယ်လိုနည်းနှင့် လုပ်ရ ပါ့မလဲ။

၈။ ခင်ဗျားနှင့်ကျွန်တော် ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်ပါသလား။

**ဒီမေးခွန်းတွေရဲ့အဖြေတွေ ဒီစာအုပ်ထဲမှာ ပါပါလိမ့်မယ်။ တန်းခနဲ မတွေ့လည်း တွေ့အောင်ရှာပါ။**

## သူဌေး
## တစ်ယောက်လို ရင်း
## နှီးမြှုပ်နှံခြင်း

ဒီစာအုပ်က ခင်ဗျားသိချင်တဲ့ ပညာရပ်ဆိုင်ရာအဖြေအားလုံးကို မပေး နိုင်တဲ့တိုင်အောင် ကိုယ့်အစွမ်းကိုယ်အစနှင့် အချမ်းသာဆုံးဖြစ်အောင်လုပ်ခဲ့တဲ့ သူကြွယ်ကြီးတွေရဲ့ လုပ်နည်းလုပ်ဟန်တွေကို ရှုမြင်သုံးသပ်ခွင့် ရပါလိမ့်မယ်။


mgyoe.com

SAMPLE BOOK

သူဌေးဖေဖေဟာ အိမ်ခြံမြေနှင့် အကြီးအကျယ်ချမ်းသာပြီး ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူ ဖြစ်ခဲ့တာက ငွေကြောင့်မဟုတ်ဘဲ စနစ်တကျ အကွက်ချလုပ်တတ်တဲ့ အကြံအစွေးကြောင့်သာ ဖြစ်ပါတယ်။

ဒါကို ကျွန်တော်ငယ်ငယ်တုန်းကတည်းက နားလည်ခဲ့သလို၊ သူ့လို စဉ်းစားရင် သူ့လိုပဲ ရေရှည်မှာ ချမ်းသာသွားမယ်လို့ သဘောပေါက်ခဲ့ပါတယ်။

ဒါမှမဟုတ်ရင်တော့ ဘယ်လောက်ပဲ ပိုက်ဆံတွေရှိရှိ၊ ချမ်းသာတဲ့ဘဝကို ရအောင်လုပ်နိုင်မှာ မဟုတ်ဘူးလို့လည်း သိခဲ့ပါတယ်။

သူဌေးဖေဖေဟာ အဖိုးတန်မြေကွက်တစ်ခုလို ဝယ်လိုက်ချိန်မှာ သူ့လက်ထဲမှာ ခြူးတစ်ပြားမျှ ရှိတာမဟုတ်ပါဘူး။

ဒီလို အစီအစဉ်တကျ တွေးခေါ်စဉ်းစားတာမျိုးကို ခုစာအုပ်မှာ နည်းပေးလမ်းပြ ဝေငှထားပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၄၀ က သူဌေးဖေဖေကတော့

"ငါ့အနေနှင့် ဒီမြေကိုဝယ်ဖို့ မတတ်နိုင်ပေမယ့် ငါ့လုပ်ငန်းတွေက ဝယ်နိုင်တယ်ကွ"လို့ အဖြေပေးခဲ့ဖူးပါတယ်။

စတော့တွေဝယ်တာဟာ လုပ်ငန်းတစ်ခုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်တာ ဖြစ်သလို၊ အိမ်,မြေဝယ်တာဟာလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်တာပါပဲ။

စာချုပ်တစ်ခုဝယ်တာကိုလည်း လုပ်ငန်းတစ်ရပ်အဖြစ် နားလည်ထားဖို့လိုပါတယ်။

ပုဂ္ဂလိက တစ်ဦးချင်းရင်းနှီးမြှုပ်နှံတာထက် လုပ်ငန်းရှင်အဖြစ်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်တာ ပိုကောင်းပါတယ်။

၁၀ ရာခိုင်နှုန်းလောက်ရှိတဲ့ လူတစ်စုက နိုင်ငံရဲ့ ၉၀ ရာခိုင်နှုန်းသော အစုရှယ်ယာတွေကို ပိုင်ဆိုင်တယ်ဆိုရာမှာ သူတို့ဟာ စီးပွားရေးလုပ်ငန်းတွေရဲ့ ပိုင်ရှင်ကြီးတွေဖြစ်သလို၊ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှု ပြန်လုပ်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ခင်ဗျားလည်း သူတို့လိုပဲ လုပ်နိုင်ပါတယ်။

ဒီနေ့ခေတ်မှာ အသက် ၂၀ ကျော်ရုံနှင့် ဘီလျံနာတွေ ဖြစ်ကြရတဲ့အကြောင်းရင်းက သူတို့ဟာ ရင်းနှီးမြှုပ်နှံမှုတွေ ဝယ်ခဲ့တာကြောင့် မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်က စီးပွားရေးလုပ်ငန်း လို့ခေါ်ရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဖန်တီးခဲ့ကြတယ်။


mgyone.com

လူသန်းပေါင်းများစွာက သူတို့ရဲ့စီးပွားရေးလုပ်ငန်းထဲမှာ ရင်းနှီးမြှုပ်နှံမှုတွေကို ဝယ်ယူထည့်ဝင်လိုကြတဲ့အတွက်ကြောင့်သာလို့ ဆိုရပါလိမ့်မယ်။

ကုန်ပစ္စည်းအသစ်တစ်ခု ထုတ်လုပ်နိုင်ရုံနှင့် သန်းချီရမယ်လို့ လူတွေက ထင်နေကြပါတယ်။ ဒီအကြံဟာ တကယ်တမ်း အလုပ်မဖြစ်တာ များပါတယ်။

ဒီစာအုပ်ရဲ့ တစ်ဝက်လောက်ဟာ ၁၀ ရာခိုင်နှုန်းသော လူချမ်းသာတွေဟာ သူတို့အကြံတွေကို သန်းပေါင်းများစွာ၊ ဘီလျံပေါင်းများစွာတန်ပြီး တခြားရင်းနှီးမြှုပ်နှံသူတွေကို ပါဝင်လာအောင် ဘယ်လိုဖန်တီးတယ်ဆိုတာ တင်ပြထားပါသေးတယ်။

ခင်ဗျားကိုယ်ခင်ဗျား ချမ်းသာအောင်လုပ်နိုင်တဲ့ အကြံတစ်ခုရှိမယ်ဆိုရင် ၉၀/၁၀ အုပ်စုဝင်ဖြစ်တဲ့အထိ ဆက်သွယ်လုပ်ကိုင်ဖို့ အကူအညီပေးနိုင်တဲ့အတွက် ဒီစာအုပ်ဟာ ခင်ဗျားအတွက်ပဲလို့ ပြောလိုက်ပါရဲ့။

## ၉၀/၁၀ ရင်းနှီး မြှုပ်နှံသူတွေ ရဲ့ ထူးခြားချက်

ဒီစာအုပ်ရဲ့ အရေးအပါဆုံး အချက်တစ်ခုကတော့ သာမန်ရင်းနှီးမြှုပ်နှံသူနှင့် ၉၀/၁၀ ရင်းနှီးမြှုပ်နှံသူရဲ့ကြားက စိတ်ပိုင်းဆိုင်ရာ ကွာဟခြားနားချက်တွေကို ဖော်ပြထားတာပါပဲ။

သူဌေးဖေဖေကလည်း မကြာခဏ ပြောဖူးတယ်လေ။

"မင်း ချမ်းသာချင်ရင် လူတကာလုပ်တာတွေကိုလေ့လာပြီး၊ သူတို့နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက်သာ လုပ်လိုက်"တဲ့။

ခင်ဗျား ဒီစာအုပ်ကို ဖတ်ရင်းနှင့် ၉၀ ရာခိုင်နှုန်းသော ငွေကြေးခနဥစ္စာ ပိုင်ဆိုင်တဲ့ လူ ၁၀ ရာခိုင်နှုန်းလောက်နှင့် ၁၀ ရာခိုင်နှုန်းလောက်သော ငွေကြေး ခနဥစ္စာကိုသာပိုင်ဆိုင်ကြတဲ့ ၉၀ ရာခိုင်နှုန်းသော လူတွေရဲ့ ကွာဟမှုဟာ ရင်းနှီးမြှုပ်နှံမှုတာချင်း တူကြပေမယ့် တွေးခေါ်မြော်မြင်ပုံတွေ မတူကြလို့ပဲဆိုတာ သိလာ၊ မြင်လာပါလိမ့်မယ်။ ဥပမာ...



mgyoe.com

mgyoe.com SAMPLE BOOK


၁။ ရင်းနှီးမြှုပ်နှံသူအများစုက 'မစွန့်စားနှင့်'လို့ ပြောကြတယ်။
ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူတွေကတော့ စွန့်စားမှု ယူကြတယ်။

၂။ ရင်းနှီးမြှုပ်နှံသူအများစုက 'ခွဲဝေရင်းနှီး'လို့ ပြောကြမယ်။
ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူတွေကတော့ တစ်ခုတည်းမှာပေါင်းချင်ပေါင်းထားကြမယ်။

၃။ သာမန်ရင်းနှီးမြှုပ်နှံသူက အကြွေးတွေ သိပ်မတင်အောင် လျှော့တယ်။
ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူက အကြွေးများများတင်လေ ကြိုက်လေပဲ။

၄။ သာမန်ရင်းနှီးမြှုပ်နှံသူက ကုန်ကျစရိတ်နည်းအောင် ကြိုးစားတယ်။
ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူက ကုန်ကျစရိတ်ပိုသုံးပြီး၊ ပိုချမ်းသာအောင် လုပ်ကြတယ်။

၅။ သာမန်ရင်းနှီးမြှုပ်နှံသူက အလုပ်တစ်ခုရှိနေတယ်။
ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူက အလုပ်ကို ဖန်တီးပေးထားတယ်။

၆။ သာမန်ရင်းနှီးမြှုပ်နှံသူက ပင်ပန်းတကြီးလုပ်ရတယ်။
ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူက အလုပ်နည်းနည်းပဲလုပ်ရပြီး၊ နောက်ဆုံးထိုင်စားရတဲ့ဘဝရောက်ကာ လုပ်ရတာ ပိုနည်းသွားတယ်။

ခေါင်း
နှင့်
ပန်း

ဒီစာအုပ်ကို ဖတ်ရတဲ့အခါ သူဌေးဖေဖေရဲ့ လမ်းညွှန်အတွေးတွေဟာ ခင်ဗျားစဉ်းစားထားတာတွေနှင့် မကြာခဏဆိုသလို ပြောင်းပြန်ဖြစ်သွားတာ သတိပြုပါလိမ့်မယ်။

လူနည်းစုလေးသာ ချမ်းသာလာကြတဲ့ အကြောင်းရင်းတစ်ခုက သူတို့ဟာ တွေးခေါ်တဲ့နည်းလမ်းတစ်ခုတည်းမှာ စောက်ချထားလို့ပါပဲ။ အလုပ်တစ်ခုလုပ်ဖို့၊ ဒါမှမဟုတ် တွေးခေါ်စဉ်းစားဖို့ နည်းတစ်နည်းပဲ ရှိတယ်လို့သာ သူတို့ သိထားကြပါတယ်။


mgyoe.com

သာမန်ရင်းနှီးမြှုပ်နှံသူတွေက 'လုံခြုံစိတ်ချရအောင်လုပ်၊ မစွန့်စားနှင့်'လို့ တွေးတဲ့အချိန်မှာ ချမ်းသာတဲ့ရင်းနှီးမြှုပ်နှံသူတွေကတော့ စွန့်စားမှုပိုလုပ်နိုင်မယ့် ကျွမ်းကျင်မှုတွေ တိုးတက်အောင် ဘယ်လို ကြံဆောင်ရမလဲဆိုတာကို စဉ်းစားနေတယ်။

သူဌေးဖေဖေက ဒီလို စဉ်းစားပုံမျိုးကို

'ခေါင်းနှင့်ပန်း ၂ ဘက်စလုံးအတွက် စဉ်းစားတာ'လို့ ခေါ်လေရဲ့။

ပြီးတော့

"ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူတွေက သာမန်လူတွေထက် တွေးခေါ်စဉ်းစားရာမှာ ပိုညက်ညောသိမ်မွေ့တာကလား။ ဥပမာ စိတ်ချလုံခြုံရေးအတွက် စဉ်းစားတာချင်းအတူတူ ချမ်းသာသူတွေက စွန့်စားမှုတွေ ပိုလုပ်တယ်။ အကြွေး ပိုခံတယ်။ သာမန်လူတွေက ဈေးကွက်ပြိုပျက်တာကို ကြိုပြီး,ကျော်ပြီး ကြည့်တယ်။ ဒီလိုနှင့် တစ်ဦးက ပိုဆင်းရဲသွားပေမယ့် တစ်ဦးက ပိုချမ်းသာသွားတာပဲ"လို့ ပြောခဲ့သေးတယ်။

ဒီတော့ ဒီစာအုပ်ကိုဖတ်ရာမှာ တွေးခေါ်စဉ်းစားမှုတွေရဲ့ ဆန့်ကျင်မှု (ဝါ) ဝိရောဓိဖြစ်ပုံတွေကို သတိပြုထားပါ။

သူဌေးဖေဖေရဲ့ အဆိုအမိန့်အရ

"ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူက ဒင်္ဂါး ၂ ဘက်စလုံးကို မျက်ခြည်မပြတ် သတိဝီရိယနှင့် စောင့်ကြည့်တယ်။ သာမန်ရင်းနှီးမြှုပ်နှံသူကတော့ တစ်ဘက်တည်းကိုသာ မြင်တယ်။ တစ်ဘက်သာမြင်တော့ တစ်ဘက်ကန်းရာက အစွမ်းအစမဲ့သွားကြသလို၊ သာမန်ဘဝက မတက်နိုင်တော့ဘူးပေါ့။ ချမ်းသာတဲ့လူကတော့ ၂ဘက်မြင်တာမို့ အန္တရာယ်လည်း ရှောင်နိုင်တယ်။ ပိုချမ်းသာအောင်လည်း လုပ်နိုင်တယ်" လို့ သိရပါတယ်။


mgyoe.com

SAMPLE BOOK

# သာမန် ရင်းနှီး မြှုပ်နှံသူ အဖြစ် ထက် သာချင်ရင်

ဒီအုပ်စုက ရင်းနှီးမြှုပ်နှံမှု ပညာပေးထက်သာသလို လမ်းညွှန်အကြံပေးချက်တွေနှင့် လျှပ်တစ်ပြက် မျက်လှည့်ပြတဲ့ပုံသေနည်းတွေနှင့်လည်း ဘာဆိုဘာမျှ မဆိုင်ပါဘူး။

ဒီစာအုပ်ရေးတဲ့ အဓိကရည်ရွယ်ချက်ကိုက ရင်းနှီးမြှုပ်နှံမှုပညာရပ်မှာ ခြားနားတဲ့အမြင်တွေ ပေးဖို့ဖြစ်ပါတယ်။

ကျွန်တော် ဗီယက်နမ်ကပြန်လာတဲ့ ၁၉၇၃ ခုနှစ်ခုကတည်းက ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဖြစ်ဖို့ ပြင်ဆင်မှုတွေ အစပျိုးခဲ့မိပါတယ်။

အဲ့ဒီတုန်းက ပင်လယ်ကမ်းခြေသောင်ပြင်မှာရုပ်ရင်း သူဌေးဖေဖေနှင့် ကျွန်တော်ရဲ့ဆင်းရဲဖေဖေတို့ ငွေတွေ ဘယ်လောက် ကွဲကွဲပြားပြားသိမြင်ခဲ့တယ် ဆိုရမှာပါပဲ။

ပထမဆုံး စတွေ့ခဲ့တဲ့ ခြားနားချက်ကတော့ သာမန်ရင်းနှီးမြှုပ်နှံသူထက် အဆပေါင်းများစွာသာတဲ့ စိတ်ဆန္ဒပြင်းပြမှုပဲ ဖြစ်ပါတယ်။

စိတ်တန်ခိုးဆိုတာ အလွန်ကြီးမားပါတယ်။

ခင်ဗျားမှာ ချမ်းသာတဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ချင်တဲ့ ဆန္ဒပြင်းပြမှု တကယ်ရှိတယ်ဆိုရင်တော့ ဒီစာအုပ်ကို ဆက်ဖတ်ပါ။ နောက်တစ်မျက်နှာကိုသာ လှန်လိုက်ပါတော့။


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

m·gyoe.com SAMPLE BOOK



# အပိုင်း ၁

## ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဖြစ်ဖို့ စိတ်ပိုင်းဆိုင်ရာအံ့ရ အသင့်ပြင်ထားပြီးပြီလား

mgyoe.com

အခန်း ॥ ၁ ॥

ဘာတွေ ရင်း
နှီးမြှုပ်နှံ
ရမှာလဲ

၁၉၇၃ ခုနှစ်မှာ ကျွန်တော်ဟာ ဗီယက်နမ်ကနေ မိခင်နိုင်ငံကို ပြန်လာခဲ့ပါတယ်။ အရှေ့ဘက်ကမ်းရိုးတန်းမှာ နေရတာထက် အိမ်နှင့်နီးတဲ့ ဟာဝိုင်ယီက အခြေစိုက်စခန်းကို ပြောင်းခဲ့ရတာ ကျွန်တော့်အတွက် ကံကောင်းတယ်လို့ ခံစားမိပါတယ်။

မရင်းတပ်လေဆိပ်စခန်းမှာ အထိုင်ချပြီးတဲ့နောက် ငယ်သူချင်းမိုက်ကို ဖုန်းခေါ်ရာက သူ့ဌေးဖေဖေနှင့်အတူ ၃ ယောက်သား စနေနေ့မှာ နေ့လယ်စာ စားဖို့ ချိန်းလိုက်ကြတာပါပဲ။

မိုက်က သူ့ရဲ့ မှန်ခန်းတပ်ဇိမ်ခံကားကြီးနှင့် ကျွန်တော့်ရဲ့ လူပျိုအရာရှိ ရိပ်သာပြာမှိုင်းမှိုင်းရှေ့မှာ လာကြိုရာက ၁၉၆၅ ခုနှစ် အထက်တန်းကျောင်းက အတူအောင်ခဲ့ကြတဲ့နောက် ဘဝချင်းကွာသွားကြပါလားဆိုတာ နားလည်လိုက်ရပါတယ်။

မိုက်အိမ်ကလည်း ပျံလန်နေတာပါပဲ။ မြေကလည်း သန်းပေါင်းများစွာ တန်ဦးမယ်။

အိမ်ဘေးမှာ ရေကူးကန်နှင့်။ ပန်းအိုးနှင့်စိုက်ထားတဲ့ ပန်းပင်သစ်ပင်တွေက စိမ်းစိမ်းစိုစို ဝိုင်းရံလို့။

အိမ်ရှေ့မှာတော့ သဲသောင်ပြင်ကြီးနှင့် ကမ်းခြေကို အရောင်တဖျပ်ဖျပ် တောက်နေတဲ့ လှိုင်းတွန့်လေးတွေ ရိုက်ခတ်လာတဲ့ ပစိဖိတ်ပင်လယ်ပြာကြီး။



mgyoe.com

mgyoe.com SAMPLE BOOK

အိမ်အဝင်ခန်းမှာ မာဘယ်ကျောက်ပြားတွေ ခင်းထားသလို အိမ်ထဲမှာတော့ လှပတဲ့ ရောင်စုံပါရှားကော်ဇောကြီးတွေ အပြည့်ခင်းထားတယ်လေ။

အိမ်ထောင်ပရိဘောဂ ဆိုတာလည်း အဖိုးတန်အကောင်းစားတွေဆိုတော့ တစ်အိမ်လုံး ကျက်သရေရှိလိုက်တာ မပြောပါနှင့်တော့။

ဟာဝိုင်ယီရဲ့ လူနေမှုအဆင့်အတန်းကို အသစ်နှင့် အဟောင်း ပေါင်းစပ်ထားပုံကလည်း စွဲမက်လောက်ပါရဲ့။

ဒီကြားထဲက နတ်သမီးလေးလိုလှတဲ့ ဇနီးနှင့် အရုပ်ကလေးလို ချစ်စရာ ၇ လအရွယ် သားငယ်လေးလည်း ရထားလိုက်သေး။

ဗီယက်နမ်မှာ အရက်သမား ၃ ယောက်နှင့် ဘားတိုက်တစ်ခန်းတည်း နေခဲ့ရတဲ့ ကျွန်တော့်ဘဝနှင့်တော့ မိုးနှင့်မြေ၊ ဆီနှင့်ရေ။

ခု နောက်တန်းကို ပြန်ရောက်တဲ့တိုင်အောင်လည်း ရှေ့အဖို့ တပ်ထဲက အတိုင်း အသားညှပ်ပေါင်မုန့်နှင့် ဟင်းချိုနှင့်သာ ၂ ပါးသွားရမယ့်ကိန်း။

ဒါပေမယ့် လောလောဆယ် မိုက်ရဲ့ထမင်းစားပွဲမှာ သူဌေးဖေဖေ၊ မိုက်ရဲ့ ဇနီးကော်နီတို့နှင့်အတူ ဝိုင်းထိုင်ပြီး ရှယ်ဆိုတဲ့ အစားအသောက်တွေ မြိန်ရည်ယှက်ရေ စားရင်းက ရှေးဟောင်းနှောင်းဖြစ်တွေ ပျော်ပျော်ပါးပါးပြောနေမိကြပါပြီ။

အဲ့ဒီနောက် သူဌေးဖေဖေက

"မိုက်ဟာ သူ့စီးပွားရေးလုပ်ငန်းက အမြတ်တွေနှင့် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး အောင်မြင်ခဲ့တာတွေ၊ ၂ နှစ်အတွင်းမှာ ငါ ပထမ အနှစ် ၂၀ လောက် လုပ်ခဲ့တာထက်သာအောင် ငွေတွေ တစ်ပုံကြီးရခဲ့တယ် ဆိုပါတော့။ ဒါဟာ 'ပထမဆုံး ငွေ ၁သန်းကိုရဖို့သာ အခက်ဆုံး'လို့ ပြောခဲ့တဲ့စကားမှာ အမှန်တရားတွေ အများကြီးပါတယ်ဆိုတာ သက်သေထူလိုက်တာပဲ"

"လုပ်ငန်းက အတော့်ကိုကောင်းတာပဲနော်"

"အေးလေ။ ဘိုးရင်း ၄၇၄ အသစ်တွေက ကမ္ဘာတစ်ဝှမ်းလုံးက ကမ္ဘာလှည့်ခရီးသည်တွေကို ဟာဝိုင်ယီသယ်လာတာဆိုတော့ ကောင်းပြီလားကွာ။ ဒါပေမယ့် တို့ရဲ့ တကယ့်အောင်မြင်မှုက စီးပွားရေးလုပ်ငန်းထက် တို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေက ရတာကွ"

"ဂုဏ်ယူပါတယ် သူငယ်ချင်း။ မင်း တကယ်တော်တယ်"


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က မိုက်ကို ချီးမွမ်းလိုက်တော့ မိုက်က ခုလိုပြန်ပြောပါတယ်။

"ကျေးဇူးပါပဲကွာ။ တစ်ခုတော့ ရှိတယ်။ ခုလိုဖြစ်လာတာ ငါတစ်ယောက်တည်းက ဂုဏ်ယူလို့မရဘူးကွ။ အဓိကကတော့ ငါ့ဖေဖေရဲ့ ရင်းနှီးမြှုပ်နှံမှု ဖော်မြူလာက တကယ့်ကို အလုပ်ဖြစ်လို့ပါ။ စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုတွေမှာ ဖေဖေ သင်ပေးတဲ့အတိုင်း အတိအကျလိုက်လုပ်ခဲ့တာကြောင့်ပါ သူငယ်ချင်း"

"ဒါကြောင့်လည်း မင်း ထိုက်ထိုက်တန်တန်ဆု ရတာပေါ့ကွာ။ တို့မြို့က အချမ်းသာဆုံးရပ်ကွက်မှာ ခုလို မင်းလာနေရတာ ငါ ယုံတောင်မယုံနိုင်ဘူး။ ဒါ့ထက် မင်းမှတ်မိသေးလား။ တို့ငယ်ငယ်တုန်းက ဆင်းရဲသားချာတိတ်လေးတွေအဖြစ်နှင့် လျှောစီးပြားကြီးတွေကိုင်ပြီး သူဌေးအိမ်တွေကြားကနေ ကမ်းစပ်ကို ပြေးဆင်းခဲ့ကြတာလေ"

မိုက်က ရယ်တယ်လေ။

"ဟာ။ ဘယ်မေ့ပါ့မလဲကွာ။ ဒီ့အပြင် သူဌေးဆိုတဲ့အဘိုးကြီးတွေက တို့ကို လိုက်မောင်းတာတောင် မှတ်မိသေးတယ်။ ခုတော့ ငါကိုယ်တိုင် အဲ့ဒီလို ချာတိတ်တွေကို လိုက်မောင်းထုတ်ရတဲ့ဘဝ ရောက်နေပြီ။ မင်းတို့ ငါတို့ဘဝတွေ ဒီလိုနေရမယ်လို့ ဘယ်သူကထင်"

မိုက်က ပြောလက်စက သူ့စကား ဘယ်ရောက်သွားမှန်းဆင်ခြင်မိလိုက်သလို ဖြုန်းခနဲရပ်လိုက်ပါတယ်။ သူ သူဌေးစည်းစိမ်စံစားနေချိန်မှာ ကျွန်တော်က ကျွန်းတစ်ဘက်ခြမ်းက မွဲတေနေတဲ့စစ်တန်းလျားထဲ ရောက်နေရတာကိုး။

"ဆောရီးကွာ။ ငါက မင်းကို ထိခိုက်အောင်ပြောချင်တဲ့ ရည်ရွယ်ချက် မရှိပါဘူး"

"မင်းနှင့် ငါ့ကြားမှာ ဘာမျှ တောင်းပန်စရာမလိုပါဘူး မိုက်။ မင်းအတွက် ငါ ဝမ်းသာပါတယ်။ မင်း အောင်မြင်တာ ချမ်းသာတွေကြည့်ပြီး ပီတိဖြစ်လို့မဆုံးတာ အမှန်ပဲ။ မင်းက လုပ်ငန်းကျွမ်းကျင်အောင် အချိန်ယူသင်ခဲ့တဲ့အကျိုးကို ခံစားရတာ မဟုတ်လား။ အေး။ ငါလည်း နှစ်စေ့တာနှင့် မရိမ်းတပ်က ထွက်ပြီး အပြင်စီးပွားရေးလုပ်ဖို့ ကြံထားပါတယ်ကွ"

ကျွန်တော်နှင့် မိုက်တို့ကြားမှ အနေရခက်အောင် တင်းမာနေမှုများကို သိနားလည်လိုက်တဲ့သူဌေးဖေဖေက ကြားဖြတ်ပြောလိုက်ပါတယ်။


mgyoe.com

SAMPLE BOOK

"စင်စစ်တော့ မိုက်က ငါ့ထက်သာအောင် အစွမ်းပြခဲ့တာပဲ။ ငါ သူ့အတွက် ဂုဏ်ယူတယ်။ ငါ့သားနှင့် သူ့မိန်းမ ၂ ယောက်စလုံး တော်တယ်ကွ။ သူတို့လင်မယားက တကယ်ညီလက်ညီတာမို့လည်း ဒီအခြေအနေ ရောက်တာပေါ့။ အခုဆိုရင် မင်း စစ်ထဲကပြန်ရောက်လာသလို မင်း အလှည့်ရောက်ပြီဆိုရမယ် ရောဘတ်"

**ငါ**
**မင်းတို့**
**နှင့် စပ်တူလုပ်**
**လို့ရမလား**

"ကျွန်တော် အန်ကယ်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုထဲမှာ ပါချင်ပါတယ်။ ဗီယက်နမ်မှာတုန်းက ဒေါ်လာ ၃၀၀၀ စုထားတာ ကျွန်တော့်မှာ ရှိတယ်။ စပ်တူလုပ်လို့ရမလားဟင်"

ကျွန်တော်ကမေးလိုက်တော့ သူဌေးဖေဖေက

"မင်းကို ငါ ယုံကြည်စိတ်ချရတဲ့ စတော့ပွဲစားတစ်ယောက်ရဲ့နာမည် ပြောလိုက်မယ်။ သူက မင်းကို အကြံကောင်း, ဉာဏ်ကောင်းတွေပေးနိုင်သလို၊ ကော်ပေါက် ၁ ခု, ၂ ခုတောင် ပြလိုက်လိမ့်ဦးမယ်"

"မဟုတ်ဘူးလေ။ ဒီလိုမဟုတ်ပါဘူး။ ကျွန်တော်က အန်ကယ်တို့ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့ လုပ်ငန်းထဲမှာ ဝင်ပါချင်တာပါ။ ငွေပွဲစားဆီ မသွားချင်ပါဘူး"

တစ်ခန်းလုံး ငြိမ်ကျသွားပါတယ်။

သူဌေးဖေဖေနှင့် မိုက်တို့က ချက်ချင်းအဖြေမပေးသေးဘဲ အကြာကြီး စဉ်းစားနေပုံနှင့် နှုတ်ဆိတ်နေကြဆဲ။

တိတ်ဆိတ်မှုက တင်းမာလာပါတယ်။

"ကျွန်တော်ပြောတာ ဘာမှားများမှားသွားလို့လဲ"

ဒီတော့ မိုက်က

"မမှားပါဘူးကွာ။ ဖေဖေနှင့် ငါက စီမံကိန်းအသစ်တွေ အများကြီးမှာ ငွေရင်းငွေနှီးတွေ ထုတ်ထားတာပါ။ တကယ့် စိတ်လှုပ်ရှားစရာ ကောင်းတဲ့ အလုပ်


mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ပါပဲ။ ဒါပေမယ့် မင်းက စတော့ပွဲစားနှင့် အရင်ဆုံးသွားတွေ့ပြီး သူနှင့် ရင်းနှီးမြှုပ်နှံမှု စ,လုပ်ကြည့်တာ အကောင်းဆုံးလို့ ငါ ထင်တယ်"

"ငါ နားမလည်တော့ဘူးကွာ။ မင်းတို့ လုပ်ငန်းတွေတည်ထောင်နေတုန်း ငါ တောက်လျှောက်ပါနေခဲ့တဲ့ဥစ္စာ။ မင်းအဖေပြောလို့ ငါ ကောလိပ်တက်ခဲ့တယ်။ ပြီးတော့ တိုင်းပြည်အတွက် အသက်စွန့်တိုက်ပွဲဝင်ခဲ့တယ်။ နောက်ဆုံး ရင်းနှီးဖို့ ငွေနည်းနည်း ရလာတယ်။ ဒါကို မင်းတို့လက်မခံဘူးဆိုတာ ဘယ်လိုမှ နားမလည်နိုင်အောင်ပဲ။ မင်းတို့ ဘာဖြစ်လို့ တာဝန်မယူချင်တာလဲ။ ငါ့ကို မွဲတေနေစေချင်လို့လား။ ဒါမှမဟုတ် တမင် ပ,ထားတာလား။ ငါချမ်းသာတာ မင်းတို့မမြင်ချင်ဘူး ထင်ပါရဲ့"

"မင်းပြောတာတွေ တစ်ခုမှမဟုတ်ဘူး ရောဘတ်။ ဒါပေမယ့် မင်းနှင့် ငါတို့ လောလောဆယ် လက်တွဲလို့ မရသေးလို့ပါ"

သူ့ဒွေးဖေဖေက မိုက်စကားကို ထောက်ခံတဲ့အနေဖြင့် ဖြည်းဖြည်းလေးလေး ခေါင်းညိတ်ပြရင်းက

"တကယ်တော့ တို့နှင့်အတူ မင်းရှယ်ယာဝင်လာတာ သိပ်ကြိုက်တာပေါ့ကွာ။ ဒါပေမယ့် စည်းကမ်းဥပဒေနှင့် ဆန့်ကျင်နေလို့"

"ဗျာ။ တရားဥပဒေနှင့် ဆန့်ကျင်တာကို အန်ကယ်တို့လုပ်နေတယ်။ ဟုတ်လား"

"အာ။ မင်းကလည်း ပြောတော့မယ်။ မဟုတ်တရုတ်တွေ။ တို့က တရားမဝင်တဲ့အလုပ်တွေ လုပ်ပါ့မလားကွ။ ဥပဒေနှင့် ဆန့်ကျင်တာတွေလုပ်ပြီး အမြန်ချမ်းသာအောင် လုပ်ဖို့လွယ်သလောက် လက်ထိပ်နှင့်ထောင်ပေါက် နီးနီးလေးဆိုတာလည်း သိတယ်။ တို့က ဥပဒေဘောင်ထဲမှာ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားနေတာပါ။ တို့ပြောတာက မင်း ငါတို့နှင့်ပေါင်းပြီး ရင်းနှီးမြှုပ်နှံမှု လုပ်လို့ ဥပဒေအရ မရသေးဘူးဆိုတဲ့အဓိပ္ပာယ်"

"အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီးပွားရေးကော်မရှင်(SEC)က ပြဋ္ဌာန်းခဲ့တဲ့ စည်းကမ်းချက်ပဲ။ ၁၉၃၀ ပြည့်နှစ်က ဂျိုးဇက်ကနေဒီက ညွှန်ကြားခဲ့တာပေါ့။ သူက ကွယ်လွန်သူသမ္မတဟောင်း ဂျွန်ကနေဒီရဲ့ အဖေလေ"


mgyoe.com

SAMPLE BOOK

"ဒီဥပဒေထုတ်ရတဲ့ အကြောင်းကကော"

ကျွန်တော်မေးလိုက်တော့ သူဌေးဖေဖေက ရယ်ပြီး

"အမှန်က ငွေအရောင်းအဝယ်လုပ်စားသူတွေ, စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ, ပွဲစားတွေ, ရင်းနှီးမြှုပ်နှံသူတွေအပါအဝင် ဝိသမလောဘသားတွေရဲ့ အန္တရာယ်က အများပြည်သူတွေကို အကာအကွယ်ပေးဖို့ပါ။ လက်တွေ့ကျတော့ အများပြည်သူတွေကို ဆိုးဝါးတဲ့ရင်းနှီးမြှုပ်နှံမှုက ကာကွယ်ပေးတာနှင့် တစ်ပြိုင်တည်းမှာ အကျိုးရှိမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို ပိတ်ပင်တားဆီးလိုက်သလို ဖြစ်သွားတာပဲ"

မိုက်ကလည်း ဝင်ပြောပါတယ်။

"စည်းကမ်းသတ်မှတ်ချက်က ဆင်းရဲသားတွေ, လူလတ်တန်းစားတွေ ဆုံးရှုံးနစ်နာမှုမရှိအောင် ရည်ရွယ်တာမှန်တယ်။ ဒါပေမယ့် အကျိုးသက်ရောက်မှုက ပိုက်ဆံမရှိတဲ့လူတွေဟာ ချမ်းသာအောင်လုပ်ပေးနိုင်တဲ့ ရင်းနှီးမြှုပ်မှုတွေ လုပ်ခွင့်မရဘဲ ဆင်းရဲမြဲဆင်းရဲရပြီး၊ ချမ်းသာတဲ့လူတွေသာ ချမ်းသာသထက် ချမ်းသာကုန်ကြရတော့တာပေါ့"

တစ်ဆက်တည်းမှာ သူတို့လက်ရှိလုပ်ကိုင်နေကြတဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အစုတစ်စုဟာ အနည်းဆုံး ၃၅၀၀၀ ရှိနေတဲ့အကြောင်း ရှင်းပြတယ်။

သွားပါပြီ။ ကျွန်တော် မရိမ်းတပ်မှာ အမှုထမ်းခဲ့တာဟာ ၁ နှစ်မှ ဒေါ်လာ ၁၂၀၀၀ ပဲ ရတာကိုး။ ဒါတောင် လေယာဉ်ပျံသန်းကြေး, တိုက်ပွဲဝင်ကြေးတွေ မပါသေးပါဘူး။ ခု ဟာဝိုင်ယီပြန်ရောက်လို့ ရှားပါးစရိတ် အပိုဆောင်းပေးတဲ့ တိုင်အောင် ၂၀၀၀၀ ကျော်မှာ မဟုတ်ပါဘူး။ ဒီတော့ သူတို့ပြောတဲ့ အစုတစ်စု ထည့်ဝင်ဖို့ဆိုတာ ဝေးပါလေရော။

ပြီးတော့ သူဌေးဖေဖေက ဆက်ရှင်းပြရာမှာ ရင်းနှီးမြှုပ်နှံသူ ၅ မျိုး ခွဲထားတာတဲ့။

အစိုးရအသိအမှတ်ပြု ရင်းနှီးမြှုပ်နှံသူ

တန်းဝင်တဲ့ ရင်းနှီးမြှုပ်နှံသူ

ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူ

အတွင်းလူဖြစ်တဲ့ ရင်းနှီးမြှုပ်နှံသူ

အမြင့်ဆုံး, အများဆုံး ရင်းနှီးမြှုပ်နှံသူရယ်လို့ အဆင့်ဆင့် ရှိပါသတဲ့။


mgyee.com

mgyoe.com SAMPLE BOOK

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ငွေပြည့်အောင် ဖြည့်ပေးလို့ မရဘူးလား။ ရတဲ့အမြတ်ကို အချိုးကျ ခွဲယူပါ့မယ်"

"ရတယ်။ ဒါပေမယ့် အန်ကယ်မပေးချင်ဘူး။ အထူးသဖြင့် မင်းအတွက် လုပ်မပေးချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ ငွေကြေးစီးပွားရေးနှင့် ပတ်သက်တဲ့ပညာတွေ အထိုက်အလျောက်ရှိပြီးသား ဖြစ်လို့ပဲ။ မင်းအနေနှင့် အသိအမှတ်ပြု ရင်းနှီးမြှုပ်နှံသူထက်သာအောင် လုပ်နိုင်တယ်။ မင်းဆန္ဒရှိမယ်ဆိုရင် လည်လည်ဝယ်ဝယ် ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက်တောင် ဖြစ်လာဦးမယ်"

"အသိအမှတ်ပြု ရင်းနှီးမြှုပ်နှံသူနှင့် ကျွမ်းကျင်တဲ့ရင်းနှီးမြှုပ်နှံသူ။ ဟုတ်လား။ သူတို့ကြားမှာ ဘယ်လိုကွာသွားပါလိမ့်"

"အသိအမှတ်ပြု ရင်းနှီးမြှုပ်နှံသူဆိုတာ ငွေပိုငွေလျှံတွေ ရှိတဲ့လူပဲ။ တစ်ခါတစ်ရံ သူတို့လိုလူစားကို 'တန်းဝင်တဲ့ရင်းနှီးမြှုပ်နှံသူ' ရယ်လို့လည်း ခေါ်တယ်။ ဒါပေမယ့် ငွေရှိရုံတစ်ခုတည်းနှင့် 'ကျွမ်းကျင်တဲ့ရင်းနှီးမြှုပ်နှံသူ' မဖြစ်နိုင်တာ အမှန်ပဲ။ မနေ့က သတင်းစာထဲ ဖတ်ကြည့်ရင် ဟောလိဝုဒ်က ရုပ်ရှင်သရုပ်ဆောင်တစ်ယောက် ရင်းနှီးမြှုပ်နှံမှုတစ်ခုမှာ ဒေါ်လာသိန်းနှင့်ချီပြီး ဆုံးရှုံးသွားတာ တွေ့ရလိမ့်မယ်"

"ဟုတ်ကဲ့။ မျက်နှာဖုံးကကို ပါလာတာပဲ။ ဒေါ်လာတွေ သန်းချီကုန်သွားရုံမကဘူး။ သူ့ မဆောင်ခဲ့တဲ့ ဝင်ငွေခွန်တွေပါ ထပ်ပေးရဦးမယ်ဆိုလား"

"အေးလေကွာ။ သူ့လိုပဲ ဝင်ငွေကောင်းတဲ့ဆရာဝန်တွေ, ရှေ့နေတွေ, ရော့ခ်အဆိုကျော်တွေ, ကြေးစားအားကစားသမားတွေဟာလည်း ရင်းနှီးမြှုပ်နှံမှုများရာက အချိုကြီးထိကုန်ကြတာ မနည်းဘူးသူငယ်ချင်းရ။ သူတို့ခမျာ ငွေရှိတာကလွဲလို့ ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ နားမှမလည်ကြဘဲ။ လုံခြုံစိတ်ချရအောင် မလုပ်နိုင်ကြသလို အမြတ်ကြီးအောင် ဘယ်လိုလုပ်ရမယ်ဆိုတာမျှ မသိကြတာ။ သူတို့က သာမန်ရင်းနှီးမြှုပ်နှံမှုမျိုးကို ရိုးရိုးသန့်သန့်လေးပဲ လုပ်ကြတယ်။ တစ်နည်းအားဖြင့် အတိုင်ပင်ခံငွေကြေးမန်နေဂျာ ဆရာကြီးတွေကို ငှားကြတာကိုး"


mgyoe.com

SAMPLE BOOK

"ဒါဖြင့် ကျွမ်းကျင်ပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူဆိုတာကို အဓိပ္ပာယ်ဖွင့်ပေးပါဦး"

မိုက်ကို ပြန်မေးလိုက်တဲ့အခါ သူဌေးဖေဖေက ခေါင်းတညိတ်ညိတ်နှင့် ဝင်ဖြေလေရဲ့။

"ပါးနပ်ကျွမ်းကျင်မှုရှိတဲ့ ရင်းနှီးမြှုပ်နှံသူဆိုတာ E ၃လုံးကို သိတဲ့လူတွေပဲပေါ့"လို့ပြောပြီး စာရွက်လွတ်တစ်ရွက်မှာ ရေးပြတယ်။

၁။ တတ်သိပညာရှိခြင်း(Education)

၂။ အတွေ့အကြုံကြွယ်ဝခြင်း(Experience)

၃။ ငွေပိုငွေလျှံတွေ အမြောက်အမြားရှိခြင်း(Excessive Cash)

"ဒီ ၃ ချက်နှင့်ပြည့်စုံရင် မင်းဟာ ကျွမ်းကျင်ပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ပြီ"

"ဒါဆို ခုန ရုပ်ရှင်သရုပ်ဆောင်ဟာ ငွေတွေ အရမ်းချမ်းသာပေမယ့် ပထမ ၂ ချက်အားနည်းလို့ ခံလိုက်ရတာ ဆိုပါတော့"

"အမှန်ပဲ။ မင်းဆိုရင် အခု စီးပွားရေးပညာ ထိုက်သင့်သလောက် နားလည်ထားတယ်။ အတွေ့အကြုံကတော့ လုပ်ရင်းကိုင်ရင်း ရလာနိုင်တယ်။ ဒါပေမယ့် ရင်းနှီးငွေ အလုံအလောက်မရှိဘူး။ အဲဒါ မင်းကြံရည်ဖန်ရည်နှင့် ရအောင်ရှာရလိမ့်မယ်"

ဒီနောက်တော့ ကျွန်တော်တို့ ၃ ဦးသား ရေဖန်ခွက်ကိုမြှောက်ပြီး တိုင်တည်ဆုတောင်းလိုက်ပါသည်။

"ရောဘတ် ငွေတွေလျှံနေအောင်ရရေးအတွက်"

သူဌေးဖေဖေကလည်း

"ပြီးတော့ နိုင်ငံတော်ကအသိအမှတ်ပြုရတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဖြစ်ပါစေ"

ကျွန်တော်ကလည်း ကြိတ်၍ ဆုတောင်းလိုက်မိ၏။

'အသိအမှတ်ပြု ရင်းနှီးမြှုပ်နှံသူနှင့် ငွေပိုငွေလျှံတွေအများကြီးရပါစေ'

ထိုစကားလုံးများ ဦးနှောက်အတွင်း ပဲ့တင်ထပ်ပြီး ဝဲလည် လှည့်နေသည်နှင့်ပင် ကျွန်တော့်အဖို့ ပီတိဖြစ်လို့ မဆုံးတော့ပါ။


mgyoe.com

 mgyoe.com SAMPLE BOOK 

အနှစ်
၂၀ကြာ
ပြီးနောက်

၁၉၉၃ ခုနှစ်ကျတော့ သူဌေးဖေဖေရဲ့ ချမ်းသာကြွယ်ဝမှုဟာ သူ့သားသမီးတွေ, မြေးတွေ, သူတို့ရဲ့ အနာဂတ်မျိုးဆက်သစ်တွေ အထိတောင် ဖြန့်ဝေပေးနိုင်တဲ့အခြေအနေ။

နောက် အနှစ် ၁၀၀၊ တစ်နည်းအားဖြင့် သူ့အမွေခံသားမြေးတွေအဖို့ ငွေအတွက် သောကရောက်စရာ မရှိတော့ပါဘူး။

မိုက်ဆိုရင် လုပ်ငန်းတွေက အရင်းအမြစ်ကျတဲ့ပိုင်ဆိုင်မှုတွေ လက်ဝယ်ရှိထားသလို၊ တစ်ပြားမျှမရှိတဲ့အချိန်က သူဌေးဖေဖေထူထောင်ပေးခဲ့တဲ့ စီးပွားရေးအင်ပါယာတစ်ခုကို အုံမခန်းကြီးထွားအောင်လည်း ထိန်းပေးနိုင်ခဲ့ပါပြီ။

ဒီဖြစ်စဉ်ကို အစအဆုံး မျက်ဝါးထင်ထင် ကျွန်တော် မြင်သိခဲ့ရတာပဲလေ။

ကျွန်တော်ကိုယ်တိုင်ရဲ့ ဘဝကို ၁၀ နှစ်အတွင်း တည်ဆောက်ရင် ဖြစ်နိုင်တယ်ဆိုတဲ့ အသိတရားကိုရဖို့ အနှစ် ၂၀ လောက် အချိန်ယူခဲ့ရတယ်ဆိုပါတော့။

"ပထမ ၁ သန်းကို ရှာဖို့ဟာ အခက်ခဲဆုံးပဲ"ဆိုတဲ့ဆိုစကားထဲမှာ အမှန်တစ်ဝက်ပဲ ပါပါတယ်။

ပြောင်းပြန်ပြောရရင် အဲ့ဒီငွေ ၁ သန်းကို ထိန်းသိမ်းပြီးအလုပ်လုပ်ခိုင်းဖို့က ပိုခက်တယ်ဆိုတာ ကျွန်တော်တွေ့ခဲ့ရတော့တာပဲ။

ဘာပဲပြောပြော၊ အခု အသက် ၄၇ နှစ် (၁၉၉၄ ခုနှစ်)မှာ ကျွန်တော် အငြိမ်းစားယူနိုင်ခဲ့ပြီး ချမ်းမြေ့ပျော်ရွှင်တဲ့ဘဝနှင့်နေနိုင်လောက်အောင် လက်ဖျားငွေသီးခဲ့ပါပြီ။

အငြိမ်းစားနေနိုင်တာလောက်နှင့် စိတ်လှုပ်ရှားခဲ့တာ မဟုတ်ပါဘူး။

'အသိအမှတ်ပြု ရင်းနှီးမြှုပ်နှံသူ'တစ်ယောက် ဖြစ်ခဲ့ရတာကြောင့်သာ စိတ်လှုပ်ရှားခဲ့ရတာ ဆိုရပါလိမ့်မယ်။

သူဌေးဖေဖေ, မိုက်တို့နှင့် တန်းတူရင်းနှီးမြှုပ်နှံနိုင်တဲ့အဆင့်ကို ရောက်ခဲ့သလို၊ ရည်မှန်းတဲ့ပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့ပြီပဲ မဟုတ်ပါလား။


mgyoe.com

စင်စစ်တော့ ၁၉၇၃ ခုနှစ်က ကျွန်တော်ဟာ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေထဲ ဝင်ပါနိုင်လောက်အောင် ငွေကြေးမချမ်းသာသေးဘူးလို့ သူဌေးဖေဖေနှင့် မိုက်တို့ ပြောခဲ့တဲ့စကားက ကျွန်တော့်စိတ်ကို ဆွပေးပြီး ဘဝပြောင်းအောင် လုပ်ခဲ့တာပဲပေါ့။

စပ်မိလို့ပြောရရင်တော့ 'ငွေပိုငွေလျှံရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေနှင့် လူရည်လည်ပြီး ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေ' လုပ်ကြတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ၈ မျိုးလောက် ရှိပါတယ်။

၁။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ

၂။ အိမ်ခြံမြေစုပေါင်းလုပ်ကိုင်မှုနှင့် အစုစပ်လုပ်ငန်းများ

၃။ အများဆိုင်မဖြစ်ခင် တည်ထောင်စလုပ်ငန်းသစ်များ

၄။ အများဆိုင်လုပ်ငန်းများ

၅။ အောင်မြင်မှုအလားအလာကောင်းသော စီးပွားရေးလုပ်ငန်းများ

၆။ စုပေါင်းစပ်ပေါင်းကုမ္ပဏီလုပ်ငန်းများ

၇။ ကုမ္ပဏီသစ်များအတွက် ထုတ်ချေးငွေလုပ်ငန်းများ

၈။ ကြိုးထိုးငွေများ၊ (ဝါ) အရှင်ကစားသော စတော့ရှယ်ယာလုပ်ငန်းများ

သာမန်ရင်းနှီးမြှုပ်နှံသူများအဖို့ ဒီလုပ်ငန်းတွေဟာ အကြီးအကျယ်စွန့်စားရာရောက်နေပါတယ်။ အဲ့ဒီ ရင်းနှီးမြှုပ်နှံမှုတွေကိုယ်၌က စွန့်စားရတဲ့သဘောတွေပါနေသလို သာမန်လူတွေကလည်း စီးပွားပညာ,အတွေ့အကြုံ,ငွေအလုံအလောက်ရှိမှုတွေ နည်းပါးနေတာကြောင့်မို့ပါပဲ။

ခုလို နားလည်လာပြန်တော့ အရည်အချင်းမပြည့်တဲ့ ရင်းနှီးမြှုပ်နှံသူတွေကို အဲ့ဒီလိုရင်းနှီးမြှုပ်နှံမှုတွေက တားမြစ်ပြီးကာကွယ်ထားတဲ့ SECစီးပွားရေးကော်မရှင်ကိုတောင် ထောက်ခံချင်သလိုလို ဖြစ်လာတယ်။

ဒါကလည်း ကျွန်တော်ကိုယ်တိုင် အဲဒီလုပ်ငန်းတွေမှာ ခြေလှမ်းမှားပြီး အမှားတချို့လုပ်ခဲ့မိရာက ခံစားလိုက်ရတာကိုး။



mgyoe.com

ဒီနေ့ ပါးနပ်ကျွမ်းကျင်တဲ့ရင်းနှီးမြှုပ်နှံသူ တစ်ယောက်အနေနှင့်တော့ ကျွန်တော် အဲသလို စွန့်စားမှုတွေမှာ ရင်းနှီးမြှုပ်နှံမှု လုပ်တတ်လာပါပြီ။ ရလာမယ့် အကျိုးအမြတ်က ကြီးမားနိုင်သလို၊ စွန့်စားမှုကနည်းလာတဲ့အတွက် လူချမ်းသာတွေကလည်း သူတို့ငွေတွေကို အမှန်အကန်ရင်းနှီးမြှုပ်နှံကြတာပါပဲ။

ဆုံးရှုံးမှုအနည်းအကျဉ်းရှိပေမယ့် ကြီးမားတဲ့အမြတ်အစွန်းတွေ ရလာတဲ့ အခါ အဲ့ဒီအရှုံးတွေ ထေမိသွားပါတော့တယ်။

အရင်းပေါ်မှာ ၃၅ ရာခိုင်နှုန်းပြန်မြတ်တာဟာ ပုံမှန်သဘောဖြစ်ပေမယ့် ၁၀၀၀ ရာခိုင်နှုန်း အမြတ်ပြန်ရတယ်ဆိုရင်တော့ ထူးကဲတယ် ဆိုရမှာပါပဲ။

စင်စစ်တော့ သာမန်ရင်းနှီးမြှုပ်နှံသူတွေ လက်လှမ်းမမီနိုင်လို့လည်း ဒီလို ရင်းနှီးမြှုပ်နှံမှုတွေကို စွန့်စားရတယ်လို့ ပြောကြတာပါ။

ဒီစာအုပ်ဟာ 'ရင်းနှီးမြှုပ်နှံမှု'တွေအကြောင်း မဟုတ်ပါဘူး။ 'ရင်းနှီးမြှုပ်နှံသူ' တွေအကြောင်းသာ ဖြစ်ပါတယ်။

ဒါနှင့်အမျှ ကျွမ်းကျင်ပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဖြစ်အောင် တကယ့်အတွေ့အကြုံတွေနှင့် ပေါင်းစပ်တင်ပြထားတာဆိုလည်း မမှားပါဘူး။

၁၉၇၃ ခုနှစ်က ရင်းနှီးဖို့ ငွေ ၃၀၀၀ သာရှိခဲ့သလို စီးပွားရေးပညာလည်း မည်မည်ရရ မတတ်သေးဘဲ အတွေ့အကြုံလည်း တကယ်မရှိတဲ့ ကျွန်တော်ဟာ ၁၉၉၄ ခုနှစ်ကျတော့ ကျွမ်းကျင်ပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက် ဖြစ်ခဲ့တာ အမှန်ပါပဲ။

သူဌေးဖေဖေ လွန်ခဲ့တဲ့ အနှစ် ၂၀ က ပြောခဲ့တာကတော့

"လူချမ်းသာတွေ၊ ဆင်းရဲသားတွေ၊ လူလတ်တန်းစားတွေနေဖို့ အိမ် အစားစားရှိသလိုပဲ၊ သူတို့အဆင့်အတန်းအလိုက် ရင်းနှီးမြှုပ်နှံမှုတွေလည်း အမျိုးမျိုး ရှိတယ်။ သူဌေးတွေ ရင်းနှီးမြှုပ်နှံတာမျိုးလုပ်ချင်ရင် သူတို့ထက် ပိုချမ်းသာကြွယ်ဝဖို့ လိုတယ်။ ဒီ့အတွက် ပိုက်ဆံရှိလို့ ရင်းနှီးမြှုပ်နှံတဲ့လူ ဖြစ်ရုံသာမကဘဲ ကျွမ်းကျင် ပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက် ဖြစ်ရလိမ့်မယ်"တဲ့။

mgyoe.com

# ကျွမ်းကျင်လိမ္မာသော ရင်းနှီးမြှုပ်နှံသူဖြစ်ရေး အဆင့် ၅ ဆင့်

သူဌေးဖေဖေဟာ ကျွန်တော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေကို အဆင့် ၅ ဆင့် ခွဲပေးခဲ့ပါတယ်။

၁။ ရင်းနှီးမြှုပ်နှံသူဖြစ်ဖို့ မင်းအနေနှင့် စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုတွေ လုပ်ထားပြီးပြီလား။

၂။ ဘယ်အမျိုးအစား ရင်းနှီးမြှုပ်နှံသူ ဖြစ်ချင်သလဲ။

၃။ ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို ဘယ်လိုတည်ထောင်မလဲ။

၄။ ကျွမ်းကျင်လိမ္မာတဲ့ ရင်းနှီးမြှုပ်နှံသူဆိုတာ ဘယ်လိုလူစားလဲ။

၅။ ပြန်လှန်သုံးသပ်မှုတွေ လုပ်ပါ။

ဒီစာအုပ်က လမ်းညွှန်အနေနှင့်သာ ရေးထားတာဖြစ်ပါတယ်။ အဖြေတွေကို ထူးထူးခြားခြားထုတ်ပေးမှာ မဟုတ်ပါဘူး။ ရည်ရွယ်ချက်က မေးခွန်းတွေကို မေးတတ်အောင်သာ အကူအညီပေးပါလိမ့်မယ်။

သူဌေးဖေဖေက ပြောတယ်လေ။

"မင်းဟာ လူတစ်ယောက်ကို ကျွမ်းကျင်လိမ္မာတဲ့ ရင်းနှီးသူဖြစ်အောင် သင်ပေးနိုင်မှာ မဟုတ်ဘူးကွ။ ဒါပေမယ့် လူတစ်ယောက်ကတော့ အဲသလိုဖြစ်အောင် သင်ယူနိုင်တာပဲ။ အဲ–စက်ဘီးစီး သင်သလိုပဲပေါ့ကွာ။ စက်ဘီးစီးသင်ရာမှာ အရဲစွန့်ရတယ်။ အပြစ်တွေ,အမှားတွေ လုပ်မိတယ်။ တိကျတဲ့လမ်းညွှန်မှုတွေ လိုအပ်တယ်။ ရင်းနှီးမြှုပ်နှံမှုမှာလည်း ဒီအတိုင်း တစ်ထပ်တည်းပဲ။ မင်းမှာ စွန့်စားရဲတဲ့ ဆန္ဒမရှိရင်တော့ မသင်ချင်ဘူးလို့ပြောတာနှင့် အတူတူပဲ။ မင်း မသင်ချင်ဘူး ဆိုတဲ့နောက် ငါကလည်း သင်ပေးလို့ရမှာ မဟုတ်တော့ဘူး"

ဒီစာအုပ်ဟာ သူဌေးဖေဖေရဲ့ ကြီးပွားတိုးတက်ရေး အဆင့် ၅ ဆင့်အကြောင်း ဖြစ်ပြီး၊ ဒီအဆင့်တွေကို သူကိုယ်တိုင်ဖြတ်သန်းခဲ့သလို ကျွန်တော်လည်း လက်ရှိ

mgyee.com

ဖြတ်သန်းနေဆဲပါပဲ။ ကမ္ဘာပေါ်မှာ သုံးမကုန်လှူမခန်း ကျိုကျိုတက်ချမ်းသာကြွယ်ဝတယ်ဆိုတဲ့ သူဌေးကြီးတွေနှင့် ရင်းနှီးမြှုပ်နှံသူမှန်သမျှ အဲ့ဒီအဆင့် ၅ ဆင့်ကို ကျော်ဖြတ်ခဲ့ကြရတာပါ။

မိုက်ခရိုဆော့ဖ်တည်ထောင်တဲ့ ဘီလ်ဂိတ်, အမေရိကားမှာ အချမ်းသာဆုံး ရင်းနှီးမြှုပ်နှံသူ ဝါရင်းဘတ်ဖက်, ဂျင်နရယ်လျှပ်စစ်ကုမ္ပဏီကို အုတ်မြစ်ချခဲ့တဲ့ သောမတ်စ်အက်ဒီဆင်တို့သာမက၊ အသက် ၂၀, ၃၀ နှင့် ဘီလျံနာ ဖြစ်ခဲ့ကြတဲ့ အင်တာနက်၊ (ဝါ) ဒေါ့ကွမ်း မျိုးဆက်သစ်လူငယ်တွေဟာလည်း ဒီအဆင့် ၅ဆင့်ကို ကျော်ဖြတ်ပြီးမှသာ အောင်မြင်ရခဲ့တာ ဖြစ်ပါတယ်။

ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းသာမှုရကြတာဟာ 'စက်မှုခေတ်'က 'သတင်းနှင့် နည်းပညာခေတ်'ကို ပြောင်းလဲသွားတဲ့အချက်ရဲ့ ပြယုဂ်တစ်ခုပါပဲ။

တစ်နည်းဆိုရင် အတွေးအမြင်, အသိဉာဏ်တွေ ပိုပြီးဆန်းသစ်လာတဲ့ အခိပ္ပာယ်ပေါ့။

စာဖတ်သူအတွက် ဒီစာအုပ်က ခေတ်ဟောင်းကအတွေးအကြံတွေကို ရှုမြင်သုံးသပ်ပြီး ကြီးပွားချမ်းသာမယ့်အကြံဉာဏ်အသစ်တွေကို ဆွေးနွေးတင်ပြထားတာပါ။

ရှင်းရှင်းပြောရရင် ဒီစာအုပ်က နေ့ချင်းညချင်းချမ်းသာနည်းမဟုတ်ဘဲ ကိုယ်တိုင်လေ့လာသင်ယူပြီး ကိုယ့်အစွမ်းအစနှင့် ပေါင်းစပ်ကာ ချမ်းသာရေးလမ်းကို ဖောက်ရပါလိမ့်မယ်။

တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေနှင့် ရင်းနှီးမြှုပ်နှံသူတွေနှင့် ပခုံးချင်းယှဉ်နိုင်ရုံမက သူတို့ထက်သာအောင်တောင် အကူအညီပေးဖို့ ရည်ရွယ်ပါတယ်။

ဘာပဲဖြစ်ဖြစ် အဓိကအကျဆုံးကတော့ စာဖတ်သူ ကိုယ်တိုင်ပါပဲ။

စီးပွားပညာခေတ် တော်လှန်ရေးကြီးမှာ သင်ကော တစ်ပိုင်းတစ်စ တစ်ကဏ္ဍအနေဖြင့် ပါဝင်လိုတဲ့ဆန္ဒ မရှိပေဘူးလား။

သူဌေးဖေဖေ ပြောဖူးတယ်။

"ငွေဆိုတာ မင်းလိုချင်တဲ့ပုံစံ သွင်းလို့ရတယ်"တဲ့။



mgyoe.com

SAMPLE BOOK

သူပြောတဲ့အဓိပ္ပာယ်က ငွေဟာ ကျွန်တော်တို့ရဲ့အသိစိတ်နှင့် စဉ်းစားဉာဏ်တွေထဲက ထွက်လာတာလို့ ဆိုတာပါပဲ။

"ငွေရဖို့ ခက်တယ်"လို့ ညည်းနေတဲ့ လူအဖို့, ငွေရှာဖို့ခက်နေမှာ သေချာတယ်။

"ကျုပ်တော့ ဘယ်တော့မျှ ချမ်းသာမှာမဟုတ်ဘူး"ဆိုရင်လည်း ချမ်းသာဖို့ မလွယ်တော့ပါဘူး။

"ပင်ပင်ပန်းပန်းလုပ်မှ ချမ်းသာမှာ"လို့ ယုံကြည်ရင်လည်း တကုပ်ကုပ်နှင့် ရုန်းကန်လှုပ်ရှားနေရဖို့ပဲ ရှိတာပေါ့။

"ရင်းနှီးမြှုပ်နှံမှုလုပ်တာ စွန့်စားရတာပဲ"လို့ ယူဆရင်တော့ တော်ရုံတန်ရုံနှင့် ဘယ်လုပ်ဖြစ်ပါတော့မလဲ။

သူဌေးဖေဖေ ကျွန်တော့်ကို သတိပေးဖူးတာကတော့ ကျွမ်းကျင်ပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ဖို့ စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေလုပ်ရတာဟာ ဇေရက်တောင် မတက်ခင်၊ ဒါမှမဟုတ် သာသနာပြု ဘုန်းကြီးမဝတ်ခင် ပြင်ဆင်ရတာတွေနှင့် အလားတူပါပဲတဲ့။

သူက နောက်သလိုပြောင်သလိုကြားက အလေးအနက်ပြောခဲ့ပါသေးတယ်။

"မင်းက ငါ စသလိုပဲ စခဲ့တယ်။ လက်ထဲမှာ ပိုက်ဆံအလုံအလောက် မရှိဘဲနှင့် စခဲ့တယ်။ မင်းမှာရှိတာက အကြီးအကျယ်ချမ်းသာချင်တဲ့ မျှော်လင့်ချက် အိပ်မက်တစ်ခုတည်းပဲ။ လူတွေအများကြီး ဒီအိပ်မက်ကို မက်ကြပေမယ့် လက်တွေ့ အကောင်အထည် ပေါ်မလာကြဘူး။ မင်းအနေနှင့် လက်တစ်ဆုပ်စာလူတွေသာ ရင်းနှီးမြှုပ်နှံခွင့်ရတဲ့ အလုပ်မှာဝင်လုပ်ဖို့ လေ့လာကြိုးစားနေတယ်ဆိုရင်တော့ အပြင်းအထန်တွေးပြီး စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုတွေ နှစ်နှစ်ကာကာလုပ်ဖို့ လိုတယ်။ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်ကို အပြင်ပန်းသာမကဘဲ အတွင်းကျကျ နှံ့စပ်သိမြင်ရလိမ့်မယ်။ အလွယ်တကူ အောင်မြင်တဲ့ဘဝနှင့် အလွယ်တကူအောင်မြင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေပေးတဲ့ နည်းလမ်းတွေ တစ်ပုံကြီး ရှိတယ်။ ဒီတော့ မင်းဘဝအတွက် ရင်းနှီးမြှုပ်နှံတဲ့လမ်းကို လျှောက်မယ်လို့ ဆုံးဖြတ်လိုက်ပြီဆိုရင် အပြန်ပြန်အထပ်ထပ် စဉ်းစားပြီး အသင့်ပြင်ဆင်ဖို့သာ ကြိုးစားပေတော့"


mgyoe.com

အခန်း ။ ၂ ။

## လူချမ်းသာ
## အဖြစ် သွန်း
## လောင်းခြင်း

ကျွန်တော် ၉ နှစ်သားအရွယ်တုန်းက သူဌေးဖေဖေရဲ့ စတိုးဆိုင်မှာ ဝင်လုပ်အားပေးခဲ့တုန်းမှာ သူက သူ့စီးပွားရေးလုပ်ငန်းတွေအကြောင်းသာ အတွင်သား ပြောခဲ့ပါတယ်။

ဟော…အခု သူ လူချမ်းသာကြီးဖြစ်ပြီဆိုတော့ သူပြောသမျှစကားတွေဟာ ရင်းနှီးမြှုပ်နှံမှုအကြောင်းတွေချည်းပါပဲ။

ချာတိတ်ဘဝနှင့် ကျွန်တော်ဟာ သူဌေးဖေဖေရဲ့ စားသောက်ဆိုင်စားပွဲတွေမှာထိုင်ပြီး သူ စီးပွားရေးကိစ္စတွေ ဆွေးနွေးတာ နားထောင်ခဲ့ရတယ်။ ဘဏ်သူဌေးတွေ, စာရင်းစစ်တွေ, ရှေ့နေတွေ, စတော့ပွဲစားတွေ အိမ်မြေပွဲစားတွေ စုံလို့ပေါ့။

၉ နှစ်ကနေ ၁၈ နှစ်ကြားမှာတွင် စီးပွားရေးပြဿနာတွေ, ဖြေရှင်းပုံတွေကို ကြားသိခဲ့ရတယ်လေ။

ဒါပေမယ့် နယူးယောက်မှာ တက္ကသိုလ်သွားတက်ရတဲ့ ၄ နှစ်ရယ်, မရိမ်းတပ်ထဲ ဝင်ခဲ့ရတဲ့ ၅ နှစ်ရယ်မှာ အဲဒီကိစ္စတွေနှင့် အဆက်ပြတ်သွားပါတယ်။

ခုဆိုရင် တက္ကသိုလ်က ဘွဲ့လည်းရပြီ။ စစ်မှုထမ်းဘဝကလည်း ကျွတ်တော့မယ်ဆိုတော့ သူဌေးဖေဖေဆီက စီးပွားရေးပညာတွေ ဆက်သင်ဖို့သာ ရှိတော့တာကလား။

မိုက်ခ်တို့အိမ်မှာ နေ့လယ်စာစားပြီး နောက်တစ်နေ့မှာပဲ သူဌေးဖေဖေက သူ့သင်ခန်းစာတွေ စတော့တာပါပဲ။

သူက သူ့လုပ်ငန်းတွေကို မိုက်ခ်နှင့် လွှဲပေးခဲ့သလို အငြိမ်းစားယူတော့မယ့်ဆဲဆဲအချိန်။ အဲ–တစ်နေကုန် ဂေါက်သီးကစားမယ့်အစား ပိုကောင်းတဲ့ငွေကစားနည်းကို ရှာနေတယ်ဆိုပါတော့။

ကျွန်တော် ငယ်ငယ်က ငွေကိစ္စနှင့်ပတ်သက်လို့ သူဌေးဖေဖေနှင့် ဆင်းရဲဖေဖေ ၂ ယောက်အနက် ဘယ်သူ့စကား နားထောင်ရမှန်း မသိခဲ့ပါဘူး။




mgyoe.com

၂ ယောက်စလုံးက လူတော်တွေဖြစ်ပြီး အလုပ်ကြိုးစားကြတဲ့ လူတွေချည်းပါပဲ။ ၂ ယောက်စလုံးက တောင့်တင်းမာကြောသလို၊ ထူးခြားပြောင်မြောက်မှုတွေ ကိုယ်စီ ရှိနေကြတယ်။

တက္ကသိုလ်ပညာသင်ဖို့နှင့် နိုင်ငံ့အတွက်စစ်မှုထမ်းဖို့လည်း သူတို့ ၂ ယောက်စလုံးက ပြောခဲ့တယ်။ ဒါပေမယ့် ငွေနှင့်ပတ်သက်လာတဲ့အခါကျတော့ တစ်သံတည်း မထွက်တော့ဘဲ အသံတွေ ကွဲသွားကြပါတယ်။

ဆင်းရဲဖေဖေက "ကျောင်းသွား, ဘွဲ့ယူ, ဘဝ အာမခံချက်ရှိပြီး အကျိုးဖြစ်ထွန်းမယ့် ဝန်ထမ်းအလုပ်ကို လုပ်ဖို့"အကြံပြုတယ်။

သူဌေးဖေဖေကတော့ "စီးပွားရေးလုပ်ငန်း ထောင်တတ်အောင်သင်၊ ပြီးတော့ မင်းလုပ်ငန်းကတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုလုပ်"တဲ့။




သူဌေးဖေဖေဆွဲပြခဲ့တဲ့ ငွေဝင်လမ်း ၄ ကွက်ဇယားအရ E ဆိုတဲ့ (Employee) လုပ်ခ, လခစားဝန်ထမ်းတွေထဲမှာ ခတ်လေ့ကားမောင်းသူကအစ နိုင်ငံတော်သမ္မတအဆုံး ပါဝင်ပါတယ်။ S ဆိုတဲ့ (Small Business) တပိုင်တနိုင် အသေးစားလုပ်ငန်းရှင်တွေထဲမှာ ဆရာဝန်တွေ, ရှေ့နေတွေ, စာရင်းကိုင်တွေ, အခြားပညာရှင်တွေကို ထည့်သွင်းရပါလိမ့်မယ်။ B ဆိုတဲ့ Business မှာတော့ တကယ့်စီးပွားရေး လုပ်ငန်းရှင်ကြီးတွေကို ပြည့်နှက်ပြီး၊ ကုမ္ပဏီကြီးတွေ ကုန်ထုတ် စက်ရုံလုပ်ငန်းတွေ စသဖြင့် ရှိနေပါတယ်။ I က (Investment) ရင်းနှီးမြှုပ်နှံမှု


mgyi.com

ဖြစ်ပြီး၊ ဒီစာအုပ်ထဲမှာတော့ B နှင့် I တွေအကြောင်းကို အဓိကဦးစားပေး ပြောပြထားတာပါ။

ဒီလုပ်ငန်း ၄ ရပ်က သဘာဝတွေ ကွဲပြားခြားနားလှသလို လူချမ်းသာတွေနှင့် သာမန်လူတွေအဖြစ် ဘဝခြားသွားစေတာပဲ ဖြစ်ပါတယ်။

ဒါနှင့်အမျှ အခွန်ဥပဒေဆိုတာလည်း ၄ ရပ်သောလုပ်ငန်းအလိုက် ခွဲခြားပြောင်းလဲသွားတာ တွေ့ရပါလိမ့်မယ်။ ဥပဒေအရ လုပ်ကွက်တစ်ခုက တရားဝင်တာကို တခြားလုပ်ကွက်ကျတော့ တရားမဝင်ဘူး ဖြစ်သွားပါတယ်။ ဒီကွာခြားချက်က ရင်းနှီးမြှုပ်နှံမှုကိစ္စတွေမှာ ပိုပြီး ကြီးမားသွားပါလိမ့်မယ်။ ရင်းနှီးမြှုပ်နှံမှုအကြောင်းနှင့်ပတ်သက်လို့ ဆွေးနွေးရင် သူဌေးဖေဖေက ငွေကို ဘယ်လုပ်ကွက်က ရှာမလဲဆိုတာ အဓိကအရေးထားပြီး ကျွန်တော့်ကို မေးနေကျပါပဲ။

**သင်ခန်း**
**စာများ စ**
**တင်ပြီ**

မိုက်ခ်တစ်ယောက် သူတို့စီးပွားရေးအင်ပါယာထဲမှာ အလုပ်ရှုပ်လှုပ်ရှားနေတုန်း ကျွန်တော်နှင့် သူဌေးဖေဖေကတော့ ဝိုင်ကီကီကမ်းခြေမှာရှိတဲ့ ဟိုတယ်တစ်ခုမှာ နေ့လယ်စာ အတူစားမိကြပါတယ်။

ကျွန်တော်က လေယာဉ်မောင်းနေရင်း တန်းလန်းက လာခဲ့ရတာဖြစ်လို့ ယူနီဖောင်းကြီးဝတ်လျက်နှင့်ပါ။

ကျွန်တော့်ကို ချာတိတ်ဘဝက တီရှပ်နှင့် ဂျင်းဘောင်းဘီတွေသာ ဝတ်တာမြင်ဖူးခဲ့တဲ့ သူဌေးဖေဖေအဖို့ ဝမ်းသာအံ့သြသွားသလို၊ ကျွန်တော် လူလားမြောက်လာပြီဆိုတာ အသိအမှတ်ပြုလိုက်ပုံရပါတယ်။ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့်

"မင်း ကျောင်းကထွက်ပြီးတာနှင့် ဒီအလုပ် လုပ်ခဲ့တာပဲနော်"

"နယူးယောက် စစ်တက္ကသိုလ်မှာ ၄ နှစ်၊ ကမ်းတက် မရိမ်းတပ်ထဲမှာ ၄ နှစ် လုပ်ခဲ့ပြီးပါပြီ။ နောက် ၁ နှစ် ဆက်လုပ်ဖို့ ကျန်ပါသေးတယ်"

"မင်းအတွက် ငါ ဂုဏ်ယူပါတယ် ရောဘတ်"


mgyoe.com

"ကျေးဇူးတင်ပါတယ် အန်ကယ်။ ဒါပေမယ့် ဒီ စစ်ယူနီဖောင်းကြီးကို ချွတ်လိုက်ရင် ပိုကောင်းမယ်လို့ ကျွန်တော် ထင်တယ်။ စစ်ဆန့်ကျင်သူတွေနှင့် ဟစ်ပီလမ်းသရဲတွေက ကျွန်တော်တို့ အမေရိကန်စစ်သားတွေကို 'ကလေးလူမမည်တွေကို သတ်တဲ့အကောင်'လို့ခေါ်ပြီး မုန်းတီးရွံရှာတဲ့မျက်လုံးတွေနှင့် အကြည့်ခံရတာ သိပ်နာတာကလား"

"ဒါဆို မိုက်ခ်တစ်ယောက် ကျန်းမာရေးမကောင်းလို့ စစ်ထဲဝင်ခွင့်မရလိုက်တာပဲ ဝမ်းသာရတော့မှာပေါ့"

"သူက တကယ်ကံကောင်းပါတယ်။ ဒီဗီယက်နမ်စစ်ပွဲမှာ ကျွန်တော့်သူငယ်ချင်းအတော်များများ ကျဆုံးကုန်ခဲ့ရတာပဲလေ"

"ဒါထက် မင်း စစ်ထဲက ထွက်ထွက်ချင်း ဘာလုပ်မယ်လို့ ကြံထားသလဲ"

"ကျွန်တော့်မိတ်ဆွေ ၃ ယောက်က ခရီးသည်တင်လေကြောင်းတွေမှာ လေယာဉ်ရာထူးရအောင် လုပ်ပေးမယ်လို့ ပြောကြပါတယ်"

"မင်းကကော လုပ်မလို့လား"

"စဉ်းစားနေတာပဲခင်ဗျ။ လခကလည်း အတော်ကောင်းတယ် အန်ကယ်ရဲ့။ တိုက်ပွဲဝင် ပိုင်းလော့တစ်ယောက်အနေနှင့် အဲသလောက်တော့ ကောင်းကောင်းကြီးမောင်းနိုင်ပါတယ်"

"ဒါဆို မင်းဘဝအတွက် အလုပ်ရွေးပြီးပြီ ဆိုပါတော့"

"ဒီလိုလည်း မဟုတ်သေးပါဘူး။ ဖေဖေ့အဖြစ်ဆိုးတွေကို မြင်ထားပြီး မိုက်ခ်ရဲ့အိမ်သစ်မှာ နေ့လယ်စာစားပြီးတဲ့နောက် အန်ကယ်ပြောတဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စကို စဉ်းစားနေတာပါပဲ။ လေကြောင်းကုမ္ပဏီမှာဝင်လုပ်ရင် တစ်နေ့မှာ 'အသိအမှတ်ပြုခံ ရင်းနှီးမြှုပ်နှံသူ' ဖြစ်လာမှာတော့ မလွယ်ပါဘူး။ ဒါပေမယ့် အဲဒီအဆင့်ကို လွယ်လွယ်နှင့်တော့ ရောက်မယ်မထင်တာလည်း အမှန်ပါ"

သူဌေးဖေဖေက နှုတ်ဆိတ်ပြီး ထိုင်နေတယ်။ နောက်

"အင်း။ ငါ့စကားက ပစ်မှတ်ကို တန်းထိတယ် ဆိုရမှာပေါ့လေ"

"ဒုတ်ခနဲ ဒက်ထိပါပဲခင်ဗျာ။ ကလေးဘဝက သင်ပေးခဲ့တဲ့ သင်ခန်းစာတွေအားလုံး ကျွန်တော် မမေ့ပါဘူး။ ခု ကျွန်တော် လူကြီးဖြစ်လာတဲ့အခါ အဲဒီသင်ခန်းစာတွေက အဓိပ္ပာယ်အသစ်တွေ ထွက်လာတယ်"


mgyoe.com

"မင်း မှတ်မိသလောက် ပြောစမ်းပါဦး"

"ကျွန်တော့်ကို ၁ နာရီ ၁၀ ဆင့်နှင့် အလုပ်ဆင်းခိုင်းတာရယ်, လုပ်ခ တစ်ပြားမျှ မပေးဘဲ အခမဲ့လုပ်ခိုင်းတာရယ်ကို ခုထိ သတိရနေတုန်းပါပဲ"

သူဌေးဖေဖေက ကျွန်တော့်အပြောကို သဘောကျသွားသလို ရယ်လိုက်ပါတယ်။

"အေးကွ။ အဲဒီတုန်းက မင်းအတွက် အတော်ကြမ်းတဲ့သင်ခန်းစာလို့ ဆိုရမှာပါပဲ"

"ဒါပေမယ့် တန်ဖိုးကြီးမားတဲ့သင်ခန်းစာလို့လည်း ပြောနိုင်ပါတယ်။ အကြောင်းမသိတော့ အဲ့ဒီအချိန်က ကျွန်တော်ဖေဖေက စိတ်ဆိုးခဲ့တာ အမှန်ပါပဲ။ ခုတော့ သူက လစာမဲ့ဘဝနှင့်နေနိုင်ဖို့ ကြိုးစားနေရပါပြီ။ ခြားနားချက်က အဲ့ဒီ သင်ခန်းစာကို ရတဲ့အချိန်မှာ ကျွန်တော်က ၉ နှစ်သားပဲရှိသေးပြီး သူက ၅၂ နှစ်ကျမှ ရလိုက်ရတာပဲပေါ့။ မိုက်ခ်နှင့် မနေ့ကတွေ့ပြီးကတည်းက လစာမက်ရုံနှင့် ဝန်ထမ်း အလုပ်မှာ ဖက်တွယ်ထားရတဲ့ဘဝကို မလိုချင်တော့ပါဘူး။ ဒါကြောင့် လည်း အန်ကယ်နှင့် အခု လာတွေ့တာပါ။ ငွေက ကျွန်တော့်အတွက် အလုပ်လုပ် ပေးတာကို သိချင်တယ်။ အန်ကယ့်ဆီက သင်ချင်တယ်။ ဒါဆိုရင် ကျွန်တော့် ဘဝမှာ ငွေအတွက် လုပ်နေစရာ မလိုတော့ဘူး။ အခု ကျွန်တော်က ကြီးပြင်းလာပြီ ဆိုတော့ လူကြီးလိုပဲ သင်ပါရစေ။ ပိုခက်ပြီး ပိုအသေးစိတ်ကျတဲ့သင်ခန်းစာတွေ သင်ပေးပါ"

"ကောင်းပြီ။ ငါ့ရဲ့ ပထမဆုံးသင်ခန်းစာက ဘာပါလိမ့်"

"လူချမ်းသာတွေဟာ ငွေအတွက် အလုပ်မလုပ်ဘူး။ ငွေကို သူတို့အတွက် အလုပ်လုပ်ပေးအောင် ဘယ်လိုခိုင်းရမယ်ဆိုတာ သိကြတယ်လေ"

သူဌေးဖေဖေက အားရပါးရ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်ပါတယ်။

"သိပ်မှန်တာပေါ့ကွာ။ ဒီအချက်ဟာ ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဖြစ်ဖို့ အခြေခံပဲ။ ရင်းနှီးမြှုပ်နှံသူအားလုံးဟာ ငွေကို ဘယ်လိုခိုင်းရမယ်ဆိုတာ နားလည်ထားကြရတယ်ကွ"

"ကျွန်တော်ကလည်း အဲဒါပဲ သင်ချင်တာပါ။ ဒီသင်ခန်းစာ တက်ပြီးသွားရင် ကျွန်တော့်မေမေကိုတောင် ပြန်သင်ပေးချင်သေးတယ်။ သူ့အခြေအနေက



mgyoe.com

တော်တော်ဆိုးနေပြီ။ အသက် ၅၂ နှစ်ကျမှ အလုပ်ကို ‘၁’ကပြန်စပြီး အလုပ်လုပ်ဖို့ ကြိုးစားနေရတယ်”

“ငါ နားလည်ပါတယ်ကွာ။ ငါ နားလည်ပါတယ်”

သူဌေးဖေဖေက စိတ်မကောင်းဟန်နှင့် ပြောလိုက်တာပါ။

ဒီလိုနှင့် နေသာတဲ့တစ်နေ့။ ပင်လယ်ပြာထဲက လှပတဲ့လှိုင်းလုံးကြီးတွေကို လူတွေစီးနေကြတုန်းမှာပဲ ကျွန်တော့်သင်ခန်းစာတွေ ပြန်စ,ခဲ့ရပါပြီ။

သင်ခန်းစာတွေက အဆင့် ၅ ဆင့်ရှိရာက တစ်ဆင့်ချင်းဟာ ကျွန်တော့်ကို နားလည်မှုတွေ ပိုမြင့်သွားစေခဲ့သလို၊ သူဌေးဖေဖေရဲ့ တွေးခေါ်မြော်မြင်ပုံတွေနှင့် သူ့ရဲ့ ရင်းနှီးမြှုပ်နှံမှုစီမံချက်တွေကို ပိုသဘောပေါက်စေခဲ့ပါတယ်။

သင်ခန်းစာတွေအရ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုနှင့် ထိန်းချုပ်နိုင်အောင်လုပ်ရတာကနေ အစပျိုးပါတယ်။

ဒါဟာ ရင်းနှီးမြှုပ်နှံမှုတစ်ခုရဲ့ အစမှအဆုံးထိ အရေးကြီးတဲ့လုပ်ရပ်လည်း ဖြစ်ပါတယ်တဲ့။

သူဌေးဖေဖေရဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေရဲ့ ပထမအဆင့်ဟာ တကယ်တမ်းလက်တွေ့မလုပ်ခင်မှာ စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုတွေ အရင်လုပ်တဲ့ သင်ခန်းစာတွေပါပဲ။

သူဌေးဖေဖေဆီက ပြန်လာပြီးတဲ့ည၊ အရာရှိရိပ်သာ တိုက်စုတ်ကလေးထဲမှာပဲ ကိုယ့်ကိုယ်ကိုယ် ငွေတွေနှင့်သွန်းလောင်းပြီး ဘိသိက်ခံဖို့ ကျွန်တော် ဆုံးဖြတ်လိုက်မိပါတော့တယ်။

ဒီလို စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုအရ ကိုယ်ပိုင်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခြင်းဟာ ‘လူချမ်းသာ, လူဆင်းရဲ, လူလတ်တန်းစား’ ကြိုက်တဲ့လမ်းကို သွားနိုင်အောင်ရွေးလိုက်ခြင်းလည်း ဖြစ်ပါတယ်။

ဒါဟာ ဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်လို့ပဲ ဆိုရပါလိမ့်မယ်။

mgyoe.com

အခန်း ။ ၃ ။

ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၁

ရွေး
ချယ်
ခွင့်

သူဌေးဖေဖေရဲ့ ရင်းနှီးမြှုပ်နှံမှုသင်ခန်းစာတွေ စတင်ခဲ့ပါပြီ။

"ငွေနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စတွေပေါ်လာရင် လူတွေဟာ အကြောင်း ၃ ခုကို အခြေခံ စဉ်းစားကြတယ်။ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ရွေးချယ်ကြတယ်။ အဲဒါတွေကတော့

၁–လုံခြုံစိတ်ချရမှု ရှိဖို့,

၂–သက်သာချောင်ချိမှု ရဖို့,

၃–ချမ်းသာဖို့ တွေပဲ ဖြစ်တယ်"

သူဌေးဖေဖေ တစ်ဆက်တည်းပြောပါသေးတယ်။

"ဒီရွေးချယ်ခွင့် ၃ ခုစလုံးဟာ အရေးကြီးတယ်ကွ။ သူတို့ကို ဦးစားပေး ရွေးချယ်တဲ့အပေါ်မူတည်ပြီး လူတစ်ယောက်ရဲ့ဘဝဟာ ပြောင်းလဲခြားနားသွား တာပဲ"တဲ့။

သူ ဆက်ပြောတာက လူတစ်ယောက်ဟာ လုံခြုံစိတ်ချရမှုကို ပထမထား လိုက်ရင် သက်သာချောင်ချိဖို့က ဒုတိယဖြစ်ပြီး၊ တတိယက ချမ်းသာဖို့ ဖြစ်သွားတာ ပုံသေပဲတဲ့။


mgyoe.com

ဒီအချက်ကြောင့်လည်း လူအများစုက အာမခံချက်ရှိတဲ့အလုပ်တွေကို ဦးစားပေးရွေးကြတာ ဖြစ်တယ်ဆိုပဲ။ အဲဒီနောက်မှ သက်သာချောင်ချိရေးကို စဉ်းစားပြီး ချမ်းသာဖို့ကို နောက်ဆုံးထားကြလေ့ရှိတာပေါ့။

၁၉၇၃ ခုနှစ်တုန်းက သူဌေးဖေဖေ ပြောခဲ့တယ်။

"လူအတော်များများဟာ ချမ်းသာဖို့ အိပ်မက်ပဲမက်ကြတယ်။ ဒါပေမယ့် ချမ်းသာဖို့ကိုတော့ ပထမဦးစားပေး မရွေးကြဘူး။ ဒီလို ဦးစားပေးရွေးချယ်မှုကြောင့်ပဲ အမေရိကန်က လူ ၁၀၀ မှာ ၃ ယောက်သာ ချမ်းသာလာကြရတယ်။ အဲ–သူတို့ချောင်ချောင်လည်လည်မရှိဘဲ ကြပ်တည်းလာတဲ့အခါ, လုံခြုံစိတ်ချရမှု မရှိတော့ဘူးလို့ ထင်တဲ့အခါကျတော့ ချမ်းသာဖို့ကို မျှော်ကြည့်ကြတယ်။ ဒီလိုနှင့် ဖုတ်ပူမီးတိုက်လုပ် ရင်းနှီးမြှုပ်နှံကြတော့တာပဲ။ ပြီးတော့ အဲဒီလိုလူမျိုးတွေက သူဌေးဖြစ်မြန်တဲ့နည်းဟာ လွယ်လွယ်လေးလို့ ယူဆပြီး၊ စွန့်စားမှုနည်းသလို ချောင်ချောင်လေးရမယ့်လမ်းကို လိုက်တတ်ကြတယ်။ အဲဒီထဲက မဆိုစလောက် ကလေးသာ ကံကောင်းထောက်မပြီး ချမ်းသာသွားကြတယ်။ ကျန်တဲ့လူအားလုံး ကတော့ မွဲရာကနေပြာကုန်ရုံပဲ ရှိတယ်"

## ချမ်းသာမှု နှင့်ပျော်ရွှင်မှု

လူတွေပြောနေကျ စကားတစ်ခွန်းကို ကျွန်တော် မကြာမကြာ ကြားနေခဲ့ရတယ်။

"ငါက ချမ်းသာတာထက် ပျော်ရွှင်တာကို ပိုလိုလားတယ်"

ဒီစကားသံက ဆင်းရဲ,ချမ်းသာ ဘဝ ၂ ခုစလုံးကို ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော့် အဖို့ အထူးအဆန်းကြီးဖြစ်သွားရသလိုပဲ။

ကျွန်တော်ဟာ ငွေမရှိတာနှင့် ငွေရှိတဲ့ အခြေအနေ ၂ ရပ်စလုံးမှာ ပျော်ရွှင်တာရော, စိတ်ညစ်တာရော အရသာသိခဲ့သူပါ။

ဒါကြောင့်လည်း လူတွေဟာ ပျော်ရွှင်ခြင်းနှင့် ချမ်းသာခြင်းမှာ ဘာဖြစ်လို့ ခွဲခြားရွေးချယ်နေရတာလဲဆိုတာ အံ့သြမဆုံးအောင် ဖြစ်ရပြန်ပါတယ်။


mgyoe.com

အဲသလိုပဲ၊ လူတွေက "လုံခြုံစိတ်ချရမှုနှင့် သက်သာချောင်ချိမှုကို ချမ်းသာတာထက် ပိုမက်တယ်"လို့ ပြောကြတာကိုလည်း နားမလည်နိုင်တော့ပါဘူး။

ဒီတော့ သူတို့ လုံခြုံစိတ်ချမှုမရသလို ချောင်ချောင်လည်လည် မရှိတဲ့အခါ စိတ်မချမ်းသာရတဲ့အကြောင်းရင်း ဖြစ်သွားတော့တာပေါ့။

ကျွန်တော်တို့အဖို့တော့ ချမ်းသာဖို့အတွက် စိတ်ချလုံခြုံမှု မရှိချင်နေပါ့လေ့စေ။ သက်သာချောင်ချိမှုမရှိလည်း ရတယ်။

ပြောခဲ့သလို ကျွန်တော့်အနေနှင့် ချမ်းသာတာရော၊ ဆင်းရဲတာရော၊ ပျော်တာရော၊ မပျော်တာရော ကြုံတွေ့ဖူးပြီးသား။

ဒါပေမယ့် တပ်အပ်သေချာ ပြောနိုင်တာကတော့ ကျွန်တော် ဆင်းရဲတဲ့အချိန်မှာ မပျော်နိုင်ဘဲ စိတ်ညစ်ခဲ့ရတာဟာ 'ချမ်းသာပြီး မပျော်နိုင်တာထက် ပိုဆိုးတယ်' ဆိုတာပါပဲ။ ဒီအတိုင်းပဲ "ငွေက မင်းကို ပျော်အောင် လုပ်မပေးနိုင်ပါဘူး"ဆိုတဲ့ စကားကိုလည်း နားမလည်အံ့သြခဲ့ရပါတယ်။

ဒီအဆိုမှာ အမှန်တရားတချို့ ပါနေတဲ့တိုင်အောင် ကျွန်တော့်လက်ထဲ ပိုက်ဆံရှိနေတဲ့အချိန်မှာ စိတ်ချမ်းသာနေတာကို ပြန်သတိပြုမိပါတယ်။

တစ်ခါက ၁၀ ဒေါ်လာတန်တစ်ရွက် ဂျင်းအင်္ကျီအိတ်ထဲမှာ ကပ်နေတာ ရှာတွေ့လိုက်ရင်ပဲ တစ်အားကြီး ပျော်သွားရတာဥ္စာလား။

ငွေလက်ကိုင်ရှိနေတာဟာ အကြွေးတောင်းတဲ့စာရွက် ရလိုက်တာထက်စာရင် အပုံကြီးစိတ်ချမ်းသာရာ ရတာလည်း အမှန်ပါပဲ။ ငွေဝင်လာတဲ့အခါ ပျော်ပြီး၊ ငွေထွက်သွားပြီဆိုရင် ဝမ်းနည်းရစမြဲပေါ့။

၁၉၇၃ ခုနှစ်ကို နောက်ကြောင်းပြန်ကြည့်ရင် ကျွန်တော့်ရဲ့ ဦးစားပေးရွေးချယ်မှုကို အစဉ်အတိုင်း ခုလိုချရေးခဲ့တာ တွေ့ရလိမ့်မယ်။

၁–ချမ်းသာဖို့၊

၂–သက်သာချောင်ချိဖို့၊

၃–လုံခြုံစိတ်ချရဖို့။

ဒီတော့ ခုနကပြောခဲ့သလိုပဲ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုတွေ အကြောင်းပါလာရင် ရွေးချယ်မှု ၃ ခုစလုံးဟာ အရေးကြီးပါတယ်။ ရင်းနှီးမြှုပ်နှံမှုတစ်ခု မစခင်မှာ


mgyoe.com

SAMPLE BOOK

ဘယ်အချက်ကို ဦးစားပေးမလဲ ဆုံးဖြတ်ဖို့ကလည်း ကိုယ်ပိုင်အခွင့်အရေးပါပဲ။

ဆင်းရဲဖေဖေက 'လုံခြုံစိတ်ချ အာမခံချက်ရဖို့' ဦးစားပေးခဲ့ပြီးတော့

သူဌေးဖေဖေကတော့ 'ချမ်းသာဖို့' ဦးစားပေးရွေးချယ်ခဲ့တာ မဟုတ်လား။

ရင်းနှီးမြှုပ်နှံမှုမလုပ်ခင်မှာ ဘာကို ဦးစားပေးရွေးချယ်မယ်ဆိုတာ ဆုံးဖြတ်ဖို့ တကယ်အရေးကြီးပါတယ်။

**စိတ်နေ**

**သဘော**

**ထား ဉာဏ်**

**စမ်းပဟေဠိ**

ချမ်းသာဖို့, ချောင်ချိဖို့, လုံခြုံစိတ်ချရဖို့ အာမခံချက်တွေဟာ လူတစ်ဦးချင်းအတွက် အမာခံတန်ဖိုးတွေဖြစ်တာ အစစ်အမှန်ပါပဲ။ တစ်ခုနှင့်တစ်ခုလည်း သိပ်မသာပါဘူး။ ဘာပဲပြောပြော သင့်ရဲ့ဘဝမှာ အရှည်ကိုမျှော်ပြီး ရွေးချယ်ရမယ့် အရေးကြီးဆုံး ထူးခြားတဲ့ အမာခံတန်ဖိုးတွေဆိုလည်း ဘယ်မှားပါ့မလဲ။

အထူးသဖြင့် ငွေကြေးနှင့် စီးပွားရေး,ကြီးပွားရေး စီမံကိန်းတွေနှင့် ပတ်သက်လာရင် ဘယ်အမာခံတန်ဖိုးကို သင့်အတွက် အရေးကြီးဆုံးအဖြစ် ရွေးချယ်မလဲ ဆိုတာ စမ်းကြည့်စေချင်ပါတယ်။

အပျော်တမ်းဉာဏ်စမ်းဖို့ကတော့ ဘယ်အမာခံတန်ဖိုးတွေဟာ သင့်အတွက် အရေးကြီးဆုံးလဲလို့ အစဉ်လိုက် ရေးချလိုက်ပါ။

၁။ ...............................

၂။ ...............................

၃။ ...............................

ဒီနေရာမှာ သင့်စိတ်ထဲရှိတဲ့အတိုင်း ရွေးချယ်ဖို့တော့ လိုလိမ့်မယ်။ သင့်အိမ်ထောင်ဖက်၊ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်နှင့်လည်း အလေးအနက်ထားပြီး တိုင်ပင်နိုင်ပါတယ်။ ထောက်ခံမှု,ကန့်ကွက်မှုတွေ လုပ်နိုင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

သင့်ရဲ့ ပုဂ္ဂလိကဆိုင်ရာရွေးချယ်မှုတွေဟာ အန္တရာယ်ပေးမယ့် ဆုံးဖြတ်ချက်တွေ, အိပ်မပျော်တဲ့ ညတွေကနေ နောင်အခါမှာ ကယ်ဆယ်ပေးနိုင်တာကိုတော့ သိထားစေချင်ပါတယ်။ ၉၀/၁၀ ငွေကြေးစည်းကမ်းဥပဒေသကိုလည်း ထည့်သွင်းစဉ်းစားပါ။ သက်သာချောင်ချိမှုနှင့် လုံခြုံမှုအာမခံတွေကို ချမ်းသာရေးထက် ပိုပြီး ဦးစားပေးရွေးတဲ့လူ ၉၀ ရာခိုင်နှုန်းရှိခဲ့တာကိုလည်း မမေ့ပါနှင့်။


mgyoe.com

SAMPLE BOOK

အခန်း ။ ၄ ။

## ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၂

### ဒင်္ဂါး
### ပြားကို
### ကြည့်

ကျွန်တော့်သူဌေးဖေဖေနှင့် ဆင်းရဲဖေဖေတို့ရဲ့ အံ့သြစရာကောင်းတဲ့ အခြားနားဆုံးအချက်က သူတို့မြင်တဲ့ လောကအမျိုးအစားတွေ မတူကွဲပြားတာပဲ ဖြစ်ပါတယ်။

ဆင်းရဲဖေဖေက ငွေကြေးရှားပါးတဲ့လောကတစ်ခုကို အစဉ်သဖြင့် မြင်တယ်။ ဒီအမြင်က သူ့စကားတွေမှာ ထင်ဟပ်လာတယ်။

"မင်းက ငွေဆိုတာ ပဒေသာပင်က သီးနေတယ်ထင်လို့လား"

ဒါမှမဟုတ်

"ငါ့ကို ငွေလုပ်စက်များ မှတ်နေသလား"

ဒါမှမဟုတ်

"ငါ ငွေရှာဖို့ မတတ်နိုင်ဘူး" စသဖြင့်ပေါ့။

သူဌေးဖေဖေနှင့် နေတဲ့အချိန်တွေမှာတော့ ဆင်းရဲဖေဖေနှင့် လုံးဝကွာခြားတဲ့ ကမ္ဘာကြီးကို တွေ့မြင်သွားရတာ သိလိုက်ပါတယ်။

သူက လောကကြီးမှာ ငွေတွေ အလျှံပယ်ပေါများနေတယ်လို့ မြင်ခဲ့တယ်။ သူ့အမြင်အရ သူ့စကားတွေ၊ လေသံတွေ ထွက်လာတာကတော့


mgyoe.com

"ငွေအတွက် ဘာမျှမပူစမ်းပါနှင့်။ မင်းလုပ်ရပ်မှန်ရင် ငွေတွေ တစ်ပုံကြီး ရလာကိန်း အမြဲရှိပြီးသား"

ဒါမှမဟုတ်

"ငွေရပေါက်ကို လက်မလွှတ်နှင့်။ ငွေမရှိတဲ့စကား ပြောတာဟာ မင်းလိုချင်တာရအောင် မလုပ်နိုင်ပါဘူးဆိုတာကို ဆင်ခြေပေးတာပဲ"

၁၉၇၃ ခုနှစ်အတွင်း သင်ပေးတဲ့ သူဌေးဖေဖေရဲ့သင်ခန်းစာတွေထဲမှာ သူ ပြောတာက

"ငွေနှင့် ပတ်သက်လာရင် ပြဿနာက ၂ ခုပဲ ရှိတယ်ကွ။ တစ်ခုက ငွေကြေးမပြည့်စုံတာပဲ။ နောက်တစ်ခုကတော့ ငွေတွေ အလျှံပယ်ရှိနေတာ။ ဘယ်ပြဿနာကို မင်းလိုချင်သလဲ"တဲ့။

ကျွန်တော်ရဲ့ ရင်းနှီးမြှုပ်နှံမှုသင်တန်းမှာ အဲဒီဘာသာရပ်အတွက် အချိန်အတော်များများ အကုန်ခံခဲ့ရပါတယ်။

လူများစုဟာ ငွေလုံလုံလောက်လောက်မရှိတဲ့ မိသားစုတွေက ဆင်းသက်လာပြီး ပြဿနာကြုံရတာ တွေ့ရတယ်။

ငွေဆိုတာ အကြံအစည်တစ်ခုပဲလို့ ဆိုလေတော့ ငွေမပြည့်စုံတာကို ထည့်စဉ်းစားလိုက်တာနှင့် ပကတိအခြေအနေကလည်း အဲဒီအတိုင်း ဖြစ်လာတော့မှာပဲပေါ့။

ကျွန်တော် ကံထူးပုံက မိသားစု ၂ ခုနှင့် နေခဲ့ရသလို ပြဿနာ ၂ မျိုးစလုံးကို ကြုံတွေ့ခဲ့ရတာပါပဲ။

ဆင်းရဲဖေဖေခမျာ ငွေမရှိလို့ ပြဿနာတွေ အမြဲတမ်းတက်ခဲ့ရပြီး သူဌေးဖေဖေ ကျတော့လည်း ငွေ ရှိလွန်းမကရှိလွန်းလို့ အခက်တွေ့နေရတာလေ။

ထူးဆန်းတဲ့ ဒီဖြစ်ရပ်အပေါ်မှာ သူဌေးဖေဖေက ထူးထူးဆန်းဆန်း မှတ်ချက်တစ်ခု ချခဲ့တယ်။

"အမွေရလို့ဖြစ်ဖြစ်, လတ်စ်ဗေးဂတ်စ်မှာ ဖဲနိုင်လို့ဖြစ်ဖြစ်, ထီပေါက်လို့ဖြစ်ဖြစ် ရုတ်တရက်ဖြုန်းခနဲ ချမ်းသာသွားတဲ့လူတွေဟာ ရုတ်တရက်ပဲ ပြန်ဆင်းရဲသွားတတ်ကြရတဲ့အကြောင်းက လောကကြီးမှာ ငွေအလုံအလောက် မရှိဘူးလို့သာ သူတို့သိထားကြတဲ့အတွက်ပဲ။ ဒါကြောင့်လည်း ဖြုန်းခနဲရလိုက်တဲ့ ငွေတွေအားလုံး


mgyoe.com

SAMPLE BOOK

ဆုံးရှုံးလက်လွတ်ပြီး သူတို့သိထားတဲ့ ငွေမရှိတဲ့လောကထဲပဲ ကျွမ်းထိုးပြီး ပြန်ဆင်းသွားကြရတာကွ"

'ဆင်းရဲသားတွေ ဆင်းရဲမြဲဆင်းရဲတာဟာ သူတို့ရဲ့ ကျဉ်းမြောင်းတဲ့ လောကလေးတစ်ခုတည်းကိုသာ သိလို့ပဲ'လို့ သူဌေးဖေဖေက ရိုးရိုးလေး ယုံကြည်ခဲ့ပါတယ်။

သူ မြင်သမျှ ဆင်းရဲနွမ်းပါးခြင်းရဲ့အကြောင်းရင်းတချို့ကို လူတွေရဲ့ စိတ်နေသဘောထားနှင့်ယှဉ်ပြီး ကောက်ချက်ဆွဲခဲ့ဖူးသေးတယ်။

၁။ လုံခြုံစိတ်ချရမှုကို ပိုလိုလားရင် မင်းဘဝမှာ ပိုပြီး ချို့တဲ့ဆင်းရဲဖို့ပဲ ရှိတယ်။

၂။ ပြိုင်ဆိုင်မှုကို ပိုလိုလားတာလည်း မင်းဘဝမှာ ပိုပြီး ပင်ပန်းဆင်းရဲမှာပဲ ဖြစ်တယ်။ ဘာကြောင့်ဆို အလုပ်ရဖို့, ရာထူးတက်ဖို့ ယှဉ်ပြိုင်ရတာနှင့် ကျောင်းမှာ အဆင့်ကောင်းရဖို့ ယှဉ်ပြိုင်ရလို့ပဲ။

၃။ အတိုင်းထက်အလွန် ကြီးပွားဖို့အတွက်လည်း ကျွမ်းကျင်မှုတွေ ပိုအပ်သလို ဖန်တီးနိုင်စွမ်းနှင့် ပူးပေါင်းဆောင်ရွက်မှုတွေ ပိုလိုတယ်။ ဒီအရည်အချင်းတွေနှင့် ပြည့်စုံတဲ့လူတွေဟာ ရွှေမိုးငွေမိုး ရွာနိုင်တဲ့ဘဝကို ရောက်သွားတော့တယ်။

ကျွန်တော့်အဖေ ၂ ယောက်ဟာ ဒီစိတ်နေ စိတ်ထားတွေ ကွာလို့လည်း ဘဝချင်းခြားသွားရတာပါ။

ဒီစာအုပ်ရဲ့ ဒုတိယပိုင်းဟာ နွမ်းပါးတဲ့လောကထက်သာတဲ့ ကြွယ်ဝတဲ့ လောကကို အကြံဉာဏ်ဖန်တီးမှုတွေနှင့် ဖန်တီးရယူဖို့အကြောင်းတွေပဲ ဖြစ်ပါတယ်။

မရှိနွမ်းပါးမှုနှင့်ပတ်သက်လို့ ဆွေးနွေးချိန်မှာ သူဌေးဖေဖေက ဒင်္ဂါးပြားတစ်ပြားကို ထုတ်ပြပြီး

"လူတစ်ယောက်က ငါတော့ မတတ်နိုင်ဘူးလို့ ပြောရာမှာ သူဟာ ဒင်္ဂါးပြားရဲ့ တစ်ဘက်ကိုသာမြင်တာလို့ ဆိုရမယ်။ 'ငါ ဘယ်နည်းနှင့် တတ်နိုင်မလဲ'လို့ မင်း ပြောလိုက်ခြင်းအားဖြင့် ဒင်္ဂါးရဲ့နောက်တစ်ဘက်ကိုမြင်ဖို့ အစပျိုးလိုက်ရာရောက်


mgyd.com

သွားပြီး၊ ပြဿနာက နောက်တစ်ဘက်ကို မြင်တယ်ဆိုတာတောင် သူတို့ရဲ့ ပကတိမျက်လုံးတွေနှင့်သာ မြင်တာကွ။ လူဆင်းရဲတွေဟာ လူချမ်းသာတွေ အပြင်ပန်းလုပ်တာတွေသာမြင်ပြီး သူတို့ရဲ့အတွင်းစိတ်ထဲ ဘာတွေရှိတယ်ဆိုတာ မမြင်ခဲ့ကြဘူး။ ဒင်္ဂါးရဲ့ နောက်တစ်ဘက်ခြမ်းကို မြင်ချင်တယ်ဆိုရင် ကျိုကျိုတက်ချမ်းသာတဲ့ လူတစ်ယောက်ရဲ့ စိတ်ထဲကအတွင်းပိုင်းကို ထိုးဖောက်ကြည့်နိုင်ရမယ်"

ထိပေါက်တဲ့လူတွေ မကြာခင်မှာပဲ ဘဝပျက်သွားတတ်တယ်ဆိုတော့လည်း၊ 'ဘာကြောင့် အဲသလိုဖြစ်ကုန်ရတာလဲ' လို့ သူဌေးဖေဖေကို ကျွန်တော် မေးမိတယ်။ သူ့အဖြေက်

"ငွေတွေ အမြောက်အမြားရပြီး ရုတ်တရက် ပြန်မွဲကိန်းဆိုက်သွားရတဲ့ အကြောင်းက သူတို့ဟာ ဒင်္ဂါးရဲ့တစ်ဘက်ခြမ်းကိုသာ မြင်နေကြဆဲမို့ပါ။ တစ်နည်းပြောရင် သူတို့ဟာ လုပ်နေကျအတိုင်း ငွေကို ကိုင်တွယ်သုံးစွဲကြလို့ပဲ။ ဒီလိုနှင့် အရင်အတိုင်းပဲ ပြန်ဆင်းရဲရ၊ ရုန်းကန်ရှာဖွေရတော့တာပေါ့။ သူတို့က ငွေအလုံအလောက်မရှိတဲ့ လောကတစ်ခုတည်းပဲ မြင်တတ်ကြတယ်။ လုံခြုံစိတ်ချရဆုံးအနေနှင့် ငွေတွေကို ဘဏ်မှာအပ်ပြီး အတိုးထုတ်စားရုံလောက်ပဲ လုပ်တတ်ကြတယ်။ ဒင်္ဂါးရဲ့ တခြားဘက်တစ်ခြမ်းကို မြင်တဲ့လူတွေကတော့ အဲဒီငွေတွေကို သုံးယူပြီး အမြန်ဆုံးနှင့် စိတ်အချရဆုံးနည်းလမ်းတွေနှင့် တိုးပွားအောင် ကြံတတ်ကြတယ်။ ဒီလိုလုပ်တတ်ကြတာလည်း ငွေတွေ အလျှံပယ်ရှိနေတဲ့လောက၊ တစ်နည်းပြောရရင် ဒင်္ဂါးရဲ့ တခြားဘက်ခြမ်းကို မြင်နိုင်ကြလို့ပေါ့။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှာ သူဌေးဖေဖေက အခွဲသားအငြိမ်းစားယူပြီး သူ့လုပ်ငန်းနယ်ပယ်ကြီးတစ်ခုလုံး မိုက်ခ်ကိုလွှဲပေးခဲ့ရာမှာ ကျွန်တော့်ကိုပါ ခေါ်တွေ့တယ်။

သူက ဒေါ်လာ ၃၉ သန်းပါတဲ့ ဘဏ်စာရွက်တစ်ရွက်ကို ထုတ်ပြတယ်။ ကျွန်တော် အံ့အားသင့်သွားချိန်မှာပဲ ခုလို ပြောလေရဲ့။

"ဒါဟာ ဘဏ်တစ်ခုတည်းက ငွေပဲ ရှိသေးတယ်။ ငါ့ဘဏ်တွေက ငွေတွေ ထုတ်ယူဖို့ အချိန်စေ့သွားတာကြောင့်လည်း ငါ ခုလို အငြိမ်းစားယူလိုက်တာကွ။ ဒီငွေတွေကို ပိုပြီးအကျိုးအမြတ်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေထဲ ပြောင်းထည့်မလို့ပဲ"

တွေ့ဆုံမှုအဆုံးမှာ သူဌေးဖေဖေက ပြောပြန်တယ်။


mgyoe.com

"ငါဟာ ခုလို ငွေတွေပုံတိုက်ထုတ်ပေးတဲ့ စက်မျိုးတည်ဖို့ မိုက်ကို နှစ်နှင့်ချီပြီး လေ့ကျင့်ပေးခဲ့တယ်။ ဒီနေ့ဆိုရင် ငါ တည်ပေးတဲ့စက်ကို မိုက်က ကောင်းကောင်း လည်ပတ်နိုင်ပြီလေ။ ဒါကြောင့် ငါ နားလိုက်တာပဲ။ မိုက်ဟာ စက်လည်အောင် မောင်းနိုင်ရုံသာမကဘူး။ ပျက်ရင်လည်း ပြင်တတ်နေပြီ။ သူဌေးသားတော်တော်များ များဟာ မိဘအမွေအနှစ်တွေ ထိုင်သုံးဖို့ပဲတတ်ပြီး တိုးပွားအောင် မလုပ်နိုင်ကြဘူး။ စက်ပျက်တာကို မပြင်တတ်တာပေါ့။ အဲ–ချမ်းသာတဲ့ဒဂ်ါးဘက်မှာ ကြီးပြင်းလာကြတော့ ဆင်းရဲတဲ့ တစ်ဘက်ခြမ်းရှိတာကို မသိကြတဲ့ သဘောပဲ။ မင်းအနေနှင့် ဆိုရင် ငါ့ရဲ့လမ်းညွှန်မှုနှင့် အခွင့်ကောင်းရခဲ့ပြီ။ ချမ်းသာတဲ့အခြမ်းကို ပြောင်းနေဖို့သာ ကြိုးစားပေတော့"

ကျွန်တော့်ကိုယ်ကျွန်တော် အကြီးမားဆုံး ထိန်းကွပ်ရမယ့်အပိုင်းက ငွေနှင့် ပတ်သက်တဲ့အတွင်းစိတ်ရဲ့ ပကတိအနေအထားပါပဲ။ ကျွန်တော့်နှလုံးသားနှင့် ဝိညာဉ်ထဲမှာ ဆင်းရဲနွမ်းပါးသူတစ်ယောက်ရဲ့ ခံစားချက်တွေ ကိန်းဝပ်နေတတ်တာကြောင့် ငွေတွေအလျှံပယ်ပေါများတဲ့ ကမ္ဘာတစ်ခု ရှိနေသေးပါလားဆိုတာ ကိုယ့်ကိုယ်ကိုယ် အဆက်မပြတ်သတိပေးနေရပါတယ်။

ငွေနှင့်ပတ်သက်လာရင် လူများစုဟာ တုန်လှုပ်ချောက်ချားသွားလေ့ ရှိကြပါတယ်။ ဒီလို စိုးရိမ်ကြောက်လန့်မှုတွေနှင့် သံသယတွေက မိမိကိုယ်မိမိ ယုံကြည်မှုနှင့် လေးစားအားကိုးမှုတွေကို ထိခိုက်လျော့ပါးစေတာ အမှန်ပါပဲ။ ဒါပေမယ့်

၁၉၉၀ ပြည့် နှစ်ဦးပိုင်းက ဒေါ်နယ်ထရမ့်ပ်ဟာ သူတစ်ဦးတည်းအနေနှင့် ဒေါ်လာ ၁ သန်း အကြွေးတင်ခဲ့ရပြီး၊ အများဆိုင်လုပ်ငန်းအရ ၉ သန်းတောင် အကြွေးရှိနေခဲ့တယ်။

အင်တာဗျူးသမားတစ်ယောက်က သူ့ကို အကြွေးတွေများလာလို့ စိတ်မပူဘူးလား'မေးတော့ ထရမ့်ပ်က ပြန်ပြောတယ်။

"စိုးရိမ်ပူပန်တယ်ဆိုတာ သက်သက် အချိန်ဖြုန်းတာပဲ။ ကျွန်တော်ကတော့ စိုးရိမ်ပူပန်စိတ်တွေကို အသုံးချပြီး ပြဿနာတွေဖြေရှင်းပစ်တယ်"တဲ့။

မှန်ပါတယ်။ လူတွေမချမ်းသာရတဲ့ အဓိကအကြောင်းရင်းတစ်ခုဟာ မဖြစ်နိုင်တာကြီးကို တွေးပြီး စိုးရိမ်မှုလွှမ်းကဲနေတာကြောင့်ပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

သူဌေးဖေဖေရဲ့ 'ရင်းနှီးမြှုပ်နှံမှု သင်ခန်းစာ–၂' ကတော့ ငွေကြေးပြည့်စုံလုံလောက်မှုမရှိတဲ့ လောကနယ်ပယ်နှင့် ငွေတွေပြည့်လျှံနေတဲ့ လောကနယ်ပယ် ၂ ခုစလုံးကို မြင်အောင်ကြည့်တတ်ဖို့, စိတ်ဓာတ်အားဖြင့် ရွေးချယ်ဖို့ပဲ ဖြစ်ပါတယ်။

သူဌေးဖေဖေကတော့ ငွေနည်းနည်းလေးမျှ မရှိလို့ပဲဖြစ်ဖြစ်, အကြီးအကျယ်ပေါလျှံနေလို့ပဲဖြစ်ဖြစ် စီးပွားရေးစီမံကိန်းတစ်ခုတော့ ရှိကို ရှိထားရမယ်လို့ ဆိုပါတယ်။

"မင်းမှာ ငွေတွေအလျှံပယ် ကြွယ်ဝနေတဲ့ကြားက စီမံကိန်းတစ်ခုခုမရှိရင် အဲ့ဒီငွေတွေအားလုံး ကုန်သွားပြီး ဒုံရင်းဘဝဟောင်းကို ပြန်ရောက်သွားမှာပဲ။ အဲဒီဘဝဟောင်းဆိုတာ လူ ၉၀ ရာခိုင်နှုန်းလောက် သိထားကြတဲ့ ငွေကြေးမပြည့်စုံလို့ သောကရောက်ရတဲ့ လောကကြီးပဲပေါ့"

## လုံခြုံစိတ်
## ချမှုနှင့် ဆင်းရဲ
## ချို့တဲ့မှု

"လူတစ်ယောက်ဟာ လုံခြုံစိတ်ချရမှုကို အဓိကထားရှာရင်း သူတို့ဘဝမှာ ပိုပြီး ဆင်းရဲနွမ်းပါးရုံပဲ ရှိမယ်။ လုံခြုံစိတ်ချရမှုနှင့် ဆင်းရဲချို့တဲ့မှုဆိုတာ လက်တွဲဖော်ညီအစ်ကိုတွေပဲ။ ဒါဟာ အလုပ်ရဲ့လုံခြုံစိတ်ချရမှု(ဝါ) အာမခံချက်ကို အမိအရကုပ်ထားတဲ့လူတွေအဖို့ ချမ်းသာကြွယ်ဝဖို့ကို လက်လွှတ်ရတဲ့ အကြောင်းရင်းဆိုလည်း မမှားဘူး။ ၉၀/၁၀ ငွေကြေးနိယာမ စည်းမျဉ်းဥပဒေသဟာ တကယ်မှန်တယ်။ ဒါကလည်း လူတွေက ငွေကြေးစီးပွားရေးပညာ တတ်ကျွမ်းအောင် သင်ရမယ့်အစား ငွေကြေးလုံခြုံရေးအာမခံချက်ကိုသာ ရှာခဲ့တာကြောင့်ပဲ။ စင်စစ်က စီးပွားရေးကျွမ်းကျင်မှ မင်းဘဝမှာ အလျှံပယ်ချမ်းသာမှာကွ"

ရှင်းပါတယ်။ သူဌေးဖေဖေကိုယ်တိုင် လက်တစ်ဆုပ်စာ ပိုက်ဆံလေးနှင့် ဟာဝိုင်ယီက အဖိုးတန်ဆုံးမြေတချို့နှင့် စီးပွားရေးလုပ်ငန်းတွေကို အပိုင်သိမ်းခဲ့တာကိုထောက်ရင် ဒီစကားမှန်ကြောင်း သိသာလှပါတယ်။

စီးပွားရေးပညာတတ်ကျွမ်းလေလေ အခွင့်အလမ်းတွေဆုပ်ဖမ်းနိုင်တဲ့ တန်ခိုးတွေ ပိုရလေလေဖြစ်ပြီး၊ ဒေါ်လာ သန်းပေါင်းများစွာဖြစ်အောင် လုပ်ယူနိုင်မှာ မလွဲပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

လူတွေဟာ အခွင့်အလမ်းတွေ ပါလျက်နှင့် ငွေဖြစ်အောင် လုပ်နိုင်စွမ်းမရှိတာဟာ လုံခြုံစိတ်ချရမှုကိုသာ တပ်မက်နေကြလို့ပါပဲ။

"လုံခြုံစိတ်ချရတဲ့ အာမခံချက်ကို ဦးစားပေးနေကြတဲ့လူတွေဟာ လက်တစ်ကမ်းမှာရောက်နေတဲ့ အခွင့်ကောင်းကို မမြင်ကြတော့ဘူးလေ။ သူတို့ဟာ ဒင်္ဂါးရဲ့ တစ်ဘက်ခြမ်းကိုသာမြင်ပြီး ကျန်တဲ့တစ်ဘက်ကို လှန်မကြည့်မိတဲ့ သဘောပါပဲ။

ဘော့စ်ဘောလ်ချန်ပီယန် ယူဂိဘီရာပြောသလိုပါပဲ။ '၁၀ ချက်မှာ ၇ ချက်ရိုက်ထုတ်လိုက်ရင် နာမည်ကြီးသွားနိုင်တယ်။ ငွေကြေးမလုံခြုံမှာကြောက်တဲ့ လူတွေကတော့ တစ်ချက်ကလေးမျှ မရိုက်နိုင်ကြတော့ ဆင်းရဲတွင်းထဲ နစ်နေကြရတော့တာပေါ့"လို့ သူဌေးဖေဖေက သွန်သင်ပြောကြားခဲ့တာပါ။

## စိတ်နေသဘောထား ဉာဏ်စမ်းပဟေဠိ

'လောကကြီးမှာ ငွေရှားတယ်'လို့ ထင်ကြ,မြင်ကြတဲ့ မိသားစုက ကျွန်တော်ဟာ ပေါက်ဖွားလာခဲ့ရသူပါ။

ဒီတော့ ကျွန်တော့်အဖို့ ငွေပေါတဲ့ အခြားကမ္ဘာတစ်ခုလည်း ရှိသေးတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ထပ်တလဲလဲသတိပေးပြီး ၂ လောကလုံး ကြည့်မြင်နိုင်တဲ့ စိတ်ကိုမွေးဖို့ ကြိုးစားခဲ့ရပါတယ်။

ဒီ့အတွက် ခင်ဗျားကိုလည်း စိတ်စမ်းပြီး မေးခွန်းလေးတွေ ထုတ်ပါရစေ။

၁။ ငွေရှားတဲ့လောကနှင့် ငွေပေါတဲ့လောက ၂ ခုရှိတယ်ဆိုတာ ယုံပါသလား။
ယုံသည်......... မယုံပါ.........

၂။ သင်ဟာ ငွေရှားတဲ့လောကမှာ ရောက်နေတယ်ဆိုရင် ငွေပေါတဲ့လောကကို သွားနေလို့ ဖြစ်နိုင်ခြေရှိမယ် ထင်ပါသလား။
ထင်သည်......... မထင်ပါ.........


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ။ ၅ ။

ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၃

ရင်းနှီးမြှုပ်
နှံမှုက ဘာ
ကြောင့် ရှုပ်ထွေးနေ
ရတာလဲ

တစ်နေ့ ကျွန်တော်က သူဌေးဖေဖေရဲ့ရုံးခန်းမှာထိုင်နေရင်းက သူ ဖုန်းပြောနေတာ စောင့်နေပါတယ်။

"သြော်...မင်းက ဒီနေ့ သိပ်ဆန္ဒပြင်းပြနေတယ်ပေါ့။ ဟုတ်လား။

"မင်း အဓိကကိုင်ထားတာ ရှုံးသွားရင် ဖြန့်ထားတဲ့ကျန်တာတွေ ဘာဖြစ်သွားမလဲ။

"အိုကေ၊ အိုကေ။ မင်းက အရှုံးကာမိအောင်လို့ ၂ ဘက်ခွထားတဲ့ အော့ပ်ရှင်တစ်ခုကို ဝယ်နေတာကို ငါ သဘောပေါက်ပြီ။

"အဲဒီစတော့တွေကို မင်း ရှော့တ်လုပ်ပစ်တော့မလို့ဆို။ ရှော့တ်မယ့်အစား အော့ပ်ရှင်လုပ်တဲ့နည်းကို ဘာကြောင့် မသုံးတာလဲ"

အဲဒီတုန်းက အော့ပ်ရှင်(option)ဆိုတာ စိတ်ကြိုက်ရောင်းဝယ်ခွင့်(ဝါ) သတ်မှတ်ချိန်အတွင်းမှာ ကန့်သတ်ဈေးနှင့် အရောင်းအဝယ်လုပ်တာ။ ရှော့တ်(short) ဆိုတာ စတော့ရှယ်ယာတွေ ထုတ်ရောင်းတာ စသဖြင့် မသိခဲ့တဲ့ ကျွန်တော့်အဖို့ အူကြောင်ကြောင်နှင့် ငေါင်သွားရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


သူဌေးဖေဖေ ဖုန်းချလိုက်တော့မှ

"အန်ကယ် ဘာတွေပြောနေမှန်းကို မသိတော့ပါဘူးဗျာ။ ရင်းနှီးမြှုပ်နှံမှု လုပ်တာတွေက ခေါင်းရှုပ်စရာကြီးပဲ"လို့ ကျွန်တော် ဖွင့်ပြောမိပါတယ်။

သူဌေးဖေဖေက ပြုံးပြီး

"ငါ အခုပြောတဲ့စကားတွေက တကယ့်ရင်းနှီးမြှုပ်နှံမှု မဟုတ်သေးပါဘူးကွ"

"ခုဟာတွေက ရင်းနှီးမြှုပ်နှံမှုမဟုတ်ရင် ဘာတွေလဲ။ ဒီစကားတွေက တီဗီတို့,ရုပ်ရှင်တို့မှာ 'ရင်းနှီးမြှုပ်နှံမှုသူ'ဆိုတဲ့လူတွေ ပြောနေကျလေသံနှင့် တစ်ထေရာတည်းပဲ ဥစ္စာ"

သူဌေးဖေဖေက ပြုံးရာက ရယ်လိုက်ပြီး ရှင်းပြပါတယ်။

"အရင်ဆုံး မင်းသိထားဖို့က ရင်းနှီးမြှုပ်မှုဆိုတာ ကွဲပြားခြားနားတဲ့ ကိစ္စ အမျိုးမျိုးကို ကွဲပြားခြားနားတဲ့လူအမျိုးမျိုးက လုပ်ကိုင်တာဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒါကြောင့်လည်း ရှုပ်ထွေးတယ်လို့ ထင်ရတာ။ လူတွေပြောပြောနေတဲ့ ရင်းနှီးမြှုပ်နှံမှု ဆိုတာ ရင်းနှီးမြှုပ်နှံမှုအစစ် မဟုတ်သေးဘူးကွ။ လူတွေက အကြောင်းအရာတစ်ခု တည်းကို ပြောနေတယ် ထင်ကြပေမယ့် တကယ့်တကယ်တော့ မတူကွဲပြားတဲ့ကိစ္စ တွေကို ပြောနေကြတာကွ"

"ဟာ။ အန်ကယ်ကလည်း ရှင်းခါမှ ပိုရှုပ်သွားပြီ။ ဘယ်လိုဗျာ။ တစ်ခုတည်း သောကိစ္စလို့ ထင်ပြီးပြောနေကြတဲ့တိုင်အောင် မတူကွဲပြားတဲ့ကိစ္စတွေ။ ဟုတ်လား"

သူဌေးဖေဖေက ထပ်ရယ်ပြန်ပါတယ်။

ဒီလိုနှင့် သင်ခန်းစာ စ,ပေးတော့တာပဲ ဆိုပါတော့။

**ရင်းနှီးမြှုပ်မှုဆိုတာ**
**မတူတဲ့ လူအမျိုးမျိုးအဖို့**
**မတူတဲ့ကိစ္စ**
**အမျိုးမျိုးသာဖြစ်တယ်။**

အဲဒီနေ့က သင်ခန်းစာစ,ခဲ့ရာမှာ သူဌေးဖေဖေက အဓိကအချက်ကို အကြိမ်ပေါင်းများစွာ ထပ်ပြောခဲ့တာပါ။ မတူတဲ့ လူအမျိုးမျိုးအတွက် မတူတဲ့ကိစ္စအမျိုးမျိုး ကို ပါဝင်လုပ်ကိုင်တာဟာ ရင်းနှီးမြှုပ်နှံမှုပဲလို့ အဓိပ္ပာယ်ဖွင့်ခဲ့တာပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


အရေးကြီးတဲ့ ဒီသင်ခန်းစာကို ထင်လင်းအောင် ခုလို ရေးချရှင်းပြခဲ့လေရဲ့။

၁။ တစ်နည်းအားဖြင့် တန်ဖိုးချင်း မတူကွာခြားချက်အချို့ကို ထုတ်ဖော်ခဲ့တာပါပဲ။

က – တချို့လူတွေက မိသားစုကြီးတစ်ခုအနေနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်တယ်။ သားသမီးမြေးမြစ် စသဖြင့် ပွားများကြီးထွားလာတဲ့ မိသားစုကြီးဟာ တစ်ချိန် သူတို့ အိုမင်းမစွမ်းရှိတဲ့အခါမှာ ပြုစုစောင့်ရှောက်မှာ သေချာတယ်ပေါ့။

ခ – များသောအားဖြင့်လည်း ပညာရေး, အာမခံချက်ရှိတဲ့ အလုပ်, အကျိုးအမြတ်ရှိမယ့်အလုပ်တွေမှာ ရင်းနှီးမြှုပ်နှံကြတယ်။ တစ်ဦးချင်းအနေနှင့် အရည်အချင်းအလျောက်(ဝါ) ဈေးကွက်ဆိုင်ရာ ကျွမ်းကျင်မှုပေါ်မူတည်ပြီး တန်ဖိုးတွေ တက်လာကြတာကလား။

ဂ – လူတချို့ကတော့ ပြင်ပပိုင်ဆိုင်မှုတွေမှာ ရင်းနှီးမြှုပ်နှံကြတယ်။ အမေရိကားမှာဆိုရင် လူဦးရေရဲ့ ၄၅ ရာခိုင်နှုန်းဟာ ကုမ္ပဏီ ရှယ်ယာတွေ ပိုင်ဆိုင်ကြတယ်။ ဒီအရေအတွက်ဟာ အလုပ်တွေ နည်းလာပြီး အာမခံချက်မရှိဘဲ လုံခြုံစိတ်ချရတာ တစ်သက်လုံး ခါးချည့်အောင်လုပ်ရမယ့်အရေးကို မြင်လာရာက တစ်နေ့တခြား တိုးပွားလာတာပဲ။

၂။ ထုတ်လုပ်မှုအမျိုးမျိုးမှာ ရင်းနှီးမြှုပ်နှံကြတာလည်း ရှိတယ်။

က – စတော့ရှယ်ယာတွေ, စာချုပ်တွေ, အကျိုးတူရန်ပုံငွေ အစုစပ်ထည့်ဝင်ငွေတွေ, အိမ်မြေလုပ်ငန်းတွေ, အာမခံလုပ်ငန်းတွေ, ကုန်ပစ္စည်းတွေ, စုငွေတွေ, စုပေါင်းသမဝါယမတွေ, အဖိုးတန်ရတနာတွေ, ကြိုးထိုးထည့်ဝင်ငွေတွေ စသဖြင့် စသဖြင့်ပေါ့။

ခ – အဲ့ဒီအုပ်စုတွေထဲကမှ အုပ်စုငယ်လေးတွေ ထပ်ကွဲသွားပြန်ပါရော။

စတော့လုပ်ငန်းတွေနှင့် သာဓကဆောင်ပြပါ့မယ်။

၁ – အများဆိုင်စတော့

၂ – စိတ်ကြိုက်ရွေး ဦးစားပေးစတော့

mgyoe.com

၃ – အာမခံချက်ပါတဲ့ စတော့
၄ – ငွေရင်းနည်း အသေးစားစတော့
၅ – အဖိုးတန်တဲ့စတော့
၆ – လဲလှယ်ခွင့်ရှိတဲ့စတော့
၇ – နည်းပညာဆိုင်ရာစတော့
၈ – စက်မှုလုပ်ငန်းဆိုင်ရာစတော့
၉ – အခြားအခြားသော စတော့များ

အလားတူပဲ အိမ်မြေလုပ်ငန်းတွေမှာလည်း ထပ်ခွဲလို့ရသေးတယ်။
၁ – လုံးချင်းအိမ်ရာ
၂ – စီးပွားရေးလုပ်ငန်း ရုံးအဆောက်အဦ
၃ – စီးပွားရေးဆိုင်ရာ ရုံးခန်းငှားခြင်း
၄ – စုပေါင်းအိမ်ရာ
၅ – ကုန်ရုံ
၆ – စက်ရုံ
၇ – မြေရိုင်းများ
၈ – ပြုပြင်ပြီးမြေ
၉ – အခြားအခြားသော အိမ်မြေလုပ်ငန်းများ

အကျိုးတူထည့်ဝင်ငွေတွေကို ခွဲမယ်ဆိုရင်လည်း ခုလိုတွေ့ရမှာပါ။
၁ – ညွှန်းကိန်း ထည့်ဝင်ငွေ
၂ – ခိုင်မာသေချာသော ထည့်ဝင်ငွေ
၃ – အပိုင်းအခြားကဏ္ဍအလိုက် ထည့်ဝင်ငွေ
၄ – ကန့်သတ် ထည့်ဝင်ငွေ
၅ – ဝင်ငွေအချိုးအစားအရ ထည့်ဝင်ငွေ
၆ – အညီအမျှ ထည့်ဝင်ငွေ
၇ – စည်ပင်သာယာစာချုပ် ထည့်ဝင်ငွေ


mgyoe.com

၈ – ဒေသဆိုင်ရာ ထည့်ဝင်ငွေ
၉ – အခြားအခြားသော ထည့်ဝင်ငွေများ

အာမခံလုပ်ငန်းတွေကျတော့ ဒီလိုရှိတယ်။
၁ – သက်တမ်းပြည့်, နှစ်ကာလအပိုင်းအခြားနှင့် ပြောင်းလဲနိုင်သောအာမခံ
၂ – လူတိုင်းနှင့်ဆိုင်သော, ပြောင်းလဲနိုင်သော အာမခံမျိုးစုံ
၃ – ရောနှောထားသော အာမခံ (ပေါ်လစီတစ်ခုတည်း၌ သက်တမ်းပြည့်နှင့် နှစ်အပိုင်းအခြား)
၄ – အသက်အာမခံ
၅ – အရောင်းအဝယ် သဘောတူညီချက်အာမခံ
၆ – ဆုကြေးနှင့် လျော်ကြေးဆိုင်ရာအာမခံ
၇ – အိမ်မြေခွန်များ ထည့်ဝင်ကြေးအတွက်အာမခံ
၈ – အငြိမ်းစားရပိုင်ခွင့်အာမခံ
၉ – အခြားအခြားသော အာမခံကိစ္စများ

ဂ – ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကတော့ အမျိုးတစ်ပုံကြီးရှိပြီး၊ ကွဲပြားခြားနားမှုအလျောက် တစ်ခုချင်းကို ပုံစံတွေ ခွဲထားတာပါ။ ဒါဟာလည်း ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ ရှုပ်ထွေးရတဲ့ နောက်အကြောင်းတစ်ခု ဖြစ်ပါတယ်။

## ၃။ ကွဲပြားခြားနားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ

သူဌေးဖေဖေက ရင်းနှီးမြှုပ်နှံမှုကိစ္စတွေမှာ ရောင်းတာ, ဝယ်တာ, ကုန်ကူးတာ, သိမ်းဆည်းထားတာတွေနှင့် ပတ်သက်ပြီး နည်းလမ်းတွေ ဖော်မြူလာတွေ, နည်းပညာတွေကိုဖော်ပြဖို့ ‘လုပ်ငန်းစဉ်’ဆိုတဲ့ စကားလုံးကို သုံးပါတယ်။

သူပြောတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်အမျိုးမျိုးထဲက တချို့ကို ထုတ်နုတ်ပြရရင်ဖြင့်–


mgyoe.com

mgyoe.com SAMPLE BOOK

က – ဝယ်တယ်, သိမ်းထားတယ်။
ပြီးတော့ (အကြာကြီး)ဆုတောင်းနေတယ်။
ခ – ဝယ်တယ်, ပြန်ရောင်းတယ်။ (ကုန်ကူးတာ)
ဂ – ရောင်းပြီးတော့ ဝယ်တယ်။ (အချိန်တို)
ဃ – ကာလသတ်မှတ်ချက်အရ ဝယ်ရောင်းလုပ်တယ်။ (ကုန်ကူး)
င – ဒေါ်လာတန်ဖိုးကို ပျှမ်းမျှခြင်းတွက်တယ်။ (ကြာ)
စ – ပွဲစားလုပ်တယ်။ (အရင်းမဲ့ကုန်ကူး)
ဆ – ငွေစုတယ်။ (စုဆောင်းခြင်း)

၄။ သူတို့ရဲ့ လုပ်ငန်းတွေနှင့် လုပ်ငန်းစဉ်မှုတွေကို လိုက်ပြီး ရင်းနှီးမြှုပ်နှံသူ အမျိုးအစားတွေကို သတ်မှတ်ကြပြန်တယ်။

က – ကျုပ်က စတော့ကုန်ကူးသူ၊
ခ – ကျုပ်က အိမ်မြေဈေးကစားတယ်၊
ဂ – ကျုပ်က ရှားပါးတဲ့ငွေတွေကို စုဆောင်းတယ်၊
ဃ – ကျုပ်က အသုံးကျမယ့် အော့ပ်ရှင်တွေကို ကုန်ကူးတယ်၊
င – ကျုပ်ကတော့ တစ်နေ့ချင်း ကုန်သည်ပဲ၊
စ – ကျုပ်ကတော့ ဘဏ်မှာ ငွေအပ်ထားရတာပဲ စိတ်ချသူ။

ခုတင်ပြခဲ့တာအားလုံးဟာ ကွဲပြားခြားနားတဲ့ ရင်းနှီးမြှုပ်နှံသူတွေ, သူတို့ရဲ့ အထူးပြုလုပ်ငန်းတွေ, သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်တွေကို နမူနာ ထုတ်ပြခဲ့တာပဲ ဖြစ်ပါတယ်။

ဒါတွေအားလုံး ရှုပ်ထွေးမှုတွေဖြစ်ကုန်ရတာကလည်း ရင်းနှီးမြှုပ်နှံမှုလောကရဲ့ တကယ့်သဘာဝစရိုက်အပေါ် မူတည်နေလို့ပါပဲ။ အဲ့ဒီအခြေခံသဘာဝအရ လူတန်းစား ကွဲပြားခဲ့ရတယ် ဆိုပါတော့။

က – လောင်းကစားသူများ
ခ – ဈေးကစားသူများ
ဂ – ကုန်ကူးတဲ့ ကုန်သည်များ
ဃ – ငွေစုသူများ
င – စိတ်ကူးယဉ် အိပ်မက်သမားများ
စ – ဆုံးရှုံးသူများ


mgyoe.com

mgyoe.com SAMPLE BOOK

ဒီလူ့အများစုက သူတို့ကိုယ်သူတို့ ရင်းနှီးမြှုပ်နှံသူလို့ ခေါ်ကြပြီး၊ ကိုယ့်မူကိုယ့်ဟန်နှင့် လုပ်ကိုင်ကြရာက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဟာ ပိုမိုရှုပ်ထွေးသွားရတာပါပဲ။

## ဘယ်သူမျှ လုပ်
## ငန်းတိုင်း ကျွမ်း
## ကျင်တဲ့ ပါရဂူမဟုတ်

ရင်းနှီးမြှုပ်နှံမှုဆိုတာ မတူကွဲပြားတဲ့ ကိစ္စတွေကို မတူကွဲပြားတဲ့ လူတွေက လုပ်ကိုင်ကြတဲ့ အဓိပ္ပာယ်ကို ဆောင်ပါတယ်။ သူဌေးဖေဖေက

"ဒီဘာသာရပ်တစ်ခုလုံးကို ပါရဂူမြောက် အကျွမ်းတကျင်လုပ်နိုင်တဲ့ လူရယ်လို့လည်း တစ်ယောက်မျှ မရှိဘူးကွ။ ရင်းနှီးမြှုပ်နှံမှု အမျိုးမျိုးကွဲပြားနေသလို၊ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းစဉ်တွေကလည်း တစ်ပုံတစ်ခေါင်းကြီးရှိနေတာပဲ"

## လူတိုင်း ဘက်
## လိုက်စိတ်ရှိတယ်

စတော့ရှယ်ယာလုပ်ငန်းနှင့် အလုပ်ဖြစ်နေတဲ့လူက

"စတော့လုပ်ငန်းဟာ မင်းအတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုပဲ"လို့ ပြောလိမ့်မယ်။

အိမ်မြေလုပ်ငန်း ကြိုက်တဲ့လူကလည်း

"အိမ်မြေလုပ်ငန်းဟာ ကြွယ်ဝချမ်းသာရေး အလုပ်အားလုံးရဲ့ အခြေခံအရင်းအမြစ်"တဲ့။

ရွှေကိုမုန်းတဲ့လူကလည်း ပြောပါလိမ့်မယ်။

"ရွှေဆိုတာ ခေတ်မရှိတော့တဲ့ ကုန်ပစ္စည်းပါကွာ"

ဒီကြားထဲက သန်ရာသန်ရာလုပ်နည်းလုပ်ဟန်တွေကို ထပ်ထည့်လိုက်တော့ ခေါင်းရှုပ်ကုန်ရပြန်ရော။

"အစုတွေကို ခွဲဖြန့်ထားလေ။ ခြင်းတောင်းတစ်လုံးတည်းမှာ မင်း 'ဥ'အားလုံး ထည့်မထားနှင့်"လို့ လူတချို့က ဆရာလုပ်နေခိုက်မှာပဲ အမေရိကန်က ရင်းနှီးမြှုပ်နှံသူတွေရဲ့ဘုရင် ဝါရင်းဘတ်ဖက်ကတော့


mgyoe.com

mgyoe.com SAMPLE BOOK


"ခွဲဖြန့်မလုပ်ပါနှင့်။ ခင်ဗျားတို့ရဲ့ 'ဥ'အားလုံးကို တောင်းတစ်လုံးတည်းမှာပဲ ထည့်ထားပြီး အနီးကပ်စောင့်ကြည့်နေပါ"လို့ ပြောပါတယ်။

ဒီလို ပုဂ္ဂိုလ်တစ်ဦးချင်း ကိုယ်လိုရာဆွဲပြောတာကနေ ငွေကြေးပါရဂူဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့စကားတွေဟာ ခေါင်းရှုပ်စရာတွေဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကို ဖုံးကာပစ်လိုက်သလို ဖြစ်စေခဲ့တာကလား။

## ဈေးကွက်တူ
## လျက် ကွဲပြား
## သော ဦးတည်ချက်များ

ဈေးကွက်ဦးတည်ချက်ရဲ့ အနာဂတ်ကမ္ဘာအပေါ်မှာ လူတွေရဲ့အမြင် ကွဲပြားခြားနားချက်ကလည်း နားရှုပ်စရာကြီးပါပဲ။

စီးပွားရေးသတင်းတွေ ထုတ်လွှင့်နေတဲ့တီဗီကို ကြည့်မယ်ဆိုရင်လည်း ကျွမ်းကျင်ပါရဂူလို့ခေါ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ထားပြီး၊ သူကနေ

"ဈေးကွက်ကြီးဟာ ပူလောင်ဆူပွက်နေပြီ။ လာမယ့် ၆ ပတ်အတွင်းမှာ ပြိုကွဲတော့မယ်"လို့ ဟောကိန်းထုတ်လိုက်တယ်။

၁၀ မိနစ်လောက်ကြာရင်ပဲ နောက်တစ်နေရာက ပညာရှင်ဆိုသူကြီးက

"ဈေးကွက်က ဆက်လက်ဦးမော့နေမယ့် အရိပ်အခြည်ရှိတာမို့ ပြိုကွဲမှာ မဟုတ်ပါဘူး"တဲ့။

ကဲ၊ ဘာကို ယုံရမလဲ။

## ပွဲတော် မ
## မီလိုက်ခြင်း

ကျွန်တော့်မိတ်ဆွေတစ်ယောက်က မကြာသေးခင်ကမှ ရင်ဖွင့်ပြီး မေးခဲ့တာပါ။

"ထိပ်တန်းရောက်နေတဲ့ စတော့တစ်ခုအကြောင်း အမြဲကြားနေရတာနှင့် ဝယ်လိုက်တဲ့အချိန်ကျတော့ အဲဒီစတော့က စောက်ထိုးကျနေတာ ကြုံလိုက်ရတယ်။


mgyoe.com

လူကြိုက်များတဲ့ စတော့ကို ဈေးကြီးပေးဝယ်လိုက်ပြီး နောက်တစ်နေ့မှာပဲ ဈေးထိုးကျသွားတာပဲလေ။ ကျွန်တော် ဘာကြောင့် ဒီပါတီပွဲကို နောက်ကျသွားရတာလဲ”

မကြာခဏကြားရတဲ့ မေးခွန်းက နောက်တစ်မျိုးကတော့

“စတော့က ဈေးတွေကျနေတယ်ဆိုလို့ ကျွန်တော် ရောင်းထုတ်လိုက်တယ်။ ဟော။ နောက်တစ်နေ့ကျတော့ ဖြုန်းခနဲ ဈေးတွေထိုးတက်သွားတယ်။ ဘယ်လိုဖြစ်တာလဲ”

ကျွန်တော်က ပထမလူကို

“ခင်ဗျားက ပါတီပွဲကို မမီလိုက်တာကိုး”လို့ပြောပြီး ဒုတိယလူကကိုတော့

“အရောင်းလောသွားတယ်”လို့ မှတ်ချက်ပေးလိုက်မိတယ်။

ရင်းနှီးမြှုပ်နှံသူအစစ်တွေက ထိပ်တန်းစတော့တွေကို လွန်ခဲ့တဲ့ ၂ နှစ် ဈေးဖွင့်စမှာဝယ်ပြီးအမြင့်ဆုံး ဈေးတက်ချိန်မှာ ပြန်ထုတ်လိုက်တယ်။ သူတို့က ဈေးကွက်ထဲ ဝင်ရမယ့်, ထွက်ရမယ့်အချိန်၊ ရောင်းရ,ဝယ်ရမယ့်အခါကို နားလည်တယ်ဆိုပါတော့။

ကျွန်တော့်အဖို့တော့ တစ်ယောက်ယောက်က

“ကျွန်တော် ရှယ်ယာတစ်ခုကို ၂ ဒေါ်လာနှင့် ဝယ်ခဲ့တာ။ ဒီနေ့ဆိုရင် ၃၅ ဒေါ်လာ ပေါက်နေပြီ”လို့ ပြောလာတာမျိုးကို ပိုလန့်တယ်။

ဒီဇာတ်လမ်းမျိုးနှင့် မက်လုံးတွေက ကျွန်တော့်ကို စိတ်မကောင်းဖြစ်ပြီး စိတ်ပျက်ခေါင်းကုပ်ရုံသာ ဖြစ်စေပါတယ်။

ဘာကြောင့်ဆို ဈေးကွက်မှာ နေ့ချင်းညချင်း ရွှေဖြစ်ငွေဖြစ် ချမ်းသာသွားကြတဲ့ပုံပြင်တွေဟာ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်ဆိုင်တဲ့ဖြစ်ရပ်တွေ မဟုတ်လို့ပါပဲ။

## ရင်းနှီးမြှုပ်နှံမှုဟာ ရှုပ်ထွေးတယ်လို့ ဘာကြောင့်ပြောကြသလဲ

သူဌေးဖေဖေ မကြာခဏ ပြောဖူးတယ်။

“ရင်းနှီးမြှုပ်နှံမှုဟာ ရှုပ်ထွေးတယ်ဆိုတာ ဘာသာရပ်ကိုက ဧရာမကြီးမားကျယ်ပြန့်လို့ပါပဲ။ မင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်။ လူတွေဟာ လုပ်ငန်းအမျိုးမျိုး

SAMPLE BOOK

မှာ ရင်းနှီးမြှုပ်နှံမှုလုပ်နေကြတာ တွေ့လိမ့်မယ်။ လူတွေရင်းနှီးမြှုပ်နှံထားတဲ့ ကုမ္ပဏီ တစ်ခုက လျှပ်စစ်ဓာတ်အားတွေ မင်း သုံးနေတယ်မဟုတ်လား။

"ဒီတစ်ခုကို နားလည်လိုက်တာနှင့် ကျန်တာတွေလည်း သဘောပေါက် လောက်ပြီ။ မင်းကား ဓာတ်ဆီ၊ တာယာ၊ ထိုင်ခုံခါးပတ်၊ မှန်သုတ်တံ၊ စက်နှိုး တဲ့ပလပ်၊ လမ်းတွေ၊ လမ်းပေါ်က မျဉ်းကြားတွေ၊ အချိုရည်၊ အိမ်ထောင်ပရိဘောဂ၊ ရှော့ပင်းစင်တာက မင်းအကြိုက်ဆုံး စတိုးဆိုင်၊ ရုံးအဆောက်အအုံတွေ၊ ဘဏ်တွေ၊ ဟိုတယ်တွေ၊ မိုးပေါ်က လေယာဉ်တွေ၊ လေဆိပ်ကကော်ဖီဖောတွေ၊ ပြောရင် ဆုံးတော့မှာ မဟုတ်ဘူး။ အဲဒါတွေအားလုံးဟာ လူတွေရဲ့ စားဝတ်နေရေးဘဝ ခေတ်မီတိုးတက်ရေးအတွက် လူတွေက ရင်းနှီးမြှုပ်နှံမှု ထည့်လုပ်ထားတာချည်းပဲ။ ရင်းနှီးမြှုပ်နှံမှုအစစ်ဟာ အဲဒါတွေအားလုံးနှင့် ပတ်သက်တယ်"

သူဌေးဖေဖေက သူ့စကားကို ခုလို နိဂုံးချုပ်လိုက်ပါတယ်။

"ရင်းနှီးမြှုပ်နှံမှုဟာ လူများစုအတွက် ရှုပ်ထွေးတဲ့ အကြောင်းအရာဖြစ်တာ မှန်တယ်။ အကြောင်းရင်းက သူတို့ရင်းနှီးမြှုပ်နှံမှုလို့ခေါ်တဲ့ လုပ်ငန်းတွေက တကယ့် ရင်းနှီးမြှုပ်နှံမှုအစစ် မဟုတ်လို့ပဲကွ"

နောက်အခန်းမှာ သူဌေးဖေဖေက စိတ်ညစ်စရာအရှုပ်အထွေးတွေကို လျော့ နည်းစေတဲ့ရင်းနှီးမြှုပ်နှံမှုအစစ်အမှန်ဟာ ဘာလဲဆိုတာကို ညွှန်ပြထားပါတယ်။

## စိတ်နေသ
## ဘောထား ဉာဏ်
## စမ်းပဟေဠိ

၁။ ရင်းနှီးမြှုပ်နှံမှုဆိုတာ မတူကွဲပြားတဲ့လူတွေက မတူကွဲပြားတဲ့အလုပ်တွေ လုပ်တယ်ဆိုတဲ့အဓိပ္ပာယ်ကို နားလည်ပါသလား။

နားလည်...........။ နားမလည်...........။

၂။ ရင်းနှီးမြှုပ်နှံမှု ဘာသာရပ်နှင့်ပတ်သက်လို့ အစစအရာရာ သိတဲ့လူ တစ်ယောက်မျှ မရှိဘူးဆိုတာကော လက်ခံပါသလား။

လက်ခံ...........။ လက်မခံ...........။


mgyoe.com

mgyoe.com SAMPLE BOOK

၃။ တစ်ယောက်က ဒီရင်းနှီးမြှုပ်နှံမှုဟာ ကောင်းတယ်။ နောက်တစ်ယောက်က မကောင်းဘူးပြောမယ်။ သူတို့ ၂ ယောက်စလုံး ကြောင်းကျိုးခိုင်လုံမှု ရှိပါသလား။

ရှိ............။မရှိ............။

၄။ သင့်အနေနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စတွေကို တကယ်သိချင်တဲ့ဆန္ဒ ရှိပါသလား။ ဒီဘာသာရပ်အပေါ်မှာ ကွဲပြားခြားနားတဲ့ ရှုထောင့်အမြင်တွေကို နာခံလိုစိတ်ကော ရှိရဲ့လား။

ရှိ............။မရှိ............။

၅။ ပြောပြခဲ့တဲ့ ထုတ်ကုန်နှင့် လုပ်ငန်းစဉ်တွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ သင့်,မသင့် သတိထား ချင့်ချိန်နိုင်ပါပြီလား။

နိုင်............။ မနိုင်............။

၆။ လူတစ်ယောက်အဖို့ ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုဟာ သင့်အတွက် မကောင်းနိုင်တာကို သိပါသလား။

သိ............။ မသိ............။


mgyoe.com

အခန်း ။ ၆ ။

**ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၄**

**ရင်းနှီးမြှုပ်နှံ**
**မှုသည် စီမံ**
**ကိန်းတစ်ခုသာ။**
**ထုတ်**
**ကုန်မဟုတ်၊**
**လုပ်ငန်း**
**စဉ်လည်းမဟုတ်**

ကျွန်တော့်ကို မကြာခဏဆိုသလို ခုလို မေးခွန်းထုတ်ကြပါတယ်။

"ကျွန်မမှာ ရင်းနှီးဖို့ ဒေါ်လာငွေ ၁ သိန်း ရှိပါတယ်။ ဘယ်လိုနေရာမှာ ရင်းနှီးမြှုပ်နှံသင့်တယ် ထင်ပါသလဲ"

ဒီအခါတိုင်း ကျွန်တော် ပြန်ဖြေနေကျစကားကတော့

"ခင်ဗျားမှာ စီမံကိန်းတစ်ခု ရှိပြီးပြီလား"လို့ပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်က ကျွန်တော်ဟာ ဆန်ဖရန်စစ္စကိုမှာရှိတဲ့ အသံလွှင့်ရုံတစ်ခုကို ရောက်သွားပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်တဲ့ အစီအစဉ်တစ်ရပ်မှာ လူသိထင်ရှား အလွန်ရေပန်းစားနေတဲ့ ဒေသခံစတော့ပွဲစားတစ်ယောက်က တင်ဆက်တဲ့ပွဲပေါ့။

နားဆင်သူ ရေဒီယိုပရိသတ်တစ်ယောက်က ဖုန်းနှင့် မေးလာပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော် အသက် ၄၂ နှစ်ရှိပါပြီ။ ကောင်းတဲ့အလုပ်တစ်ခုလည်း ရှိထားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာ ငွေမရှိပါဘူး။ အမေ့မှာတော့ ဒေါ်လာ ၈ သိန်း တန်တဲ့အိမ်တစ်လုံး စပ်ဝယ်ထားရာက ၁ သိန်းဖိုး ပိုင်ဆိုင်ပါတယ်။ သူက အဲဒီထဲက ငွေတချို့ ကျွန်တော့်ကို ထုတ်ချေးပေးတယ်။ 'ရင်းနှီးမြှုပ်နှံမှု စ,လုပ်'လို့ ပြောတယ်။ ဘယ်လုပ်ငန်းမှာ ကျွန်တော် ရင်းနှီးငွေထည့်ရမှာလဲ။ သိချင်ပါတယ်။ စတော့ရှယ်ယာ(ဈေးကွက်)မှာလား, အိမ်မြေလုပ်ငန်းမှာလား။ ဖြေကြားပေးပါ"

ထုံးစံအတိုင်း မေးခွန်းထုတ် ဖြေမိတာပါပဲ။

"ခင်ဗျားမှာ စီမံကိန်းရှိရဲ့လား"

"ကျွန်တော့်အတွက် ဘာစီမံကိန်းမှ မလိုပါဘူး။ ကျွန်တော်က ဘယ်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံရမလဲဆိုတာပဲ မေးတာပါ။ အိမ်မြေက ပိုကောင်းသလား, စတော့ဈေးကွက်က ပိုကောင်းသလား။ ခွဲခွဲခြားခြားသိချင်တာပဲ ရှိတယ်"

"ခင်ဗျား ဘာသိချင်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ခင်ဗျားမှာ စီမံကိန်းတစ်ခုခု ရှိထားသလားဆိုတာတော့ မေးရမှာပဲပေါ့"

ကျွန်တော်က အတတ်နိုင်ဆုံး ယဉ်ယဉ်ကျေးကျေးပဲ မေးပြော, ပြောလိုက်တာပါ။

"ကျွန်တော်ကလည်း စီမံကိန်းမလိုပါဘူးလို့ ပြောပြီပဲ။ ကျွန်တော့်အမေက ငွေထုတ်ပေးမယ်။ ကျွန်တော့်မှာ ငွေတွေ ရလာပြီ။ ဒါဆို ဘာကြောင့် စီမံကိန်း လိုဦးမှာလဲ။ ကျွန်တော် ရင်းနှီးမြှုပ်နှံဖို့ အသင့်ရှိနေပြီပဲ။ ဘယ်ဈေးကွက်က ပိုကောင်းမလဲဆိုတာပဲ မေးခဲ့တာပါ။ ပြီးတော့ အမေရဲ့ပိုက်ဆံတွေထဲက ကျွန်တော့်အိမ်အတွက် ဘယ်လောက် သုံးခွင့်ရှိသလဲဆိုတာလည်း သိချင်ပါတယ်။ ကမ်းခြေဒေသမှာ အစစအရာရာ ဈေးတွေက တစ်အားတက်နေတော့ သိပ် အချိန်မဆိုင်းချင်ဘူးလေ"

ဒီလိုနှင့် ကျွန်တော်လည်း သူ့ခေါင်းထဲကို သံမှိုတစ်ချက် ထပ်ရိုက်ထည့်လိုက်ရပါတော့တယ်။

"ခင်ဗျားဟာ အသက် ၄၂ နှစ်ရှိပြီ။ အလုပ်လည်း ကောင်းတယ်ဆိုပြီး ငွေ ဘာဖြစ်လို့ မရှိတာလဲ။ ခင်ဗျားရဲ့ အမေ့အိမ်အစုကငွေတွေ ဆုံးရှုံးသွားလို့ အကြွေးတွေတင်သွားရင် သူကော ဘယ်လိုဆက်နေမလဲ။ ခင်ဗျား အလုပ်ပြုတ်သွား


mgyoe.com

လို့၊ ဒါမှမဟုတ် ဈေးကွက်ပြိုသွားတဲ့အခါ အိမ်သစ်တစ်လုံး ဝယ်နိုင်ပါဦးမလား။ ခင်ဗျား အိမ်ကိုရောင်းပြီး အကြွေးတွေ ဆပ်နိုင်ပါ့မလား”

ရေဒီယိုနားထောင်တဲ့ လူ ၄ သိန်းနီးပါးဟာ သူ ပြန်ဖြေတာကို ကြားမယ် အောက်မေ့ရပါတယ်။

“အို။ အဲဒါတွေက ခင်ဗျားအလုပ် မဟုတ်ပါဘူး။ ကျွန်တော်က ခင်ဗျားကို ရင်းနှီးမြှုပ်နှံသူတစ်ယောက်လို့ ထင်ခဲ့တာပါ။ ရင်းနှီးမြှုပ်နှံဖို့ အကြံပေးရာမှာ ကျွန်တော့် မိသားစုဘဝ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဝင်စွက်ဖက်စရာ မလိုပါဘူး။ ဒီအထဲက ကျွန်တော့်အမေကိုလည်း ဘေးဖယ်ထားလိုက်ပါ။ ကျွန်တော်က ရင်းနှီးမြှုပ်နှံတဲ့ကိစ္စကိုသာ အကြံတောင်းတာပဲ။ ကိုယ်ရေးကိုယ်တာ အကြံတွေတောင်းတာမှ မဟုတ်ဘဲ”တဲ့။

‘ရင်းနှီးမြှုပ်နှံဖို့အကြံဟာ ကိုယ်ရေးကိုယ်တာအကြံပါပဲ’

သူဌေးဖေဖေဆီက ကျွန်တော်သင်ယူရရှိခဲ့တဲ့ အရေးကြီးဆုံးသင်ခန်းစာက တော့

‘ရင်းနှီးမြှုပ်နှံမှုဟာ စီမံကိန်းသာဖြစ်ပြီး ထုတ်ကုန်/လုပ်ငန်းအစီအစဉ်တစ်ရပ် မဟုတ်ဘူး’ ဆိုတာပါပဲ။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သင်ခန်းစာတွေပို့ချရင်းနှင့် တစ်ခါမှာ

“မင်း အနေးလူစီးကားတွေနှင့် ကုန်တင်ကားတွေ အမျိုးပေါင်းစုံ ကွဲပြား နေရတာ ဘာကြောင့်လဲ သိလား”လို့ မေးခွန်းထုတ်ခံခဲ့ရပါတယ်။

ကျွန်တော်က တစ်အောင့်ကြာစဉ်းစားပြီး

“လူအမျိုးမျိုးကွဲပြားနေသလို သူတို့လိုအပ်ချက်တွေလည်း အမျိုးမျိုး ကွဲပြား ခြားနားနေလို့ပါ။ တစ်ယောက်တည်းနေတဲ့ လူတစ်ယောက်က ၉ ယောက်ဆံ့တဲ့ စတေရှင်ဝက်ဂွန်းကားမျိုး မလိုပေမယ့် ကလေး ၅ ယောက်ရှိတဲ့ မိသားစုအဖို့တော့ အဲသလို ကားကြီးကြီးတစ်စီး လိုအပ်ပါလိမ့်မယ်။ လယ်သမားတစ်ယောက်ဆိုရင် လည်း ၂ ယောက်စီး ပြိုင်ကားလေးထက် နောက်တွဲပစ်ကပ် ထရပ်ကားကို ပိုလို ချင်မှာပေါ့”



mgyoe.com

"မှန်တယ်။ ဒါကြောင့်လည်း ရင်းနှီးမြှုပ်နှံမှုထုတ်ကုန်တွေကို 'ရင်းနှီးမြှုပ်နှံရေးယာဉ်တွေ'လို့ ခေါ်လေ့ရှိကြတာပေါ့"

"ရင်းနှီးမြှုပ်နှံရေးယာဉ်။ ဟုတ်လား။ ဘာကြောင့် အဲ့သလို ခေါ်ကြတာလဲဟင်"

"ယာဉ်ဆိုတာက မင်းလိုရာခရီးကို ပို့ဆောင်ပေးနိုင်တယ် မဟုတ်လား။ ရင်းနှီးမြှုပ်နှံမှုတစ်ခုက ထုတ်လုပ်မှု၊ ဒါမှမဟုတ် ယာဉ်ဟာ မင်းကို ငွေကြေးဘဏ္ဍာရေးအရ လိုအပ်တဲ့ခရီးတစ်ခုကို အရောက်ပို့ပေးနိုင်တယ်လေ။ တစ်ခါတလေ စီးပွားရေး တောင့်တင်းခိုင်မာမှုတောင် ရသွားတဲ့အထိပဲ"

"ဪ။ ရင်းနှီးမြှုပ်နှံမှုဟာ စီမံကိန်းတစ်ခုလို့ ဆိုခဲ့တာ။ ဒါကြောင့်ကိုး"

သူဌေးဖေဖေက သဘောတူ ခေါင်းညိတ်ပြတယ်။

ကျွန်တော်လည်း တစ်စထက်တစ်စ နားလည်စပြုလာပါပြီ။

"ရင်းနှီးမြှုပ်နှံမှုဆိုတာလည်း ခရီးတစ်ခုကိုသွားဖို့ စီမံကိန်းချတာနှင့် အတူတူပဲကွ။ ဆိုကြပါစို့။ တို့ ဟာဝိုင်ယီကနေ နယူးယောက်ကို သွားကြမယ်ဆိုရင် လမ်းလျှောက်သွားလို့၊ စက်ဘီးစီးသွားလို့ ရပါ့မလား။ ဒီအဓိပ္ပာယ်က သမုဒ္ဒရာကို ဖြတ်ဖို့ သင်္ဘော၊ ဒါမှမဟုတ် လေယာဉ်စီးသွားမှ ရမယ်ဆိုတဲ့ သဘောပေါ့။

"ပြီးတော့ ဟိုဘက်ကမ်းရောက်တာနှင့် လမ်းလျှောက်၊ စက်ဘီးနင်း၊ ကိုယ်ပိုင်ကားစီး၊ ရထား၊ ဘတ်စ်ကား၊ လေယာဉ် ကြိုက်တာစီးပြီး နယူးယောက်ခရီးကို ဆက်နိုင်တယ်။ အားလုံးဟာ အမျိုးမျိုးသော ယာဉ်တွေပဲ"

ကျွန်တော်က စကားဆက်လိုက်တာကို သူဌေးဖေဖေက ခေါင်းညိတ်ပြရင်းနှင့်

"လိုအပ်ချက်အရ တစ်ခုနှင့် တစ်ခုဟာ ပိုသာတယ်လို့တော့ မဆိုနိုင်သေးဘူး။ မင်းမှာ အချိန်တွေ အများကြီးပိုနေလို့ နှံ့နှံ့စပ်စပ် ကြည့်ချင်တဲ့ဆန္ဒရှိရင် လမ်းလျှောက်သွားတာ၊ စက်ဘီးစီးသွားတာ အကောင်းဆုံးပဲ။ ကျန်းမာရေးတောင် ပိုကောင်းသွားဦးမယ်။ ဒါပေမယ့် အရေးကြီးတဲ့ကိစ္စနှင့် မနက်ဖြန်ရောက်မှ ဖြစ်မယ်ဆိုရင်တော့ လေယာဉ်စီးသွားတာ အကောင်းဆုံးပေါ့"

"ဒါဖြင့် ထုတ်ကုန်တစ်ခုပေါ်မှာ အာရုံစိုက်တဲ့လူအများစုက စတော့တွေလို ပစ္စည်းမျိုးကို အရေးထားပြီးတော့ လုပ်ငန်းတစ်ခု ကုန်ကူးတဲ့ကိစ္စအဖြစ် သတ်

mgyoe.com

mgyoe.com SAMPLE BOOK

မှတ်ကြတဲ့ သဘောပေါ့။ သူတို့မှာ ဘာစီမံကိန်းမှ မရှိဘူး။ အန်ကယ်ပြောတာ ဒီလိုမဟုတ်လား"

"အေး။ လူများစုဟာ ရင်းနှီးမြှုပ်နှံမှုလို့ ထင်တဲ့ကိစ္စတွေလုပ်ပြီး ငွေဖြစ်အောင် ကြိုးစားကြတယ်။ ကူးသန်းရောင်းဝယ်တာဟာ ရင်းနှီးမြှုပ်နှံမှုလုပ်တာ မဟုတ်ဘူး ရောဘတ်"

"ရင်းနှီးမြှုပ်နှံမှုမဟုတ်ရင် ဘာဖြစ်မလဲ"

"ကူးသန်းရောင်းဝယ်တယ်, ကုန်ကူးတယ်ဆိုတာ လုပ်ငန်းအစီအစဉ်တစ်ခု၊ ဒါမှမဟုတ် နည်းပညာတစ်ရပ်သာ ဖြစ်လို့ပဲ။ စတော့ကုန်ကူးတဲ့ လူတစ်ယောက်ဟာ အိမ်တစ်လုံး ဝယ်ရောင်းလုပ်တဲ့လူနှင့် ဘာမှမခြားဘူး။ အိမ်ဝယ်မယ်, ထိန်းထားမယ်, အမြတ်ကောင်းရရင် ပြန်ရောင်းမယ်။ ဒါ ကုန်ကူးတဲ့အဆင့်ပဲ ရှိတယ်။ လက်တွေ့ဘဝ ပကတိဖြစ်စဉ်အရ ကုန်ကူးကြတာ ရာစုနှစ်နှင့်ချီပြီး ကြာခဲ့,ဟောင်းခဲ့ပါပြီ။ ဥရောပတစ်လွှားက စားသုံးသူတွေအတွက် နိုင်ငံရပ်ခြားက ကုန်စည်တွေကို သဲကန္တာရတွေဖြတ်ပြီး ကုလားအုတ်နှင့်တင်ပို့ ကုန်ကူးခဲ့ကြတာပဲ။ ဒီတော့ လက်လီရောင်းတဲ့ လူတွေလည်း ကုန်သည်အုပ်စုထဲ ပါသွားတယ်။ ကုန်ကူးတဲ့အလုပ်ဟာ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုဆိုလည်း မမှားဘူး။ ဒါပေမယ့် ငါပြောနေတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးတော့ မဟုတ်ဘူး"

"အန်ကယ်ဆိုလိုတာက ရင်းနှီးမြှုပ်နှံမှုဟာ စီမံကိန်းတစ်ခုပဲဖြစ်ပြီး၊ အဲဒီစီမံကိန်းက တစ်နေရာကတစ်နေရာ ကိုယ်လိုရာခရီးကိုရောက်အောင် ဆောင်ကြဉ်းပေးတယ်။ ဒီလိုမဟုတ်လား"

"အင်း။ ရင်းနှီးမြှုပ်နှံမှုတစ်ခု လုပ်ရတာ အပြစ်ဖြစ်လွယ်တာတွေ များသလောက် အသေးအဖွဲလေးတွေနှင့် ရှုပ်တယ်လို့ ထင်ရတယ်။ ဒီကြားထဲကပဲ အဲဒီအရှုပ်အထွေးတွေနည်းအောင် မင်းကို ငါအတတ်နိုင်ဆုံး သင်ပေးချင်တယ်။

"ငွေကြေးစီးပွားရေးအရ ဘယ်မှုခရီးမရောက်တဲ့ အလုပ်တွေကို ရင်းနှီးမြှုပ်နှံမှု ထင်ပြီး ဝင်ပါနေကြတဲ့လူတွေကို နေ့စဉ်နှင့်အမျှ ငါ တွေ့နေရတယ်။ ငါ့အမြင်တော့ သူတို့ဟာ အမှိုက်လှည်းတစ်စီးကို ဝိုင်ကြီးပတ်ချာလှည့်တွန်းနေတာကမှ ပိုကောင်းဦးမယ် ထင်တယ်ကွာ"


mgyoe.com

mgyoe.com SAMPLE BOOK

## ယာဉ် တစ်
## စီးထက် သာသော

ပြီးခဲ့တဲ့အခန်းမှာ ရင်းနှီးမြှုပ်နှံမှုပုံစံအမျိုးမျိုးကို နမူနာပြခဲ့ပါတယ်။

များသောအားဖြင့် လူအမျိုးမျိုးရဲ့ မတူကွဲပြားတဲ့လိုအပ်ချက်တွေကိုလိုက်ပြီး နေ့စဉ်နှင့်အမျှ ဖန်တီးနေကြတာပဲ ဖြစ်ပါတယ်။

လူတွေအနေနှင့် သူတို့ရဲ့ ပုဂ္ဂိုလ်တစ်ဦးချင်း ငွေကြေးစီမံကိန်းတွေ မပီပြင်ဝေဝါးနေကြရာက ခုလို ထုတ်ကုန်တွေနှင့် လုပ်ငန်းစဉ်တွေ ပေါ်ထွန်းလာပြီး ရှုပ်ယှက်ခတ်အောင် ဩဇာလွှမ်းမိုးခဲ့ရတာပါပဲ။

သူဌေးဖေဖေကတော့ ရင်းနှီးမြှုပ်နှံသူ အများစုရဲ့လုပ်ရပ်ကို လှည်းကြီးပတ်ချာလည်တွန်းတဲ့ ဥပမာနှင့် နှိုင်းခဲ့သလို

"ရင်းနှီးမြှုပ်နှံသူအမည်ခံ လူအတော်များများဟာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းတစ်ခုတည်းနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တစ်ခုတည်းအပေါ်မှာ ဖက်တွယ်ထားတာတွေ့ရတယ်။ လူတစ်ယောက် ဆိုပါတော့။ စတော့ဈေးကွက်တစ်ခုတည်းပဲ ဝင်ရင်းမယ်၊ ဒါမှမဟုတ် အိမ်မြေလုပ်ငန်းတစ်ခုတည်း စူးစိုက်နေမယ်။ ဒီလိုနှင့် သူတို့ဟာ တခြားရင်းနှီးမြှုပ်နှံမှုယာဉ်တွေနှင့် လုပ်ငန်းစဉ်တွေရှိနေတာကို မသိနိုင်ကြတော့ဘူး။ မြင်အောင် မကြည့်တတ်တော့ဘူး။ လှည်းတွန်းတာတစ်ခုတည်းကျွမ်းပြီး စက်ဝိုင်းပေါ်တွန်းရင်းက တစ်သက်လုံး ချာချာလည်နေတော့တာပဲ"

သူက သူ့စကားသူ သဘောကျသလိုရယ်နေရာက ထပ်ရှင်းပြဖို့ ကျွန်တော်က ပြောတဲ့အခါ

"တချို့လူတွေက ကုန်စည်တစ်ခုနှင့် လုပ်ငန်းစဉ်တစ်ရပ်အပေါ်မှာ တစ်ဘက်ကမ်းခတ် ကျွမ်းကျင်လာကြတာ ရှိတယ်။ အဲဒါ စက်ဝိုင်းပတ်ပြီး လှည်းတွန်းတာပဲ။ ငွေတွေကို ဘယ်လောက်ပဲ တင်နိုင်တယ်ပြောပြော တွန်းလှည်းဟာ တွန်းလှည်းပဲ ဆန်မှာပေါ့။ တကယ့် ရင်းနှီးမြှုပ်နှံသူဆိုတာက ယာဉ်တွေနှင့် လုပ်ငန်းစဉ်အပေါ်မှာ တွယ်ကပ်နေတာ မဟုတ်ဘူး။ သူ့မှာ စီမံကိန်းတစ်ခုလက်ကိုင်ထားပြီး ရင်းနှီးမြှုပ်နှံရေးယာဉ်ပေါင်းစုံနှင့် လုပ်ငန်းမျိုးစုံကို လိုအပ်သလိုရွေးပြီး အသုံးချသွားတာကွ။ စစ်မှန်တဲ့ ရင်းနှီးသူတစ်ယောက်ရဲ့ဆန္ဒက A အမှတ်က B အမှတ်ကို သတ်မှတ်ထားတဲ့အချိန်မှာ ရောက်သွားဖို့ပဲ။ သူ့အနေနှင့် အဲဒီလှည်း၊ အဲဒီယာဉ်ကို တွန်းဖို့၊ ပိုင်ဆိုင်ဖို့ မလိုလားဘူးလေ"


mgyoe.com

mgyoe.com SAMPLE BOOK


"ကျွန်တော် နားမရှင်းသေးလို့ ဆက်ရှင်းပြပါဦး"

"စဉ်းစားကြည့်လေ။ ဟာဝိုင်ယီက နယူးယောက်ကို ငါသွားချင်ရင် ယာဉ် ပေါင်းစုံရှိတာ ကြိုက်ရာရွေးစီးခွင့် ရှိတာပဲ။ အဲဒီယာဉ်တွေကို ငါပိုင်စရာ မလိုဘူး။ သူတို့ကို အသုံးချရုံသက်သက်ပဲ။ ၇၄၇ ပေါ် တက်စီးလည်း ငါမောင်းစရာ မလိုသလို သူ့ကို အမြတ်တနိုး ဖက်တွယ်ထားစရာ အကြောင်းမရှိဘူး။ ငါ ခရီးရောက်ဖို့သာ လိုတယ်လေ။ ကနေဒီလေဆိပ်ရောက်တော့လည်း ငါ့ဟိုတယ်ကို တက္ကစီငှားသွား မယ်။ ဟိုတယ်စောင့်က လက်တွန်းလှည်းလေးနှင့် ငါ့ခရီးဆောင်အိတ်တွေ သယ်ပြီး ငါ့အခန်းထဲ ပို့ပေးမယ်။ ငါက အဲဒီလှည်းကို ငါပိုင်အဖြစ်၊ ဒါမှမဟုတ် ကိုယ်တိုင် တွန်းစရာမှ မလိုဘဲ"

"ဒါဆို ဘာတွေ ကွာခြားသွားလို့လဲ"

"လူများစုဟာ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုယာဉ်မှာ သာယာမြတ်နိုးမှုနှင့် တွယ် ကပ်နေကြတဲ့အတွက် ငွေကြေးစီမံကိန်းပါ ပူးတွဲချမှတ်ဖို့လိုမှန်း မသိကြတော့ဘူး။ ဒီလိုနှင့် စတော့ဈေးကွက်၊ အိမ်မြေဈေးကွက်ဆိုတဲ့ သံသရာထဲမှာ တဝဲလည်လည်နှင့် လိုရာပန်းတိုင်ကို မရောက်တော့တာပေါ့"

"ဒီတော့ ကိုယ်စီးခဲ့တဲ့ ၇၄၇ ဘိုးရင်းကြီးကို မမက်သလို စတော့တွေ, စာချုပ်တွေ, အကျိုးတူရန်ပုံငွေတွေ, ရုံးအဆောက်အအုံတွေကို ဖက်တွယ်မနေသင့်ဘူး ဆိုပါတော့။ သူတို့ဟာ ခရီးသွားယာဉ်တွေသာဖြစ်ပြီး အသုံးချရုံသက်သက်ပဲ သဘော ထားရမယ်ပေါ့"

"ဟုတ်တယ်။ ငါက ဒီယာဉ်တွေကို တန်ဖိုးတော့ထားတယ်။ သူတို့ယာဉ် တွေ သူတို့ဂရုစိုက်မောင်းနှင်တဲ့ လူတွေကိုလည်း လေးစားတယ်။ ဒါပေမယ့် ဒီယာဉ်တွေကို ငါ သံယောဇဉ်မထားဘူး။ ငါကိုယ်တိုင် တက်မောင်းလိုစိတ်နှင့် ပိုင်ဆိုင်လိုစိတ်တွေ ကင်းတယ်"

"ရင်းနှီးမြှုပ်နှံမှုယာဉ်တွေကို တွယ်ငြိနေရင် ဘာတွေဖြစ်တုန်မလဲ"

"လူတွေက သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုကုန်တွေကို တစ်ခုတည်းသောနှင့် အကောင်းဆုံးလို့ ထင်ထားကြတာကိုး။ ဥပမာ–စတော့ဈေးကွက်, အိမ်မြေ, အကျိုးတူရန်ပုံငွေတွေမှာ မြှုပ်နှံရင်းနှီးထားတဲ့လူတွေ။ သူတို့အဖို့ ထင်ရုံသက်သက်က မမှားပါဘူး။ သူတို့ရဲ့စီမံကိန်းကို ဘေးချိတ်ထားမိတဲ့အတွက်လည်း ပြဿနာ မကြီးသေးဘူး။ အဲ–ငွေတွေပုံအောပြီး ထည့်ထားလိုက်မယ်ဆိုရင်တော့ သူတို့လိုရာ ခရီးကို မရောက်နိုင်ရုံမက ဆိုးဝါးတဲ့ပြဿနာတွေနှင့် ရင်ဆိုင်ရတော့မှာပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒါဆို ကျွန်တော့်မှာ ငွေကြေးစီမံကိန်းတစ်ခု လိုနေပြီ။ ကျွန်တော့်စီမံကိန်း ဟာလည်း ရင်းနှီးမြှုပ်နှံမှုယာဉ်အမျိုးမျိုး အသုံးချရေးကို ရွေးချယ်ဆုံးဖြတ်ရမယ်။ ဟုတ်တယ်မဟုတ်လား"

"ဒီတော့ မင်းမှာ စီမံကိန်းမရှိမချင်း ရင်းနှီးမြှုပ်နှံမှု မလုပ်နှင့်ဦး။ ရင်းနှီး မြှုပ်နှံမှုဟာ စီမံကိန်းပဲဖြစ်ပြီး၊ ထုတ်ကုန်, လုပ်ငန်းစဉ်မဟုတ်ဘူးဆိုတာ အချိန်ပြည့် မှတ်ထားပါ။ သိပ်အရေးကြီးတဲ့ သင်ခန်းစာပဲ"

## စိတ်နေသ

## ဘောထား ဉာဏ်စမ်း

လူတစ်ယောက်ဟာ အိမ်တစ်လုံးမဆောက်ခင်မှာ ထုံးစံအတိုင်း အင်ဂျင်နီယာ ဗိသုကာတစ်ဦးကိုခေါ်ပြီး ပုံစံတွေ ဆွဲခိုင်းရပါတယ်။ ဒီလို စီမံကိန်းပုံစံတွေမပါဘဲ အိမ်ဆောက်ရင် ဘာတွေဖြစ်ကုန်မလဲ စဉ်းစားသာကြည့်။ အဲ–အဲသလိုပဲ။ လူများစုရဲ့ စီးပွားရေးအိမ်တွေ အကောင်းအဆိုး ကြုံရတာ။

သူဌေးဖေဖေကတော့ စီးပွားရေးစီမံကိန်းတွေ ရေးချထားဖို့ ကျွန်တော့်ကို လမ်းညွှန်ခဲ့ပါတယ်။ အစပိုင်းမှာ ဒါဟာ သိပ်မလွယ်ပါဘူး။ ထဲထဲဝင်ဝင် သိမြင် တာလည်း မဟုတ်ဘူး။ သို့ပေမယ့် သိပ်မကြာခင်မှာပဲ စီးပွားရေးအခြေအနေ ဘယ်ရောက်နေတယ်ဆိုတာနှင့် ဘယ်လိုသွားချင်တယ်ဆိုတာတွေ ပြတ်ပြတ်သားသား ပေါ်လာပါတော့တယ်။

ဒါကို သိတာနှင့်တစ်ပြိုင်နက် စီမံကိန်းဆွဲရတာ ပိုလွယ်သွားပါပြီ။

တစ်နည်းပြောရင် ကျွန်တော့်အဖို့တော့ ကိုယ် ဘာလိုချင်တယ်ဆိုတာ ဖော်ထုတ်ဖို့က အခက်ဆုံးအပိုင်းပါပဲ။

ကဲ။ အောက်က စိတ်နေသဘောထား ဉာဏ်စမ်းလေးကို ဖြေကြည့်ပါဦး။

၁။ သင့်ရဲ့ လက်ရှိစီးပွားရေးအခြေအနေကို တွက်စစ်ပြီး ရှေ့အနာဂတ် မျှော်မှန်းချက်ကို ချမှတ်ဖို့ အချိန်ယူနိုင်ပါ့မလား။ ပြီးတော့ ရေးထားရုံ သက်သက်နှင့် စီမံကိန်းတစ်ခုဟာ စီမံကိန်းမမည်သလို၊ တခြားလူ တစ်ယောက်ကို ပြသတိုင်ပင်ဖို့ ဆန္ဒရှိ,မရှိ။

ဟုတ် ............။ မဟုတ် ............။

mgyoe.com

SAMPLE BOOK

၂။ ကျွမ်းကျင်သူ စီးပွားရေးအကြံပေး ပုဂ္ဂိုလ်တစ်ယောက်နှင့် တွေ့ဆုံပြီး သင့်ရဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွေကို ဘယ်လောက်အကူအညီ ပေးနိုင်မလဲဆိုတာ တောင်းဆိုဖို့ သင့်,မသင့်။

သင့်............။ မသင့်............။

ဒီနေရာမှာ အတိုင်ပင်ခံ အကြံပေးပုဂ္ဂိုလ် ၂ယောက်, သို့မဟုတ် ၃ယောက် ကို သွားတွေ့မယ်ဆိုရင် သင့်စီးပွားရေးစီမံကိန်းတွေအပေါ်မှာ ကွဲပြားခြားနားတဲ့ အမြင်တွေကို ရရှိနိုင်ပြီး စဉ်းစားဆုံးဖြတ်ရာမှာ ပိုအကျိုးပြုနိုင်ပါလိမ့်မယ်။


mgyoe.com

အခန်း ။ ၇ ။

**ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၅**

**မင်း စိမ်**
**ကိန်းက ချမ်း**
**သာဖို့လား,**
**ဆင်းရဲဖို့လား**

"အများစုကတော့ ဆင်းရဲဖို့သာ စိမ်ကိန်းချကြတယ်ကွ"

သူဌေးဖေဖေက ပြောတော့ ကျွန်တော် မယုံနိုင်ဘဲ မေးခွန်းပြန်ထုတ်မိပါရဲ့။

"ဗျာ။ အန်ကယ် ဘာကြောင့် ဘယ်လို ဒီစကားကိုပြောနိုင်ပါလိမ့်"

"လူတွေပြောတဲ့အသံကို နားထောင်ရုံနှင့် ငါ သိတာပေါ့။ လူတစ်ယောက်ရဲ့ အတိတ်,ပစ္စုပ္ပန်,အနာဂတ်ကို သူပြောတဲ့စကားလုံးတွေ နားထောင်ကြည့်ရုံနှင့် သိတယ်။

**စကား**
**လုံးများ၏ စွမ်း**
**အင်**

စကားလုံးများရဲ့ စွမ်းအင်နှင့်ပတ်သက်လို့ သူဌေးဖေဖေပေးတဲ့ သင်ခန်းစာတွေဟာ တကယ့်ကို အာနိသင်ထက်မြက်လှချည်ရဲ့။

"လူတစ်ယောက်ယောက်က 'ငွေရှာဖို့ ငွေရှိရမယ်'လို့ ပြောတာမျိုး မင်းကြားဖူးသလား"


mgyoe.com

mgyoe.com SAMPLE BOOK


"ဟုတ်ကဲ့။ တစ်ချိန်လုံး ဒီစကားမျိုးတွေ ကြားနေရတာပဲ။ ဘာဖြစ်လို့လဲ အန်ကယ်"

ရေခဲသေတ္တာထဲက အချိုရည် ၂ ဘူးကို ထုတ်ယူရင်း ကျွန်တော်က တုံ့ပြန်လိုက်တာပါ။

"အေး။ ငွေရှာဖို့, ငွေရှိရမယ်ဆိုတဲ့စကားဟာ အကြံတွေ, ဉာဏ်တွေထဲမှာ တော့ အဆိုးဆုံးအကြံဉာဏ်ပဲကွ"

အချိုရည်ဘူးကို ကမ်းပေးလိုက်ရင်း ကျွန်တော် ပြောမိတယ်။

"ကျွန်တော်တော့ နားမလည်နိုင်တော့ဘူးဗျာ။ ငွေရအောင်ရှာဖို့, ငွေရှိဖို့ မလိုဘူးလားလို့"

သူဌေးဖေဖေက ခေါင်းယမ်းရင်း

"ဘယ်လိုလိမ့်မလဲ။ ငွေရှာဖို့ ငွေမှမလိုဘဲ။ တို့အားလုံးမှာ ထိုက်သင့်တဲ့ တစ်စုံတစ်ရာသာ ရှိရမှာဖြစ်ပြီး ငွေရဖို့ အများကြီးကုန်ကျခံစရာလည်း မလိုဘူး။ တကယ်စိတ်ဝင်စားစရာ ကိစ္စအတော်များများမှာ အခမဲ့ရတယ်လို့တောင် ဆိုလိုချင်သေးတယ်"

သူ့စကားကို ကျွန်တော် သိချင်စိတ် ရှုရှုတက်သွားပေမယ့် သူက ရှင်းပြမှာ မဟုတ်ပါဘူး။ ဒီအစား

"တို့ နောက်တစ်ကြိမ် ပြန်မတွေ့ခင်စပ်ကြားမှာ မင်းအဖေကို မင်း ညစာ ခေါ်ကျွေးကွာ။ ပြီးတော့ အေးအေးဆေးဆေးစားရင်း စကားပြောကြည့်။ သူ့စကားအသုံးအနှုန်းတွေကို ဂရုတစိုက် သေသေချာချာနားထောင်။ ဒါဆိုရင် အဖြေပေါ်လာလိမ့်မယ်"

ဒီလိုနှင့် ကျွန်တော်လည်း အဖေ့ကိုချိန်းတွေ့ပြီး သူအကြိုက်ဆုံး စားသောက်ဆိုင်မှာ ညစာကျွေးခဲ့ပါတယ်။

နောက်တစ်ပတ်လောက်အကြာမှာ သူဌေးဖေဖေနှင့် ကျွန်တော် ပြန်ဆုံပါတယ်။

"မင်း ဒင်နာပွဲက ဘယ့်နှယ်လဲ"

"စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူသုံးတဲ့စကားလုံးတွေကော အဲ့ဒီ စကားလုံးတွေနောက်ကွယ်က သူ့အတွေးအခေါ်တွေ, အနက်အဓိပ္ပာယ်တွေကိုပါ သေသေချာချာ ဂရုစိုက်နားထောင်ခဲ့ပါတယ်"

mgyoe.com

"ဒီတော့ မင်း ဘာတွေကြားရသလဲ"

"ကျွန်တော်ကြားရတဲ့ သူ့အပြောတွေထဲမှာ အရင်ကတည်းက အပ်ကြောင်းထပ်နေတဲ့ စကားတစ်လုံး ပါပါတယ်။ 'ငါတော့မှ ချမ်းသာမှာ မဟုတ်ဘူး'တဲ့။ ပြီးတော့ 'ငါ ကျောင်းဆရာလုပ်ဖို့ ဆုံးဖြတ်လိုက်တဲ့အချိန်ကစပြီး၊ ငါ သိလိုက်တာက ငါဘယ်တော့မှ ချမ်းသာမှာ မဟုတ်တော့ဘူး ဆိုတာပဲ'တဲ့"

"နောက်ထပ် သူပြောနေကျစကားတွေ ဘာရှိသေးလဲ"

"'ငွေဆိုတာ ပဒေသာပင်က အလိုလိုသီးလာတယ်များ မင်းက ထင်နေလို့လား'တဲ့။ 'ငါ့ကိုများ ငွေနှင့်လုပ်ထားတဲ့ ငွေတုံးငွေခဲကြီးလို့ မှတ်နေသလား'တဲ့။ အဲ–ရှိသေးတယ်။ 'လူချမ်းသာတွေက တို့လိုလူတွေကို ဂရုစိုက်ချင်တာ မဟုတ်ဘူး'တဲ့။ 'ငွေဆိုတာ ရှာရခက်တယ်'တဲ့။ 'ချမ်းသာတာထက် ပျော်ရွှင်တာပဲ ငါ ပိုလိုချင်တယ်တဲ့'"

"ကဲ။ ဒါဆိုရင် လူတစ်ယောက်ရဲ့လေသံကို နားထောင်လိုက်ရုံနှင့် သူ့ရဲ့ အတိတ်,အနာဂတ်,ပစ္စုပ္ပန်တွေကို တန်းမြင်နိုင်တယ် ဆိုတဲ့အဓိပ္ပာယ် နားလည်ပြီလား"

"ကျွန်တော်က အဲ့ဒီထက်တောင် သိလိုက်တာတစ်ခု ရှိသေးတယ်"

"ဆိုစမ်းပါဦး။ ဘာများလဲ"

"အန်ကယ်က စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နှင့် ရင်းနှီးမြှုပ်နှံသူတစ်ယောက်ရဲ့ ဝေါဟာရတွေသုံးပြီး၊ ကျွန်တော့်ဖေဖေကတော့ ကျောင်းဆရာတစ်ယောက်ရဲ့ ဝေါဟာရတွေ သုံးတယ်။ ဥပမာ–အန်ကယ့်မှာ ရှယ်ယာရင်းနှီးငွေနှုန်းထား(Capitalization rates) , ငွေကြေးခနအင်အားသုံးမှု(Financial leverage, အီးဘစ်('EBIT'), ထုတ်လုပ်သူ၏ဈေးနှုန်း/စရိတ်မြင့်တင်မှု(Producer price index), အမြတ်ငွေများ(Profits)နှင့် ငွေလည်ပတ်မှု(Cash flow) စတဲ့ စကားလုံးတွေ လက်ကိုင်သုံးဖို့ ရှိထားပါတယ်။ အဲ့သလိုပဲ ကျွန်တော့်ဖေဖေမှာတော့ 'စာမေးပွဲရမှတ်', 'ခွင့်ပြုမိန့်', 'သဒ္ဒါ', 'စာပေရေးရာ', 'အစိုးရရဲ့လျာထားချက်များ', 'ရာထူးတာဝန်ထမ်းဆောင်နေတဲ့ ကာလ' ဆိုတဲ့စကားလုံးတွေ အမြဲသုံးနေကျပဲ မဟုတ်လား"

သူ့ဌေးဖေဖေက ပြုံးလိုက်ပါတယ်။ ပြီးတော့


mgyoe.com

mgyoe.com SAMPLE BOOK


"အေး။ ငွေလုပ်ဖို့ ငွေမလိုဘူး။ စကားလုံးတွေပဲ လိုတယ်ဆိုတာ ရှင်းပြီလား။ သူဌေးတစ်ယောက်နှင့် ဆင်းရဲသားတစ်ယောက်ရဲ့ ကွာခြားချက်ဟာ သူတို့ကိုင်စွဲတဲ့ ဝေါဟာရတွေပဲ။ လူတစ်ယောက် ချမ်းသာချင်တယ်ဆိုရင် ငွေကြေးစီးပွားရေး ဝေါဟာရတွေ များများစားစား သိဖို့ပဲလိုတယ်။ အဲ–မင်္ဂလာအရှိဆုံး သတင်းအနေနှင့် အဲ့ဒီစကားလုံးအများစုကို အခမဲ့အလကားရတာပဲပေါ့"

ကျွန်တော်ဟာ ၁၉၈၀ ပြည့်လွန်နှစ်များမှာ စွန့်ဦးတီထွင်သူနှင့် ရင်းနှီးမြှုပ်နှံမှု ပညာတွေကို အချိန်အများကြီးပေးပြီး သင်ခဲ့ပါတယ်။ ဒီအထဲမှာ လူတွေရဲ့ အသုံးအနှုန်းဝေါဟာရတွေက သူတို့ရဲ့ စီးပွားရေးအခြေအနေကို ဘယ်နည်းဘယ်ပုံ ဖန်တီးပေးသလဲဆိုတာကို အနီးကပ် လေ့လာတာလည်း ပါခဲ့ပါတယ်။ ကျွန်တော့်ရဲ့ လေ့လာချက်တွေအရ အင်္ဂလိပ်ဘာသာမှာ စကားလုံး ၂ သန်းလောက်ရှိရာက အများအားဖြင့် စကားလုံး ၅၀၀၀ လောက်သာ အသုံးပြုကြတာ တွေ့ရပါတယ်။ လူတွေဟာ စီးပွားရေးအောင်မြင်မှု ရယူလိုချင်တယ်ဆိုရင်တော့ အဲ့ဒီဘာသာရပ်မှာ သူတို့ရဲ့ ဝေါဟာရအသုံးအနှုန်းတွေ စုဆောင်းရပါလိမ့်မယ်။

ကျွန်တော်ကိုယ်တိုင် အိမ်မြေရင်းနှီးမှုလုပ်ရာမှာ လုံးချင်းအိမ်ငှားတဲ့ ကိစ္စရပ်တွေကစကားလုံးတွေကို တတ်မြောက်အောင် သင်ယူခဲ့ရပါတယ်။

ပုဂ္ဂလိကကုမ္ပဏီတွေထောင်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်တော့လည်း သူ့ဆိုင်ရာ စကားလုံးအသုံးအနှုန်းတွေ တတ်သိထားခြင်းအားဖြင့် ပိုအဆင်ပြေသွားတာ တွေ့ရပါတယ်။

ရှေ့နေကျောင်းမှာ ဥပဒေဝေါဟာရတွေ သင်ရသလို၊ ဆရာဝန်တွေကလည်း ဆေးပညာဝေါဟာရတွေ သင်ရပြီး ကျောင်းဆရာတွေဆိုလည်း ပညာရေးဝေါဟာရတွေ နားမလည်လို့ မဖြစ်ပါဘူး။

အလားတူပဲ လူတစ်ယောက်ဟာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝေါဟာရတွေဖြစ်တဲ့ ငွေ, အရင်းအနှီး, စာရင်းကိုင်ပညာ, လုပ်ငန်းစုဥပဒေ, အခွန်ဥပဒေ ဆိုတာတွေ လေ့လာသင်ကြားမှုမရှိဘဲနှင့် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေနှင့် ရပ်တည်နိုင်ဖို့ အခက်အခဲ တွေ့နိုင်ပါတယ်။

ဒါကြောင့်လည်း ကျွန်တော် ကက်ရှ်ဖလိုး(Cashflow)ပညာပေးကစားချပ်ကို တီထွင်ရာမှာ အစိမ်းသက်သက်လူတွေအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝေါဟာရ

mgyoe.com

တွေနှင့် ကျွမ်းဝင်အောင် ဖန်တီးပေးခဲ့ပါတယ်။ ဒီကစားနည်းကို အထပ်ထပ်အခါခါ ကစားရင်းက 'ပိုင်ဆိုင်မှု'နှင့် 'ပေးဆပ်မှု'ဆိုတဲ့ ဆန့်ကျင်ဘက်စကားလုံးတွေရဲ့ အနက်အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း သိလာစေပါတယ်။

သူဌေးဖေဖေကတော့ မကြာမကြာ ပြောလေ့ရှိပါရဲ့။

"စကားလုံးအဓိပ္ပာယ်တွေ မသိတာထက်၊ တလွဲတချော် အနက်ကောက်တာက ပိုဆိုးပြီး ငွေကြေးပြဿနာတွေကို တာရှည်စေတယ်ကွ။ လူတစ်ယောက်ရဲ့ ငွေကြေးစီးပွားတည်ငြိမ်မှုကို ဖျက်ဆီးပစ်ရာမှာ 'ပေးဆပ်ရမှု'ကို 'ပိုင်ဆိုင်မှု'လို့ မှတ်တာလောက်ဆိုးတာ မရှိတော့ဘူး။ အပေါင်ထားတယ်ဆိုတဲ့ Mortgage ဆိုတဲ့ စကားလုံးဟာ ပြင်သစ်စကား သေခြင်း(Mortir)ဆိုတာက ဆင်းသက်လာတာပဲ။ ဒီတော့ 'ပေါင်နှံမှု'ဆိုတာဟာ 'သေတဲ့တိုင်အောင် သဘောတူမှု'လို့ အဓိပ္ပာယ် သက်ရောက်သွားတယ်။

"အိမ်မြေ(Real Estate)ဆိုတာလည်း အင်္ဂလိပ်စကားစစ်စစ် မဟုတ်ဘူးကွ။ အရင်းအမြစ်က စပိန်စကားက လာတာဖြစ်ပြီး၊ ဘုရင်ပိုင်မြေယာ(Royal Estate)လို့ အဓိပ္ပာယ်ပေါက်တယ်။ ဒါဟာ တို့ရဲ့ခြံမြေတွေကို တကယ်တမ်း မပိုင်ကြတဲ့ အကြောင်းပဲပေါ့။ တို့ဟာ တို့မြေတွေကို နာမည်ခံသဘောလောက်နှင့်သာ ထိန်းသိမ်းခွင့်ရှိနေတာ ဆိုရမယ်။ တကယ်တမ်း တို့ မပိုင်ပါဘူး။ တကယ်ပိုင်တာက အုပ်ချုပ်တဲ့ အစိုးရတွေဖြစ်ပြီး၊ မြေကိုသုံးတဲ့အတွက် မြေခွန်တွေ ကောက်တာပဲလေ"

## ဆင်းရဲ
## စေမယ့် စိမ်
## ကိန်း

တခြားသူတွေရဲ့စကားလုံးတွေကို နားထောင်တဲ့သင်ခန်းစာကို သူဌေးဖေဖေက သင်ပေးခဲ့တဲ့နောက်ပိုင်းမှာ 'လူတွေဟာ ဆင်းရဲကိန်းဆိုက်မယ့်စိမ်ကိန်းတွေ မရည်ရွယ်ဘဲနှင့် ချမှတ်မိကြတဲ့အဖြစ်'ကို သတိပြုမိလာပါတယ်။ ဒီနေ့ ဆိုရင်လည်း လူတွေ အမြဲလိုလိုပြောနေသံတွေ ကြားနေရတာကလား။

mgyoe.com

SAMPLE BOOK

'ငါ အလုပ်နားလိုက်ရင် ဝင်ငွေလည်း ကျသွားမှာပေါ့'တဲ့။ ဟုတ်တယ်။ သူ့စကားအတိုင်း ဖြစ်သွားတာပါပဲ။

တချို့ကလည်း 'ငါ အငြိမ်းစားယူပြီဆိုရင် ငါ့လိုအပ်ချက်တွေလည်း နည်းသွားမှာပါ။ ဒါကြောင့် ဝင်ငွေနည်းသွားလည်း အကြောင်းမဟုတ်ပါဘူး'တဲ့။

ဒီနေရာမှာ အသုံးစရိတ်တွေ လျှော့လိုက်ပေမယ့် တစ်ဘက်က ကုန်ဈေးနှုန်းတွေတက်လာမှာကို ထည့်မတွက်ကြဘူးလေ။ အိုမင်းမစွမ်း နာမကျန်းဖြစ်ချိန်မှာ ဆေးဖိုးဝါးခတွေ မြင့်မားနေရင် ခက်ပြီပေါ့။

'အို။ ကျုပ်တို့အဖို့ နောင်ရေးအတွက် စီမံကိန်းမလိုပါဘူး။ ကျုပ်အလုပ်ဌာနက အငြိမ်းစားစီမံကိန်းနှင့် ဆေးကုသခွင့်စီမံကိန်းတွေ ရှိပြီးသား'လို့ ပြောလာတဲ့လူတွေ ရှိဦးမယ်။

စင်စစ်တော့ အဲ့ဒီစီမံကိန်းတွေဟာ တစ်ဆင့်ခံ ရင်းနှီးမြှုပ်နှံမှုယာဉ်တွေသာ ဖြစ်ပြီး၊ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း မဟုတ်တဲ့အတွက် ရေရှည်နောင်ရေး စိတ်အေးဖို့ ဘယ်သူမှ အာမမခံနိုင်ပါဘူး။

၁၀

အနာ

ဂတ်

ကျွန်တော်ဟာ လူတွေရဲ့ စီးပွားရေးဖြစ်ထွန်းမှု ရေရှည်တည်တံ့ခိုင်မာရေးအတွက် ကူညီပညာပေးဖို့ ကြိုးစားနေတာပါ။

အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါနိုင်ငံတို့မှာကျင့်သုံးနေတဲ့ အငြိမ်းစားစုဆောင်းငွေ စီမံကိန်းများဟာ သတင်းခေတ်ရောက်နေတဲ့ ဒီနေ့လိုအချိန်မျိုးမှာ စိတ်ချရပါမလား။

စက်မှုခေတ်တုန်းက ဝန်ထမ်းတစ်ယောက် အလုပ်ကနားသွားချိန်မှာ ကုမ္ပဏီ၊ သို့မဟုတ် အစိုးရက ထောက်ပံ့ကြေးတချို့ ပေးလေ့ရှိပါတယ်။

ဒါပေမယ့် ဒီနေ့ အငြိမ်းစားစုဆောင်းငွေထည့်ဝင်တဲ့ စီမံကိန်းတွေဟာ ပျက်သုဉ်းရပ်တန့်သွားမယ်ဆိုရင် ဘယ်သူကမှ တာဝန်မယူသလို ကိုယ်ဖြစ် ကိုယ်ခံရုံရှိတော့တာပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့်လည်း ကျွန်တော်တို့သင်တန်းတွေမှာ လူငယ်တွေကို ရေရှည် အကျိုးစီးပွားနှင့် ကျန်းမာရေးအတွက် မြော်မြင်မှုကြီးမားစွာနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်တတ်အောင် ပို့ချပေးနေရပါတယ်။ ဒီလိုမှ မလုပ်ရင်တော့ ကျွန်တော်တို့ လက်ထဲမှာ ဇရာမအချိန်ကိုက်ဗုံးကြီး ကိုင်ထားတာနှင့်မခြားပါဘူး။ လူမှုစီးပွားရေး ဒုက္ခရဲ့နှင့် တည့်တည့်တိုးရတော့မှာပဲ ဖြစ်ပါတယ်။

"မင်းတို့မှာ စီမံကိန်းတစ်ခုရှိထားဖို့ ကြိုးစားပါ။ ပြီးတော့ ချမ်းသာမယ့် စီမံကိန်းလား, ဆင်းရဲမယ့်စီမံကိန်းလားဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင်မေးဖို့ လိုတယ်။ ဆင်းရဲဖို့စီမံမိရင်တော့ အသက်ကြီးတဲ့အခါ စီးပွားရေးသောက ပိုရောက် ရမှာ မလွဲတော့ဘူး"

ကျွန်တော် သတိပေးသလို၊ သူဌေးဖေဖေကလည်း လွန်ခဲ့တဲ့ နှစ်များစွာ ကတည်းက ကျွန်တော့်ကို ပြောခဲ့ပါတယ်။

"ငယ်ငယ်ရွယ်ရွယ်မှာ မင်း ကြုံရမယ့်ဒုက္ခက အဘိုးကြီးဖြစ်ချိန်မှာ ကြုံရ မယ့်ဒုက္ခနှင့် ဘယ်လိုမှ မနှိုင်းသာဘူးကွ။ 'အိုဆင်းရဲ'ကို သေသေချာချာသိမှလည်း မင်းရဲ့ ငွေကြေးစီးပွားရေး စီမံကိန်းကို တခြားလူတွေနှင့်မတူ တစ်မူခြားပြီး ချမှတ် မိလိမ့်မယ်။ 'အိုဇာတာ'ကောင်းပါစေ"

## အို,နာ
## စာ စီမံ
## ကိန်း

အိုပြီးရင် နာမယ်။ အိုတဲ့,နာတဲ့အချိန်မရောက်ခင် စောစောစီးစီး စီမံကိန်း ရေးဆွဲထားဖို့ အရေးကြီးပါတယ်။

ကျွန်တော့်သင်တန်းသားတွေကို ဒီအကြောင်းပြောတော့ သူတို့က သဘောတူ လက်ခံကြောင်း ခေါင်းညိတ်ပြကြတာပါပဲ။ တစ်ယောက်မျှ မကန့်ကွက်ပါဘူး။ ဒါပေမယ့် ပြဿနာက တကယ်လက်တွေ့ အကောင်အထည်ဖော်တဲ့လူ ဆိုလို့ အင်မတန်နည်းတာကလား။

လူအတော်များများဟာ ပါးစပ်က ကောင်းပြီကောင်းရဲ့ပြောကြပြီး လက်တွေ့ စီမံကိန်းရေးဆွဲဖို့ကျတော့ အချိန်မရဘူးဘာဘူးနှင့် ဖင့်လေးနေကြတယ်။


mgyoe.com

ခြေချင်းဝတ်နှင့် လည်တိုင်ကို လေးကိုင်းကြိုးများတပ်သလို အကြိုးစ ၂ ဘက်ပတ် ချည်ထားလိုက်ရင် ကုန်းကုန်းကြီးဖြစ်နေတဲ့ လူတစ်ယောက်ဟာ အတော်လေး အနေခက်ရှာပါလိမ့်မယ်။ ဒီလိုပုံနှင့် သူ့ရှေ့မှာ စားကောင်းသောက်ဖွယ်တွေ လာချထားတဲ့တိုင်အောင် စားနိုင်,သောက်နိုင်ဖို့ မလွယ်လှပါဘူး။

ဒါကို ကျွန်တော့်ကျောင်းသားတွေ သဘောပေါက်အောင် သူတို့ကိုယ်တိုင် ပါဝင်သရုပ်ပြခိုင်းခဲ့ပါတယ်။ ၂ နာရီလောက် ကြိုးတန်းလန်းနှင့်နေခိုင်းပြီးမှ သူတို့ ရှေ့ရေး ငွေကြေးစီမံကိန်းကို အချိန်နည်းနည်းယူပြီးရေးရင် လွှတ်ပေးမယ်ဆိုတော့မှ လိုလိုလားလားနှင့် ရေးပါ့မယ်လို့ သဘောတူခဲ့ကြလေရဲ့။

တစ်နည်းအားဖြင့် ဘဝအခြေအနေပြောင်းလဲမှုအပေါ် မူတည်ပြီး စီးပွားရေး စီမံကိန်းရေးဖို့ စိတ်ဝင်စားမှုတိုးပွားကြတာလို့ ဆိုနိုင်ပါတယ်။

သူဌေးဖေဖေ ပြောသလို

"လူများစုရဲ့ ပြဿနာကလည်း အငြိမ်းစားယူချိန်နောက်ပိုင်းမှာ စီမံကိန်း ချချင်ကြတာပဲ။ အငြိမ်းစားစီမံကိန်းချရုံနှင့် စိတ်မချရသေးဘူးကွ။ ဒီ့ထက်ပိုပြီး အမြင်ကျယ်တဲ့စီမံကိန်းချဖို့ လိုတယ်။ စင်စစ်တော့ မင်း ချမ်းသာမယ်, တတ်နိုင်မယ် ဆိုရင်ဆိုရင် မင်းရဲ့ နောက်ပိုင်း မျိုးဆက် ၃ ဆက်လောက်အထိ မျှော်မှန်းပြီး စီမံကိန်းချသင့်ထားတာပေါ့။ ဒီလိုမှမဟုတ်ရင် မင်း သေသွားတာနှင့် မင်းငွေတွေ လည်း ကုန်သွားမှာပဲ။ ဒီ့အပြင် မင်းငွေတွေအတွက် စီမံကိန်းချမှတ်ထား တာမရှိရင် မင်း ကမ္ဘာပေါ်ကပျောက်ကွယ်မသွားခင် အစိုးရက တာဝန်ယူထားရလိမ့်မယ်"

**စိတ်နေ**

**သဘောထား**

**ဉာဏ်စမ်း**

အချိန်အတော်များများပဲ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အသံတိတ်ပြီး အရေးမကြီးဘူးထင်တဲ့အတွေးတွေကို အနီးကပ်အာရုံစိုက်မှု မရှိကြပါဘူး။

သူဌေးဖေဖေရဲ့ စကားအရတော့

"တို့ဘဝတွေကို အဆုံးအဖြတ်ပေးတာက ကျယ်ကျယ်လောင်လောင်ပြောတဲ့ အသံတွေ မဟုတ်ဘူးကွ။ ပိုပြီး စွမ်းအားတန်ခိုးကြီးမားတဲ့ တို့ကိုယ်ကိုတို့ အတွင်း ကျိတ်ပြန်ပြောတဲ့ တီးတိုးစကားတွေက ဆုံးဖြတ်ချက်ချပေးတာပဲ"


mgyoe.com

mgyoe.com SAMPLE BOOK

ကဲ။ စိတ်ဓာတ်ဉာဏ်စမ်းလေးတွေ ဖြေကြည့်ပါဦး။

၁။ သင်ဟာ ချမ်းသာဖို့ စီမံကိန်း ချထားပါသလား၊ သို့မဟုတ် ဆင်းရဲဖို့ စီမံကိန်း ချထားမိသလား။

ချမ်းသာဖို့............။ ဆင်းရဲဖို့............။

၂။ သင်ဟာ နက်ရှိုင်းပြီး အသံမထွက်တဲ့အတွေးတွေကို ပိုမိုအာရုံစိုက်ဖို့ ဆန္ဒရှိပါသလား။

ရှိ............။ မရှိ............။

၃။ သင့်ရဲ့ ငွေကြေးစီးပွားရေးဝေါဟာရတွေ ကြွယ်ဝအောင် ဆည်းပူးစုဆောင်းဖို့ အချိန်ကို အရင်းအနှီးပြုနိုင်ပါ့မလား။ ပထမဆုံးဝေါဟာရစကားတစ်လုံးကို အရင်ရှာ, အနက်အဓိပ္ပာယ်ဖွင့်ဖို့ အဓိပ္ပာယ်လှန်, ကြေညက်အောင်မှတ်၊ နောက်တစ်လုံး ထပ်ရှာ၊ အသုံးဝင်အောင် စမ်းသုံးကြည့်ဖို့ ကြိုးစား။ ဒီလို ဖြစ်နိုင်,မဖြစ်နိုင်။

ဖြစ်နိုင်............။ မဖြစ်နိုင်............။

သူဌေးဖေဖေဟာ စကားလုံးတွေကို သိပ်ပြီးအရေးထားသူ ဖြစ်ပါတယ်။

"စကားလုံးတွေက အတွေးတွေကို ပုံသွင်းတယ်။ အတွေးတွေက တကယ်ဖြစ်ရှိနိုင်မှုတွေကို ပုံသွင်းတယ်။ တကယ်ဖြစ်ရှိနိုင်မှုက ဘဝတစ်ခုကို ဖြစ်လာစေတယ်။ လူဆင်းရဲနှင့် လူချမ်းသာ အခြေခံခြားနားချက်က သူတို့သုံးတဲ့ စကားလုံးတွေမှာ ပေါ်လွင်နေတယ်။ လူတစ်ယောက်ရဲ့ အပြင်ပန်းဖြစ်ရှိမှုကို ပြောင်းလဲချင်တယ်ဆိုရင် အဲဒီလူရဲ့ အတွင်းသဏ္ဌာန်ကို အရင်ပြောင်းပစ်ရမယ်။ ပထမဆုံးခေတ်မမီတော့တဲ့ စကားအသုံးအနှုန်းတွေကို ပြောင်းပစ်ဖို့လိုတယ်။ ဒီစကားအသုံးအနှုန်းတွေပြောင်းပါမှ သူတို့ရဲ့ဘဝတွေလည်း ပြောင်းသွားမှာပေါ့။ ဝမ်းသာစရာသတင်းကောင်းက အဲ့ဒီစကားလုံးတွေကို အခမဲ့,အလကား မရနိုင်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ။ ၈ ။

ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၆

## စီမံ
## ကိန်းကောင်းပြီး
## စွဲမြဲလုပ်ရင်
## အော်တိုမက်တစ် ချမ်းသာ
## နိုင်တယ်

ကျွန်တော်မိတ်ဆွေ 'တွမ်'ဆိုတာ အတော်ဆုံး စတော့ပွဲစားတစ်ယောက်ပါ။ သူ ပြောလေ့ပြောထရှိတဲ့စကားကတော့

"ဝမ်းနည်းစရာကောင်းတာက ရင်းနှီးမြှုပ်နှံသူ လူ ၁၀ ယောက်မှာ ၉ ယောက်ဟာ ငွေဖြစ်အောင် မလုပ်နိုင်တာပဲ"။ တစ်ဆက်တည်းမှာ

"အဲ့သလို ငွေဖြစ်အောင် မလုပ်နိုင်တာဟာ သူတို့အနေဖြင့် ငွေဆုံးရှုံးမခံနိုင်တာကြောင့်သာ ဖြစ်တယ်"လို့ သူက ထောက်ပြပါတယ်။

သူဌေးဖေဖေကလည်း ဒီပုံစံမျိုး ကျွန်တော့်ကို ပြောဖူးပါတယ်။

"သူတို့ကိုယ် သူတို့ ရင်းနှီးမြှုပ်နှံသူတွေလို့ ထင်ကြတဲ့ လူအတော်များများဟာ တစ်ရက်ငွေရလိုက်ပြီး တစ်ပတ်အကြာမှာ အဲ့ဒီငွေတွေ ပြန်ပေးလိုက်ကြရတယ်။ သူတို့ဟာ ငွေမရှုံးပေမယ့် ငွေပွားအောင် မလုပ်နိုင်ကြဘူး ဆိုရမယ်။ ဒါပေမယ့် သူတို့ကိုယ်သူတို့တော့ ရင်းနှီးမြှုပ်နှံသူတွေလို့ ယူဆနေကြတာကလား"

လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက လူများစုက ရင်းနှီးမြှုပ်နှံမှုလို့ ထင်နေကြတာဟာ 'ဟောလိဝုဒ်ရုပ်ရှင်စတိုင် ရင်းနှီးမြှုပ်နှံမှု'တွေပဲလို့ ရှင်းပြခဲ့ပြီးသားပါ။

လူသာမန်တွေရဲ့ စိတ်ကူးပုံရိပ်ဟာ လမ်းဘေးဈေးသည်တွေလို အော်ရောင်းတတ်ကြသလို၊ တစ်ချိတည်းသန်းချီပွသွားတဲ့ သူကြွယ်ကြီးတွေနှင့်လည်း တူတဲ့အခါ


mgyoe.com

တူတယ်။ စတော့ဈေးတွေ ထိုးကျသွားရာက မိုးမျှော်တိုက်ကြီးပေါ်က စောက်ထိုးကျလွင့်လာတဲ့ ရင်းနှီးမြှုပ်နှံသူတွေလိုလည်း ဖြစ်တတ်တယ်တဲ့။

သူဌေးဖေဖေရဲ့အလိုအရ အဲ့ဒီပုံစံတွေဟာ ရင်းနှီးမြှုပ်နှံတာ မဟုတ်ဘူးဆိုပဲ။

ဝါရင်းဘတ်ဖက်ကို တွေ့ဆုံမေးမြန်းမှု အစီအစဉ်တစ်ခုမှာ ကြည့်ခဲ့ဖူးတာ မှတ်မိပါသေးတယ်။

"ကျွန်တော် ဈေးကွက်ထဲ သွားကြည့်တဲ့ တစ်ခုတည်းသောအကြောင်းကတော့ ဘယ်သူက ဘယ်လိုများ ညစ်မလဲ,လိမ်မလဲ သိရအောင်လို့ပါ"တဲ့။

ပြီးတော့ ဘတ်ဖက်က ဆက်ပြောပြပါသေးတယ်။

သူဟာ ရင်းနှီးမြှုပ်နှံမှု အကြံဉာဏ်အထောက်အကူရဖို့ တီဗီက ဟောကိန်းထုတ်တဲ့ ပညာရှိသုခမိန်ကြီးတွေကို စောင့်ကြည့်လေ့မရှိတဲ့အကြောင်း၊ ရှယ်ယာဈေးအတက်အကျတွေကိုလည်း ဂရုမထားတဲ့အကြောင်းတွေပါပဲ။

အမှန်စင်စစ် သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးသတင်းတွေကို အခြေပြုပြီး ရွှေဖြစ်ငွေဖြစ် လုပ်တဲ့လမ်းစဉ်ရယ်, စတော့အရောင်းမြှင့်တင်ရေးသမားတွေရဲ့အသံကို သံယောင်လိုက်တဲ့နည်းတွေရယ်နှင့် တခြားစီ။ ဘာမျှမဆိုင်ဘူးဆိုတာ ထင်ရှားပါတယ်။

## ၁ လက်မချန်

အများ
ထင်သလို
မဟုတ်တဲ့ ရင်းနှီး
မြှုပ်နှံမှု

သူဌေးဖေဖေက ရင်းနှီးမြှုပ်နှံမှုဆိုတာ အများထင်သလို မဟုတ်တဲ့အကြောင်း ကျွန်တော့်ကို ဟိုတစ်ချိန်က ခုလိုရှင်းပြခဲ့ဖူးပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

"ရင်းနှီးမြှုပ်နှံမှုဆိုတာ ကြေကွဲစရာတစ်ပုံကြီးရှိတာမို့ ဘဝင်တုန်ရင်ခုန်ရတဲ့ ဖြစ်စဉ်တစ်ရပ်လို့ လူအများစုက ယူဆကြတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့အထဲမှာ စွန့်စားမှုတွေ၊ ကံတွေ၊ အချိန်တွေ၊ လက်တို့အကြံပေးချက်တွေ အများအပြား ပါဝင်တယ်လို့လည်း ထင်ကြတယ်။ တချို့ကျတော့ လျှို့ဝှက်သည်းဖိုဆန်တဲ့ ဘာသာရပ်ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုအကြောင်း သိပ်မသိကြဘူးလေ။ ဒါနှင့် သူတို့ထက် ပိုပြီးသိနားလည်တယ်ထင်ရတဲ့ လူတွေလက်ထဲကို ငွေတွေ၊ဘဝတွေ ပုံအောအပ် လိုက်ကြပြန်တယ်။ ရင်းနှီးမြှုပ်နှံသူအမည်ခံ လူအတော်များများဟာလည်း တခြား လူတွေထက် ပိုပြီး တတ်ကြောင်း နပ်ကြောင်းပြဖို့ ရင်းနှီးမြှုပ်နှံမှုလုပ်ပြကြတာ ရှိသေးတယ်။ အဲ့သလို လူတကာက ရင်းနှီးမြှုပ်နှံမှုလို့တွက်ကြတာဟာ ငါသိထားတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး မဟုတ်ဘူးကွ။ ငါပြောတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာကတော့ စီမံကိန်း တစ်ခု၊ တစ်ခါတလေ ပျင်းရိငြီးငွေ့စရာတောင်ကောင်းပြီး ချမ်းသာဖို့အရေးမှာ ယန္တရားဆန်ဆန် လှုပ်ရှားသွားရတာမျိုးကွ"

"အဲသလို ဘာကြောင့်ပြောရတာလဲ အန်ကယ်"

"အတိအကျ ဆိုလိုတာကတော့ ရင်းနှီးမြှုပ်နှံမှုဟာ ရိုးစင်းတဲ့ စီမံကိန်းတစ်ခု ဖြစ်သလို၊ ဖော်မြူလာတွေ၊ နည်းဗျူဟာတွေလည်းပါဝင်ပြီး ချမ်းသာဖို့ အာမခံချက် ရှိတယ်လို့ ဆိုရမလောက်တဲ့ စနစ်တစ်ခုလို့လည်း ဆိုနိုင်တယ်။

"ချမ်းသာဖို့အာမခံချက်ရှိတဲ့ စီမံကိန်း။ ဟုတ်လား"

"အာမခံချက်ရှိတယ်လို့ ဆိုရမလောက်လို့ ငါ ပြောခဲ့တယ်လေ။ ဘာမဆို စွန့်စားမှု အနည်းအပါးတော့ ရှိရစမြဲပေါ့ကွာ"

"ရင်းနှီးမြှုပ်နှံမှုဟာ စွန့်စားစရာ မလိုဘူး။ အန္တရာယ်မများဘူး။ ရင်တုန်ရတာ မဟုတ်ဘူးလို့ ဆိုချင်တာလား"

"အေး။ အမှန်ပဲ။ စင်စစ်မှာလည်း မင်းထင်လို့ဖြစ်တာ။ အဲသလိုမထင်ရင် အဲ့သလိုဖြစ်မှာ မဟုတ်ဘူး။ ငါ့အနေနှင့်တော့ ရင်းနှီးမြှုပ်နှံမှုဟာ ပေါင်မုန့်ဖုတ် သလိုပဲ မှန်မှန်ကန်ကန် စနစ်တကျလုပ်တတ်ရင် ရိုးရိုးလေးနှင့် အေးအေးဆေးဆေးပဲ။ ငါလည်း စွန့်စားမှုကို မုန်းတာပဲ။ ချမ်းသာချင်တဲ့စိတ်သာ ရှိတယ်။ ဒါကြောင့် စီမံကိန်း၊ နည်းနိဿယ၊ ဖော်မြူလာတွေကို ရိုးရိုးတန်းတန်း လိုက်နာတာပဲ။ ရင်းနှီးမြှုပ်နှံမှု အားလုံးကို ဒီအတိုင်း ငါလုပ်ခဲ့တယ်ဆိုပါတော့"

mgyoe.com

mgyoe.com SAMPLE BOOK

"ရင်းနှီးမြှုပ်နှံမှုဟာ အန်ကယ်ပြောသလို နည်းလမ်းကို လိုက်နာကျင့်ဆောင်ရုံ လေးသာ ဖြစ်ပါလျက်သားနှင့် လူတွေကို ဘာလို့ မလိုက်နာနိုင်ကြတာလဲ။ မလိုက်နာ ရင် ဘာတွေဖြစ်မလဲ"

"ဒါတော့ ငါ မသိဘူး။ ငါ သိတာကတော့ အမေရိကန် ၁၀၀ မှာ ၃ ယောက်သာ ချမ်းသာတာပဲ။ ဒီလို လူနည်းစုလေးသာ ရတဲ့အကြောင်းကိုရှာရာမှာ လည်း ချမ်းသာဖို့အခွင့်အလမ်းတွေက တကယ်ပဲနည်းနေလို့လား ဆိုပြီး စဉ်းစားမိ တယ်။ တကယ်တမ်းကျတော့ အဲ့သလို မဟုတ်ပြန်ဘူး။ ဒါဆိုရင် ချမ်းသာချင်တယ်။ ပိုက်ဆံလည်း မရှိဘူး။ ဒီလိုနှင့် ချမ်းသာနိုင်မယ်နည်းလမ်း ဒါမှမဟုတ် စီမံကိန်း တစ်ခုကိုရှာကြံပြီး လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့တာပဲ။ ဒီတော့ မင်းကို ရှေ့ကနေ တစ်ယောက်ယောက်က နည်းပေးလမ်းပြလုပ်လာရင် မင်း ဘာသာမင်း စီမံကိန်းချပြီး လိုက်မလုပ်နိုင်ဘူးလား"

"ဒါတော့ ကျွန်တော် မပြောနိုင်သေးဘူးလေ"

"အဲ့ဒါပဲ။ နည်းက မခက်ဘူး။ စီမံကိန်းချဖို့ကလည်း ရှင်းရှင်းလွယ်လွယ် လေး။ လူတွေက လိုက်မလုပ်နိုင်လို့ အခက်ကြီးခက်နေကြတာ"

"ထပ်ရှင်းပြပါဦး အန်ကယ်"

"ချမ်းသာဖို့အတွက် ရိုးစင်းတဲ့စီမံကိန်းတစ်ခုကို လိုက်နာကျင့်ဆောင်ရမယ် ဆိုတာ ပျင်းရိငြီးငွေ့စရာ ကောင်းတယ်ကွ။ လူတွေရဲ့သဘာဝအရ ခဏလေးနှင့် ငြီးငွေ့သွားချင်ကြပြီး၊ တက်တက်ကြွကြွနှင့် ရင်ခုန်ရတဲ့အလုပ်မျိုးကိုသာ ရှာချင် ကြတာ။ ဒီလိုနှင့် သူဌေးဖြစ်သေချာတဲ့နည်းကို အစလေးသာလိုက်ပြီး ငြီးငွေ့သွား ကြတယ်။ အမြန်ချမ်းသာမယ့် ဖြတ်လမ်းကို ပြေးကူးကြတော့တာပဲ။ ဒီတွင် ဟိုမရောက်ဒီမရောက် ကန့်လန့်ကန့်လန့် ဒုက္ခတွေ့ကြရတော့တယ်။ တကယ် ချမ်းသာမယ့်နည်းလမ်းက ဘာမှ မရှုပ်ထွေးဘူး။ လွယ်လွယ်ရှင်းရှင်းလေးရှိရက်နှင့် ငြီးငွေ့ရတဲ့ဒဏ် မခံနိုင်ကြတာပေါ့။ များသောအားဖြင့် လူတွေက ချမ်းသာအောင် ရင်းနှီးမြှုပ်နှံမှုလုပ်ရာမှာ ပဥ္စလက်နည်းတွေ ရှိတယ် မှတ်ကြတယ်။ ရှုပ်ရှုပ်ထွေးထွေး မဟုတ်ရင်ဘဲ စီမံကိန်းကောင်းတစ်ခုလို့ မထင်ကြတော့ဘူး"

သူ နောက်ပိတ်ဆုံးပြောလိုက်တာတော့ မှတ်လောက်သားလောက်ပါပဲ။

"ငါပြောတာကို ယုံကွ။ 'ရင်းနှီးမြှုပ်နှံမှုကိစ္စမှာ ရိုးစင်းတာတွေက ရှုပ်ထွေး တာထက် ပိုကောင်းတယ်'လို့"

mgyoe.com

"ဒီဖော်မြူလာကို အန်ကယ် ဘယ်ကရသလဲ"

"မိုနိုပိုလီကစားရင်းက ရတာပဲ။ တို့တစ်တွေဟာ ကလေးဘဝကတည်းက မိုနိုပိုလီ ကစားကြတယ်။ ကွာတာက တို့ ကြီးပြင်းလာချိန်အထိ ဒီကစားနည်းကို မရပ်မနားကစားတုန်းပဲ။ ဟိုးအရင်နှစ်တွေတုန်းက မင်းနှင့် မိုက်နှင့်အတူ ငါ နာရီပေါင်းများစွာ မိုနိုပိုလီကစားခဲ့တာ မှတ်မိသေးလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါတယ်။

"ပြီးတော့ အဲ့ဒီဂိမ်းကစားနည်းမှာ အကြီးအကျယ်ချမ်းသာအောင် လုပ်ပေးနိုင်တဲ့ ဖော်မြူလာရှိတာကော မှတ်မိဦးမှာပေါ့"

"ဟုတ်ကဲ့။ ရိုးရိုးလေးနှင့် ဗျူဟာမြောက်တဲ့ဖော်မြူလာက ဘာပါလိမ့်"

"အိမ်စိမ်း ၄ လုံးဝယ်။ နောက် အဲ့ဒီအိမ်စိမ်း ၄ လုံးနှင့် ဟိုတယ်အနီ ၁ လုံးကို လဲပစ်လိုက်။ နောက်ပြီး အန်ကယ် ထပ်ခါတလဲလဲပြောခဲ့တာ ရှိသေးတယ်။ ဆင်းရဲတဲ့အချိန်မှာ တကယ့်ဘဝမှာ မိုနိုပိုလီကစားသလိုလုပ် ဆိုတာ။ ငါကိုယ်တိုင်လည်း လက်တွေ့လုပ်ခဲ့တာပဲလေ။ ငါ အိမ်စိမ်းတွေနှင့် ဟိုတယ်တွေ မင်းကို ခေါ်ပြခဲ့တာပဲ မဟုတ်လား"

"အဲ့ဒီတုန်းက ကျွန်တော့်အသက် ၁၂ နှစ်ပဲ ရှိသေးတယ်။ ဒါပေမယ့် မိုနိုပိုလီဟာ သာမန်ကလေးကစားနည်းထက် သာတယ်ဆိုတာကို နားလည်ခဲ့ပါတယ်။ အဲ–ချမ်းသာစေမယ့်နည်းဗျူဟာ, လမ်းစဉ်, ဖော်မြူလာတစ်ခုအဖြစ် သင်ကြားပေးနိုင်တာကိုတော့ မရိပ်မိခဲ့ပါဘူး"

"အေး။ ငါ ဒီဖော်မြူလာကို သင်ယူပြီးတာနှင့် အိမ်စိမ်း ၄ လုံး ဝယ်။ ဒီနောက် ဟိုတယ်နီ ၁ လုံးနှင့် လဲလိုက်ရာက အော်တိုမက်တစ် ခလုတ်နှိပ်မိသလို သိပ်စဉ်းစားစရာမလိုဘဲ သူ့အလိုလို ဆက်တိုက်လှုပ်ရှားမှုတွေ ဖြစ်ခဲ့ရတာပဲ။ စီမံကိန်းအတိုင်း ၁၀ နှစ်လောက် လိုက်လုပ်ခဲ့ရင်း အိပ်မက်ကနိုးတဲ့အချိန်မှာ ချမ်းသာနေပြီ"

"အဲ့ဒါဟာ အန်ကယ့်စီမံကိန်းရဲ့ တစ်စိတ်တစ်ပိုင်းတည်းပဲလား"

"မဟုတ်ဘူး။ ဘယ် ကပါ့မလဲ။ ဒါပေမယ့် ဗျူဟာအရ ဖော်မြူလာရိုးရိုးလေး တစ်ခုကို လိုက်နာအကောင်အထည်ဖော်ရုံပဲ ရှိသေးတယ်။ ငါ့အဖို့တော့ ဖော်မြူလာ တစ်ခုဟာ ရှုပ်ထွေးလာရင် လိုက်မလုပ်သင့်တော့ဘူးပဲ။ မင်း လေ့လာသင်ယူ

ထားပြီးမှ ချောချောမောမောမလုပ်နိုင်ရင်လည်း အလကားပေါ့။ ဆိုလိုရင်းက မင်းမှာ ရိုးစင်းလွယ်ကူတဲ့ နည်းဗျူဟာတစ်ခုကို ကိုင်စွဲအသုံးပြုနိုင်ရင် အော်တို မက်တစ်ရင်းနီးမြှုပ်နှံသူအဖြစ် ချမ်းသာလာမယ်လို့ ပြောချင်တာပဲ”

## အလုပ်
## ဖြစ်မယ့် ဖော်မြူ
## လာကိုရှာပါ

သူဌေးဖေဖေရဲ့ သွန်သင်ပို့ချချက်က ရိုးစင်းပါတယ်။

“မင်းကိုချမ်းသာစေမယ့် ဖော်မြူလာတစ်ခုကိုရှာပြီး အဲ့ဒီအတိုင်း တစ်သဝေ မတိမ်းလိုက်လုပ်ပါ”တဲ့။

မကြာခဏဆိုသလိုပဲ လူတွေလာလာပြီး သူတို့ဟာ ‘စတော့တစ်ခုကို ၅ ဒေါ်လာနှင့် ဝယ်ခဲ့ပြီး ဒေါ်လာ ၃၀ နှင့် ဘယ်လို ပြန်ရောင်းလိုက်ရတယ်’ဆိုတဲ့ အကြောင်း ပြောပြကြပါတယ်။

ဒီအသံတွေကြားရတိုင်း ကျွန်တော် အတော်လေး စိတ်ညစ်သွားနေကျပါ။ အကြောင်းက သူတို့ရဲ့ဖြစ်ရပ်တွေက သူတို့ရဲ့စိမ်ကိန်း သူတို့ရဲ့ အောင်မြင်မှုတွေနှင့် အလှမ်းဝေးနေလို့ပါပဲ။

ဒီလို လက်သိပ်ထိုးဈေး စတော့တွေနှင့် ဖြတ်လမ်းက ငွေရှာတဲ့ဇာတ်လမ်း တွေက သူဌေးဖေဖေပြောဖူးတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို အမှတ်ရစေပါတယ်။

“ရင်းနှီးမြှုပ်နှံသူ တော်တော်များများဟာ တောနယ်ဘက်ကို ကားမောင်းထွက် သွားတဲ့ မိသားစုနှင့်တူတယ်။ လမ်းပေါ်မှာ လှပတဲ့ချုံကားကားကြီးတွေနှင့် သမင်ကြီးတွေ ဖြုန်းခနဲ တွေ့လိုက်ရတယ်ဆိုပါတော့။ အိမ်ထောင်ဦးစီးလုပ်တဲ့ လူကြီးက ထအော်လိုက်တယ်။ ‘ကြည့်စမ်းဟော့။ ဟိုမှာ ရောမငွေထုပ်ကြီးတွေ’တဲ့။ သူပြောတဲ့ ငွေခဲသမင်ထီးကြီးတွေက လှစ်ဆို လမ်းပေါ်ကနေ လယ်ကွက်ထဲ ဆင်းပြေးသွားကြရော။ ကားဒရိုင်ဘာလည်း လမ်းပေါ်ကကားကို ကွင်းထဲမောင်းချ ပြီး သမင်အုပ် နောက်လိုက်လိုက်တာ တောထဲဝင်ရောက်တဲ့အထိပဲ။ လမ်းကလည်း ကြမ်းသလား မမေးနှင့်။ မိသားစုက ဒရိုင်ဘာကို ကားရပ်ပေးဖို့ ဝိုင်းအော်ကြတယ်။


mgyoe.com

SAMPLE BOOK

ဒီကြားထဲက ကားဟာ ချောင်းတံတားတစ်ခုကို ဖြတ်ရင်းက ရေထဲ ရုတ်တရက် ထိုးကျသွားပါလေရောတဲ့။

"ဒီဇာတ်လမ်းကပေးတဲ့ မှတ်စရာသင်ခန်းစာကတော့ ကိုယ့်ရဲ့စီမံကိန်းကို လုပ်ဆောင်နေရာကရပ်ပြီး သမင်ကြီးတွေနှင့်တူတဲ့ ဈေးမမက်လုံး ငွေထုပ်ကြီးတွေ နောက်လိုက်ရင် ဒီလိုအဖြစ်မျိုး ကြုံတတ်တယ်ဆိုတာပဲ"

## စိတ်နေစိတ်ထားဉာဏ်စမ်း

တစ်ယောက်ယောက်က ငွေရှိမှဖြစ်မယ်လို့ ပြောလာတိုင်း ကျွန်တော် ဇက်ပုသွားရပါတယ်။

"မင်း ချမ်းသာဖို့ ဒုံးပျံပညာရှင် ဖြစ်စရာမလိုပါဘူး။ တက္ကသိုလ်ဘွဲ့ရှိဖို့ မလိုသလို၊ လခကြီးစားအရာရှိကြီးလည်း ဖြစ်ဖို့မလိုဘူး။ အိုကွာ၊ အစဦးမှာ ပိုက်ဆံတောင် မလိုဘူး။ မင်းလိုတာက မင်း 'ဘာလိုချင်တာကို သိဖို့နှင့် စီမံကိန်းချပြီး စိုက်လိုက်မတ်တပ်လုပ်ဖို့"ဆိုတဲ့ သူဌေးဖေဖေရဲ့စကားကို ကြားယောင်လိုက်လို့ပါ။ တစ်နည်းပြောရရင် စည်းကမ်းနည်းနည်းလေးရှိရုံနှင့် ဖြစ်တယ်ဆိုတာပါပဲ။ ပြဿနာက ငွေနှင့်ပတ်သက်လာရင် 'စည်းကမ်း နည်းနည်းလေးရှိဖို့'ဆိုတာ အင်မတန် ခက်ခဲတာကလား။

စာရေးဆရာ ဂျိမ်းစ်၊ ပီ၊ အိုရှားနက်ဆီက ကျွန်တော့်အကြိုက် ကောက်နုတ်ချက်စကားတစ်ခွန်းကို မီးမောင်းထိုးပြခဲ့ပါတယ်။ အဲ့ဒီစကားက နာမည်ကျော် ကာတွန်းဇာတ်ဆောင် ပိုဂိုပြောနေကျပါ။

"တို့ရန်သူကို တွေ့ပြီ။ အဲ့ဒီကောင်က တို့ပဲ"

ကျွန်တော့်အဖို့တော့ သူဌေးဖေဖေ့စကားကို နားထောင်ပြီး ကိုယ်ပိုင်ဖော်မြူလာရဲ့လမ်းညွှန်အတိုင်း လိုက်သွားရုံနှင့် စီးပွားလမ်းဖြောင့်ခဲ့တာပါပဲ။

ကဲ။ စိတ်အခြေပြု ဉာဏ်စမ်းလေး ဖြေကြည့်ပါဦး။


m.gyoe.com

mgyoe.com SAMPLE BOOK


* သင့်စိမံကိန်းရဲ့ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရှိးစင်းလွယ်ကူတဲ့ ဖော်မြူလာတစ်ခုကိုရှာပြီး စီးပွားရေးရည်မှန်းချက်အဆုံးတိုင်အောင် လမ်းစဉ်အတိုင်းလုပ်ဆောင်သွားဖို့ အဆင်သင့်ဖြစ်နေပါပြီလား။

ဟုတ်............။ မဟုတ် ............။

mgyoe.com

SAMPLE BOOK

အခန်း ။ ၉ ။

ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၇

ကိုယ်နှင့်
သင့်လျော်မှန်ကန်
တဲ့ စီမံကိန်း
ကို ဘယ်လို
ရှာမလဲ

'ကျွန်တော်နှင့်သင့်လျော်မယ့် စီမံကိန်းကို ဘယ်နည်းနှင့် ရှာရပါ့မလဲ'ဆိုတာ ကျွန်တော့်ကို မကြာမကြာမေးလာကြတဲ့ မေးခွန်းပါ။

ကျွန်တော့်ရဲ့ ပုံမှန်အဖြေကတော့ တစ်ဆင့်ချင်း ဖြစ်ပါတယ်။

၁။ အချိန်ယူပါ။
ဘဝပန်းတိုင်တစ်ခု ချမှတ်နိုင်အောင် အေးအေးဆေးဆေး စဉ်းစားပါ။ စဉ်းစားဖို့ နေ့နှင့်ချီပြီး အချိန်ယူပါ။ လိုအပ်မယ်ဆိုရင် ရက်သတ္တပတ်တွေအထိ အချိန်ယူ စဉ်းစားပါ။

၂။ အေးအေးလူလူ စဉ်းစားချိန်အတွင်းမှာ သင့်ကိုယ်သင် မေးပါ။
'ဘဝပေးလက်ဆောင်အဖြစ် ငါ ဘာလိုချင်သလဲ'လို့။

၃။ သင် လိုချင်တာကို စဉ်းစားမိတဲ့တိုင်အောင် ဘယ်သူ့ကိုမျှ ဖွင့်မပြောပါနှင့်။
လူတွေသိသွားရင် ဘုမသိဘမသိ၊ ဒါမှမဟုတ် စေတနာပိုပြီး ပြောတဲ့ စကားတွေက သင် လိုချင်တာထက် သူ ဖြစ်ချင်တာတွေ ဖြစ်နေလိမ့်မယ်။ သင့်ရဲ့ စိတ်ကူးအိပ်မက်တွေရဲ့ အကြီးဆုံး ရန်သူဟာ 'အို။

ဒီလောက်လည်း မမိုက်ချင်စမ်းပါနှင့်'၊ ဒါမှမဟုတ် 'ဟာ။ အဲ့ဒါမင်းလုပ်နိုင်မှာ မဟုတ်ပါဘူး'၊ ဒါမှမဟုတ် 'ငါနှင့်ဆိုရင်ကော ဘယ်နှယ်နေမလဲ' စသဖြင့်ပြောလာမယ့် သင့်မိသားစုဝင်တွေ, မိတ်ဆွေတွေပါပဲ။

ဘီလ်ဂိတ်ဟာ ဒေါ်လာ ၅၀၀၀၀ အရင်းအနှီးပြုပြီး လုပ်ငန်းစခဲ့တဲ့ အချိန်မှာ အသက် ၂၀ ပဲရှိသေးတာ, ကမ္ဘာပေါ်မှာ အချမ်းသာဆုံး စာရင်းဝင်အဖြစ် ဘီလီယံ ၉၀ ပိုင်ဆိုင်ခဲ့တာကို သတိရပါ။ သူ့ဘဝ ရှေ့ရေးနှင့်ပတ်သက်လို့ လူတွေတစ်ပုံကြီးဆီကာ အကြံဉာဏ်မတောင်းခဲ့တာ ကံကောင်းသွားတယ် ဆိုရမယ်။

၄။ ငွေကြေးစီးပွားရေး အကြံပေးပုဂ္ဂိုလ်တစ်ယောက်နှင့် တိုင်ပင်ပါ။

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းမှန်သမျှဟာ ငွေကြေးစီမံကိန်းတစ်ရပ်နှင့် အစပျိုးကြရတာပဲ ဖြစ်ပါတယ်။ တစ်ယောက်က အကြံပေးတာမကြိုက်ရင် နောက်တစ်ယောက်ပြောင်းပါ။ ဆေးကုရာမှာ ဆရာဝန်တစ်ယောက်နှင့် အဆင်မပြေရင် နောက်တစ်ဦး ပြောင်းပြရသလိုပေါ့။ စီးပွားရေး အကြံပေးဆိုတာလည်း အသွင်ပုံစံ အမျိုးမျိုးရှိကြပါတယ်။ ကိုယ့်ရဲ့စီးပွားရေး စီမံကိန်းရေးဆွဲရာမှာ တိုးတက်မှုအထောက်အကူရဖို့ အကြံပေးပုဂ္ဂိုလ်ရွေးချယ်ရာမှာ အရေးကြီးတာ အမှန်ပါပဲ။

စီးပွားရေး အကြံပေးများပြားဟာ အကြံအမျိုးမျိုးကို ပေးရာမှာ အာမခံကိစ္စလည်း ပါဝင်ပါတယ်။ အာမခံလုပ်ဖို့ဟာ စီးပွားရေးစီမံကိန်းရဲ့ အသက်သဖွယ် အရေးပါပါတယ်။ ဥပမာ–ကိုယ့်မှာ ငွေကြေးမချမ်းသာဘူး။ ကလေး ၃ ယောက်ရှိနေတယ်ဆိုရင် ကိုယ် သေဆုံးဒဏ်ရာရတဲ့အချိန်၊ (ဝါ) ရင်းနှီးမြှုပ်နှံမှုစီမံကိန်း အပြီးမသတ်နိုင်တဲ့အခါမျိုးမှာ အာမခံလုပ်ထားတာက အများကြီး အထောက်အပံ့ရတာပေါ့။ အာမခံအလုပ်ဟာ စိတ်ချရတဲ့ကွန်ယက်ဖြစ်သလို၊ ကုန်ကျစရိတ်တွေနှင့် အားနည်းချက်တွေကို ကာမိစေပါတယ်။

အလားတူပဲ ချမ်းသာလာတာနှင့်အမျှ စီးပွားရေး စီမံကိန်းမှာ အာမခံလုပ်ထားခြင်းအားဖြင့် အခြေအနေကိုလိုက်ပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲမှုတွေ လုပ်နိုင်တယ်။ ဒါဆို စီမံကိန်းရဲ့ တစ်စိတ်


mgyoe.com

SAMPLE BOOK

တစ်ပိုင်းကို လက်ရှိအနေအထားနှင့်လိုက်အောင် ထိန်းညှိထားတယ် ဆိုရမှာပဲ။

လွန်ခဲ့တဲ့ ၂ နှစ်လောက်က ကျွန်တော်နေတဲ့တိုက်မှာ အခန်းတစ်ခန်း မီးထလန့်ဖူးတယ်။ မီးသတ်တွေ ချက်ချင်းရောက်လာသလို၊ ဒုတိယရောက်လာတဲ့ အုပ်စုက အာမခံကုမ္ပဏီက တာဝန်ရှိသူတွေပါပဲ။ သူတို့ကျေးဇူးကို ခုထိ မမေ့နိုင်တော့ပါဘူး။

သူဌေးဖေဖေကလည်း အမြဲပြောပါတယ်။

"အာမခံလုပ်တာဟာ လူတစ်ယောက်ရဲ့ ဘဝစီမံကိန်းမှာ သိပ်အရေးကြီးတဲ့ ဆောင်ရွက်ချက်ပဲကွ။ အာမခံဆိုတာက လိုအပ်မှ ထ,လုပ်လို့ရတာမျိုး မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် မလိုလည်းလိုလည်း ဝယ်ထားရမှာပဲ။ အာမခံထားတော့ စိတ်အေးရတာပေါ့ကွာ"တဲ့။

## စီးပွားရေး စီမံကိန်း ရှာဖွေပုံ

ကျွန်တော်ဟာ 'အသက် ၃၀ မပြည့်ခင်မှာ သန်းပေါင်းများစွာ ကြွယ်ဝတဲ့ သန်းကြွယ်သူဌေးကြီးဖြစ်ဖို့' ရည်မှန်းချက်ပန်းတိုင် ထားခဲ့ပါတယ်။

ပြဿနာက ရည်မှန်းချက် ချမှတ်လိုက်ပါပြီဆိုခါမှ ရှိသမျှငွေတွေ ပြုတ်ပြုတ်ပြုန်းကုန်တာပါပဲ။ ဒီလိုနှင့် ကျွန်တော့်စီမံကိန်းမှာ ဟာကွက်တွေ ရှိနေတာကို တွေ့လိုက်ပေမယ့်၊ စီမံကိန်းကြီးတစ်ခုလုံးကို ပြောင်းမပစ်ခဲ့ပါဘူး။

ငွေတွေဆုံးရှုံးပြီးတဲ့နောက်, ရည်မှန်းချက်ရောက်ပြီးတဲ့နောက်မှာ အတွေ့အကြုံတွေက သင်ခန်းစာယူလို့ စီမံကိန်းကိုပြုပြင်ဖို့ လိုအပ်လာတာ သိလိုက်ပါတယ်။ ဒါနှင့် 'အသက် ၄၅ နှစ်မှာ စီးပွားရေးအရလွတ်မြောက်ပြီး မီလျံနာဖြစ်စေရမယ်'ဆိုတဲ့ ရည်မှန်းချက်အသစ်ကို ပြောင်းလိုက်တာပါပဲ။ တကယ်တမ်းပန်းတိုင်သစ်ကို ၄၇ နှစ်မှာမှ ရောက်ခဲ့ရပါတယ်။

အဓိကပြောချင်တာကတော့ ကျွန်တော့်စီမံကိန်းဟာ တစ်ထပ်တည်းဖြစ်နေခဲ့တာပါပဲ။ သင်ခန်းစာတွေ ပို သင်ယူတတ်မြောက်ခဲ့တာနှင့်အမျှ တိုးတက်မှုတွေလည်း ပိုရခဲ့တာပါ။


mgyoe.com

ကဲ၊ ဒီတော့ သင့်ရဲ့ ကိုယ်တိုင်စီမံကိန်းကိုကော ဘယ်နည်းနှင့် ရှာကြံလဲ။

အဖြေထုတ်ဖို့ စီးပွားရေးအကြံပေးပုဂ္ဂိုလ်နှင့် စတင်ပါလို့ပါပဲ။ အကြံပေးပုဂ္ဂိုလ်တွေနှင့် အထပ်ထပ်အခါခါ တွေ့ဆုံတိုင်ပင်ပြီး သူတို့ဆီက အကောင်းဆုံးအကြံဉာဏ်တွေကို မေးမြန်းညှစ်ထုတ်ဖို့ လိုပါတယ်။ ပြီးတော့ မျက်စိဖွင့် နားစွင့်ထားပြီး အတွေ့အကြုံတွေထဲက အဆီအနှစ်ထုတ်ဖို့လည်း ကြိုးစားပါ။

ဖြစ်နိုင်ခြေရှိတဲ့ရည်မှန်းချက်ကို သတ်မှတ်ပါ။ ကျွန်တော်ဆိုရင် ၅ နှစ်အတွင်း ကုဋေကြွယ်သူဌေးကြီးဖြစ်ဖို့ ရည်မှန်းချက်ထားခဲ့ပါတယ်။ ဒါကလည်း ကျွန်တော့်အတွက် ဖြစ်နိုင်ခြေ ရှိလို့ပါပဲ။

ဒီလိုအခြေအနေပေးတာကလည်း သူဌေးဖေဖေရဲ့ လမ်းညွှန်မှုတွေ မပြတ်ရနေတာကြောင့်ပါ။ အဲ–သူဌေးဖေဖေရဲ့ လမ်းညွှန်ကွပ်ကဲမှုတွေခံနေရလို့ အမှားတွေမလုပ်မိဘူးလိုတော့ မထင်ပါနှင့်။ အမှားတွေ အများကြီးလုပ်မိလို့ ငွေတွေ တဖြုတ်ဖြုတ် ကုန်သွားရတာပဲလေ။ တကယ်လို့သာ သူဌေးဖေဖေရဲ့ အကြံဉာဏ် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းလိုက်နာမိရင် ကျွန်တော့်ဘဝက ဖြောင့်ဖြူးချောမောမှာမလွဲပါဘူး။ ဒါပေမယ့် ငယ်ရွယ်စဉ်မှာ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် ကိုယ့်လမ်းကိုယ်ဖောက်ဖို့ ကြိုးစားခဲ့တာကိုး။

ကဲ–ဖြစ်နိုင်ခြေရှိတဲ့ ပန်းတိုင်ကို သတ်မှတ်လိုက်ပြီ ဆိုပါတော့။ ရည်မှန်းချက်ပေါက်ရောက်ရေးအတွက် အသိပညာနှင့် အတွေ့အကြုံတွေ ဆည်းပူးပြီးထပ်အားဖြည့်ပေးလိုက်ပါဦး။ မိုင်ရှည်ပြေးပွဲမဝင်ခင်မှာ လမ်းလျှောက်တာနှင့် စတာအကောင်းဆုံးဆိုတာ အမြဲမှတ်ထားပါ။

သင့်ရဲ့ ကိုယ်ပိုင်စီမံကိန်းကို လက်တွေ့လှုပ်ရှားမှုနှင့် အစပျိုးပြီး ရှာဖွေရမှာ ပြောပြီးပါပြီ။

အကြံပေးပုဂ္ဂိုလ်တစ်ယောက်နှင့် ဆက်သွယ်ပါ။ ဆွေးနွေးပါ။

ဖြစ်နိုင်ခြေရှိတဲ့ ရည်မှန်းချက်ပန်းတိုင်တွေ ချမှတ်ပါ။ ရည်မှန်းချက်ဆိုတာအခြေအနေအရ ကိုယ်ပြောင်းလဲသလို လိုက်ပြောင်းတတ်တယ်ဆိုတာလည်း နားလည်ပါ။ ဘာပဲဖြစ်ဖြစ် ရည်မှန်းချက်အတိုင်း မျက်ခြည်မပြတ် တစိုက်မတ်မတ်


mgyoe.com

SAMPLE BOOK

လုပ်နေဖို့တော့ လိုလိမ့်မယ်။ လူတိုင်းလိုလိုရဲ့ အဆုံးစွန်သော စီမံကိန်းရည်မှန်းချက်ဟာ စီးပွားရေးအရ လွတ်မြောက်ရေးကိုရှာကြံဖို့ ဖြစ်သလို၊ တစ်နေ့တစ်နေ့ ငွေရှာရတဲ့ ဒုက္ခက ကင်းဝေးဖို့ပဲ မဟုတ်ပါလား။

ဒုတိယအဆင့်ကတော့ ရင်းနှီးမြှုပ်နှံမှုဟာ အသင်းအဖွဲ့လိုက် ကစားနည်းတစ်ခုပဲဆိုတာ သဘောပေါက်ဖို့ပါပဲ။ ကိုယ်ကြိုက်တာ ကိုယ်လုပ် ဆိုပေမယ့် တစ်ခါတစ်ရံမှာ အဖွဲ့အသင်းတစ်ခုလိုအပ်တာ အမှန်ပေါ့။

စီးပွားရေးသုခမိန်တွေက ကိုယ့်အကြံကို အကောင်အထည်ဖော်ဖို့နှင့် အကူအညီလိုလာရင် ကူညီဖို့ စွမ်းဆောင်နိုင်ကြပါတယ်။

ငွေနှင့်ပတ်သက်လာရင် လူအတော်များများဟာ တစ်ယောက်တည်း ကျိတ်ခံစားပြီး နှုတ်ပိတ်နေတတ်ကြတာကလား။ သူတို့မိဘတွေလက်ထက်ကလည်း ဒီလိုပဲနေခဲ့ကြတော့ ထွက်ပေါက် မရှာတတ်ကြတော့ပါဘူး။

ကိုယ့်မှာ စီမံကိန်းလက်ကိုင်ရှိထားပြီဆိုရင် အဖွဲ့ဝင်သစ်တွေနှင့် သင်းဖွဲ့တွေ့ဆုံပြီး စီးပွားရေးအိပ်မက်တွေ တကယ်ဖြစ်လာဖို့ ဝိုင်းကူခိုင်းရပါလိမ့်မယ်။

စီးပွားရေးအတိုင်ပင်ခံ အကြံပေးအဖွဲ့မှာ ပါဝင်သင့်သူတွေကတော့

၁။ စီးပွားရေးစီမံကိန်းချမှတ်တတ်တဲ့ အကြံပေးပုဂ္ဂိုလ်

၂။ ဘဏ်လုပ်ငန်းရှင်

၃။ စာရင်းကိုင်

၄။ ရှေ့နေ

၅။ ပွဲစား

၆။ စာရင်းစစ်

၇။ အာမခံကိုယ်စားလှယ်

၈။ စီးပွားရေးအောင်မြင်ရေး စေတနာ့ဝန်ထမ်းအကြံပေး တို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်ဆိုရင် အဲ့ဒီပုဂ္ဂိုလ်တွေနှင့် နေ့လယ်စာစားရင်း တိုင်ပင်ဆွေးနွေးခဲ့တာပါ။ သူဌေးဖေဖေကလည်း ဒီလိုပဲ လုပ်ပါတယ်။ ဒီလိုနှင့် လုပ်ငန်းကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ၊ လူချမ်းသာကြီးဖြစ်ဖို့ အစီအမံတွေကို သင်ကြားခဲ့ရတာ ဆိုပါတော့။


mgyoe.com

မှတ်ထားဖို့က အဖွဲ့ဝင်တစ်ယောက်ကိုရှာရာမှာ လုပ်ငန်းအစုစပ်တစ်ယောက်ကို ရှာတာနှင့် သိပ်တူတယ် ဆိုတာပါပဲ။ သူတို့ဟာ အရေးကြီးဆုံးလုပ်ငန်းကြီးတွေ၊ အထူးသဖြင့် ဘဝရဲ့ အထွတ်အထိပ်ရောက်မယ့်ကိစ္စတွေမှာ စိတ်ရော ကိုယ်ပါ အစုစပ်ပါဝင်ပြီး ကောင်းတူဆိုးဖက် မျှဝေခံစားရမှာမို့ပါပဲ။

"မင်းအနေနှင့် တခြားအတွက်ပဲ လုပ်လုပ်, ကိုယ့်အတွက်ပဲလုပ်လုပ် ချမ်းသာချင်တယ်ဆိုရင်တော့ မင်းအလုပ် မင်း ဂရုစိုက်လုပ်ရမှာပဲ" ဆိုတာကတော့ သူ့ဘွားဖေဖေရဲ့ သွန်သင်ချက်တစ်ခုပေါ့။

ကိုယ့်အလုပ် ကိုယ် စူးစိုက် အာရုံဝင်စားထားခြင်းအားဖြင့် စီမံကိန်းဟာ အကောင်းဆုံးအနေအထားနှင့် တဖြည်းဖြည်း ရုပ်လုံးပေါ်လာမှာပါပဲ။

ဒီတော့ အချိန်ယူပါ။ တစ်နေ့တစ်လှမ်းပဲ တိုးလှမ်းတဲ့တိုင်အောင် ဘဝမှာ အတောင့်တဆုံးအရာအားလုံးကို ရလာမယ့်အခွင့်ကောင်း ကြုံရမှာ မလွဲပါဘူး။

## စိတ်နေစိတ်ထား ဉာဏ်စမ်း

ကျွန်တော့်ဘဝမှာ အရှုံးအနိုင် အနိမ့်အမြင့် အတက်အကျ အမျိုးမျိုးအဖုံဖုံ ကြုံခဲ့ရတာတွေကနေ သင်ခန်းစာနှင့် ပညာတွေယူပြီး ခရီးဆက်ခဲ့ရတာပါ။ တစ်နည်းအားဖြင့် ကျွန်တော့်စီမံကိန်းဟာ ထပ်တလဲလဲ ပြန်လှန်သုံးသပ် ပြင်ဆင်ပြောင်းလဲမှုတွေလုပ်ပြီး အချောသပ် အောင်မြင်ခဲ့ရတာ ဖြစ်ပါတယ်။

ဆိုရိုးစကားတစ်ခု ကြားဖူးမှာပါ။

'ဘဝဆိုတာ ရက်စက်တဲ့ ဆရာတစ်ဆူပဲ။ မင်းကို အရင် အပြစ်ပေးတယ်။ ပြီးတော့မှ သင်ခန်းစာ ယူခိုင်းတာ' တဲ့။

ဒီအဆိုကို ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ အစစ်အမှန် ပညာသင်ယူမှုပုံစံကတော့ အဲ့ဒီအတိုင်းပါပဲ။

လူတိုင်းလိုလို ပြောကြတယ် မဟုတ်လား။

'ဒီနေ့လိုသာ ငါ တစ်ချိန်ကသိခဲ့ရင် ငါ့ဘဝဟာ ခုလိုဖြစ်မှာ မဟုတ်ဘူး။ အများကြီး ကွာခြားပြောင်းလဲသွားမှာ သေချာတယ်' ဆိုပဲ။ သေးထွက်အောင် မှန်လိုက်တဲ့စကား။



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်ဘဝမှာလည်း လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကသာ အခုလို သိရင် ခုထက်မက ကြွယ်ဝချမ်းသာမယ့်အဖြစ်မျိုး ကြုံရမှာမလွဲသလို အမှားဆိုးတွေကိုလည်း ရှောင်နိုင်မှာ သေချာပါရဲ့။ လွန်ခဲ့တဲ့ အနှစ် ၂၀ နှင့် ဒီနေ့လုပ်ပုံကိုင်ပုံချင်းမတူသလို ဘဝအခြေအနေချင်းလည်း ခြားနားသွားမှာပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ ပထမဆုံး အဓိကစီးပွားရေးလုပ်ငန်းကြီး ပြိုပျက်ဆုံးရှုံးသွားရာက အပျက်အစီးတွေကြားမှာ လူးလဲရုန်းကန် ထိုးဖောက်ထွက်နိုင်တဲ့ စွမ်းရည်တွေရခဲ့ပြီး ဒီနေ့ စီးပွားရေးသမားကောင်းဖြစ်ရတာဆိုလည်း မမှားပါဘူး။

'အသက် ၃၀ မှာ မီလျံနာဖြစ်ရမယ်'ဆိုတဲ့ ရည်မှန်းချက်ဟာ ၄၇ ကို ရွှေ့လိုက်ရပေမယ့် စီမံကိန်းမပျက် အောင်မြင်ခဲ့တယ် ဆိုရပါလိမ့်မယ်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာလည်း ဒီလိုပဲ။ ရှုံးရှုံးမြတ်မြတ်, ကောင်းကောင်းဆိုးဆိုး သင်ခန်းစာယူပြီး ပညာတွေရခဲ့ရာက အဆင်ချောတဲ့ဘဝကို ရောက်ခဲ့ရပါတယ်။

သူဌေးဖေဖေစကားအရဆိုရင် "ရင်းနှီးမြှုပ်နှံမှု ၁၀ ခုမှာ ၃ ခုလောက်သာ အဆင်ပြေပြီး၊ လိုရာပန်းတိုင်ရောက်မယ်။ ၅ ခုကတော့ ဝပ်နေပြီး၊ ဘာမျှ ဖြစ်မလာသလို၊ ၂ ခုက ပျက်စီးသွားမယ်"တဲ့။

သို့သော်လည်းပဲ ပျက်စီးသွားတဲ့ လုပ်ငန်း ၂ ခုဆီက အောင်မြင်တဲ့ လုပ်ငန်း ၃ ခုထက် ပညာတွေ ပိုပြီး ရနိုင်ပါသတဲ့။

စင်စစ်တော့ ပျက်စီးမှု ၂ ခုက နောက်တစ်ကြိမ် အောင်မြင်မှုထပ်ရဖို့ ကောင်းကောင်းကြီး အကျိုးပြုနိုင်သလို ဒါဟာပဲ စီမံကိန်းရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်တယ်ဆိုပဲ။

**ကဲ။ ဉာဏ်စမ်းမေးခွန်းလေး ဖြေကြည့်ပါဦး။**

သင့်အနေဖြင့် ရိုးစင်းတဲ့စီမံကိန်းတစ်ခုဖြင့် အစပျိုးပြီး ဒီစီမံကိန်းကို ရိုးစင်းလွယ်ကူစွာ လုပ်ဆောင်ရင်းက ရလာမယ့်ပညာတွေယူပြီး ခရီးဆက်သွားနိုင်ပါ့မလား။

တစ်နည်းအားဖြင့် စီမံကိန်းကို တကယ်တမ်း ပြောင်းမပစ်ဘဲနှင့် စီမံကိန်းက သင့်ကို ပြောင်းသွားတာ ခံနိုင်ပါ့မလား။

ဟုတ်............။ မဟုတ်............။


mgyoe.com

mgyoe.com
SAMPLE BOOK


အခန်း ။ ၁၀ ။

ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၈

သင်ကြီး
တဲ့အခါ ဘာ
ဖြစ်ချင်သလဲ။
အခု ဆုံး
ဖြတ်ပါ။

ပြီးခဲ့တဲ့ 'အခန်း ၃' 'ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၁'က ငွေကြေးစီးပွားရေး အခြေခံရပ်တည်မှု တန်ဖိုး ၃ ခုမှာ ဘယ်ဟာအရေးကြီးသလဲလို့ ရွေးချယ်ခိုင်းခဲ့ပါတယ်။

၁။ လုံခြုံစိတ်ချရမှု

၂။ သက်သာချောင်လည်မှု

၃။ ကြီးပွားချမ်းသာမှု

ဒီ ၃ ခုဟာ ပေါ့ပေါ့တန်တန် သဘောမထားသင့်လောက်အောင် သိပ်အရေးကြီးတဲ့ ကိုယ်ပိုင်ရွေးချယ်မှုတွေ ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ် ဗီယက်နမ်စစ်ပွဲက ကျွန်တော်ပြန်လာချိန်မှာ အဲ့ဒီရွေးချယ်ခွင့် ၃ ခုနှင့် ထိပ်တိုက် ရင်ဆိုင်ခဲ့ရပါပကောလား။

ကျွန်တော်က ခရီးသည်တင်လေကြောင်းကုမ္ပဏီတစ်ခုမှာ လေယာဉ်မှူး လုပ်ဖို့ကြံခဲ့ပြီး၊ သူဌေးဖေဖေက ခုလို အလေးအနက်ဆွေးနွေးခဲ့ပါတယ်။

"လေကြောင်းလိုင်းမှာ ဝင်လုပ်တာဟာ မင်းကို လုံခြုံမှုပေးနိုင်မယ် မထင်ဘူးကွ။ နောက် နှစ်အနည်းငယ်ကြာရင် အဲ့ဒီလုပ်ငန်းတွေ အခက်အခဲတွေ့နိုင်တယ်။


mgyoe.com

SAMPLE BOOK

မင်း လုပ်ချင်သပ‌ါ့ဆိုရင်, မင်းရဲ့ အလုပ်ခွင်မှတ်တမ်းကလည်း ကောင်းမယ်ဆိုရင် အလုပ်အတွက် အာမခံချက်လောက်တော့ ရကောင်းရနိုင်တာပေါ့”

ဒီနောက် ကာလီဖိုးနီးယားမှာရှိတဲ့ စတင်းဒတ်ရေနံကုမ္ပဏီမှာ လုပ်မယ်ဆိုရင်လည်း ရနိုင်တဲ့အကြောင်း ပြောပါတယ်။ အဲ့ဒီရေနံကုမ္ပဏီက မရင်းတပ်ထဲဝင်ဖို့ လေယာဉ်မောင်းသင်တန်းမတက်ခင်က ၅ လလောက် ကျွန်တော်ဝင်လုပ်ခဲ့ဖူးတယ်လေ။

“သူတို့က စစ်တပ်ထဲက ကျွန်တော်ထွက်တာနှင့် ပြန်လုပ်ချင်ရင် အကြောင်းပြန်ပါလို့ ပြောခဲ့တာပဲ။ ဒါပေမယ့် အဲ့ဒီအလုပ်က ဘာအာမခံချက်မှ မရှိဘူးအန်ကယ်ရဲ့”

“ကုမ္ပဏီက အကောင်းသားပဲကွ။ လစာလည်း ကောင်းကောင်းပေးတာပဲမဟုတ်လား”

“လစာကတော့ ကောင်းမှကောင်းပေါ့။ ဝင်လုပ်မယ်ဆိုရင် အကောင်းဆုံးကုမ္ပဏီတစ်ခုပဲ။ ဒါပေမယ့် ကျွန်တော်က နောက်ပြန်မလှည့်ချင်တော့ဘူး။ ရှေ့ပဲဆက်တက်ချင်တယ်”

ဒီတွင် သူဌေးဖေဖေက ရွေးချယ်ခွင့် ၃ ခုကို ထောက်ပြပြီး

“ကဲ။ ဒီအထဲက မင်း ဘာအလိုချင်ဆုံးလဲ။ လုံခြုံမှုလား,သက်သာချောင်ချိမှုလား, ကြီးပွားချမ်းသာမှုလား”

ကျွန်တော်လည်း ရင်ထဲအသည်းထဲကအသံနှင့် ကျယ်ကျယ်လောင်လောင်ပဲ ပြောလိုက်ပါတယ်။

“ကျွန်တော် ချမ်းသာချင်တယ်”

ကျွန်တော်တို့မိသားစုမှာ အလုပ်တည်မြဲရေးနှင့် ငွေကြေးလုံခြုံစိတ်ချရမှုကို ဦးစားပေးခဲ့ကြသလို၊ ‘လူချမ်းသာတွေဟာ ကြောက်စရာကောင်းတယ်။ ရက်စက်ယုတ်မာတယ်။ ပညာမတတ်ဘူး။ လောဘသက္ကာယကြီးတယ်’လို့ အယူအစွဲထားခဲ့ကြတာကလား။

ငွေနှင့်ပတ်သက်ပြီး စကားဝိုင်းထိုင် ဆွေးနွေးရိုးထုံးစံမရှိသလို၊ ပညာတတ်လူတန်းစားတွေအနေဖြင့် ငွေကြေးကိစ္စဟာ အရေးစိုက်တန်ဖိုးထားစရာ မဟုတ်ဘူးလို့ယုံမှတ်ခဲ့ကြတယ်လေ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဒါပေမယ့် အသက်အစိတ်ရှိလာတဲ့ ကျွန်တော်ဟာ ဒီအမြင်တွေကို ဆန့်ကျင်လာမိတယ်။ လုံခြုံစိတ်ချရမှုနှင့် သက်သာချောင်ချိမှုဟာ ကျွန်တော့်အတွက် ဦးစားပေးစရာမဟုတ်ပါဘူး။ ကြွယ်ဝချမ်းသာရေးသာ ကျွန်တော် နံပါတ်'၁'ထားတဲ့ အမာခံတန်ဖိုး ဖြစ်လာပါပြီ။

ဒီလိုနှင့် သူဌေးဖေဖေကို ကျွန်တော့်ရဲ့စီးပွားရေး ဦးစားပေးမှုတွေ တန်းစီရေးပြလိုက်ပါတယ်။

၁။ ကြွယ်ဝချမ်းသာရေး

၂။ သက်သာချောင်ချိရေး

၃။ လုံခြုံစိတ်ချရရေး

သူဌေးဖေဖေက ကျွန်တော့်စာရင်းကို ကြည့်ပြီး

"အိုကေ။ ဒါဆို ပထမဆင့်အနေနှင့် မင်းရဲ့စီးပွားရေးစီမံကိန်းမှာ ငွေကြေးအရ လုံခြုံစိတ်ချရမှုလို့ ရေးထားလိုက်"

"ဗျာ။ ကျွန်တော်က ချမ်းသာချင်တယ်လို့ ပြောခဲ့တာပဲ အန်ကယ်ရ။ လုံခြုံစိတ်ချရမှုကို ဘာကြောင့် စီမံကိန်းထဲ ထည့်ထားရဦးမှာလဲ"

ကျွန်တော်က စောဒကတက်လိုက်တော့ သူဌေးဖေဖေက ရယ်ပါတယ်။

"ငါ တွေးမိတာတော့ ဒီလောကကြီးမှာ ချမ်းသာဖို့တစ်ခုတည်းကြည့်တဲ့ မင်းလိုလူတွေနှင့် ပြည့်နေတာပဲကွ။ ပြဿနာက မင်းတို့လိုလူတွေက ငွေကြေးအရ သက်သာချောင်လည်မှုနှင့် လုံခြုံစိတ်ချရမှုကို ထည့်မတွက် နားမလည်ကြတာကြောင့် ချမ်းသာအောင် မလုပ်နိုင်ကြပြန်ဘူး။ လူအနည်းအကျဉ်းက ကြိုးစားကြတဲ့တိုင်အောင်လည်း မနားတမ်းလုပ်လို့ ပင်ပန်းရုံသာအဖတ်တင်ပြီး ဘဝပျက်ကုန်ကြရတာပဲ"

ကျွန်တော် ထ,အော်မိမတတ် ဖြစ်သွားတယ်။

ကျွန်တော် တစ်သက်လုံးမှာ လုံခြုံစိတ်ချရရေးကို တန်ဖိုးအထားဆုံးဖြစ်ခဲ့တဲ့ ဆင်းရဲဖေဖေနှင့် နေခဲ့ရတာကလား။ အခု ကျွန်တော်ဟာ ဆင်းရဲဖေဖေရဲ့ တန်ဖိုးထားမှုအောက်က ရုန်းထွက်ခဲ့ပါလျက်နှင့် သူဌေးဖေဖေက အပ်ကြောင်းထပ်နေတဲ့ ဒီစကားကိုပဲ နားထဲသွင်းနေပြန်ပါပေါ့။ ကျွန်တော် အလန့်တကြား ထအော်မိမတတ်ဖြစ်သွားတာ တကယ်ပါ။

 mgyoe.com

အမှန်စင်စစ် ကျွန်တော်က ချမ်းသာချင်တာပါ။ ငွေကြေး, ဘဝ, အလုပ်, လုံခြုံစိတ်ချရမှုကို လိုချင်တာမဟုတ်ပါဘူး။

သူဌေးဖေဖေနှင့် ပြန်မတွေ့ဘဲ ၃ ပတ်လောက် ကြာသွားပါလေရော။ အတော်လေးလည်း ကျွန်တော် စိတ်ပိန်သွားပါတယ်။ နောက်ဆုံးတော့ စိတ်ကို ငြိမ်ငြိမ်လေးထားပြီး သူနှင့် ရင်ဆိုင်လိုက်ရပါတယ်။

"မင်း ငါ့စကားကို နားထောင်ဖို့ အဆင်သင့်ဖြစ်ပြီလား"

"အဆင်သင့်ပါပဲ။ ဒါပေမယ့် သိပ်တော့ စိတ်မပါလှပါဘူး"

"ရေးလိုက်။ အဆင့် ၁။ စီးပွားရေးအကြံပေးနှင့်တွေ့ပြီး ပြောရန်၊ တစ်သက်စာ စီးပွားရေးလုံခြုံစိတ်ချမှုရရေးအတွက် စီးပွားရေးစီမံကိန်းတစ်ရပ် ရေးဆွဲလိုကြောင်း"

"ဟုတ်ကဲ့။ ကောင်းပါပြီ"

"အဆင့် ၂။ စီးပွားရေးလုံခြုံမှုအတွက် စီမံကိန်းရေးပြီးရင် တို့ပြန်ဆုံမယ်။ ဒီနေ့သင်ခန်းစာကတော့ ဒီလောက်ပဲ။ ဂွတ်ဘိုင်"

ဒီနောက် ၁ လ ကြာသွားတယ်။ သူ့ကို ဖုန်းဆက်ခေါ်တယ်။ ကျွန်တော့် စီမံကိန်းကို ပြလိုက်တယ်။

"ကောင်းတယ်။ မင်း အဲ့ဒီအတိုင်း လိုက်နာတော့မလား"

"မပြောတတ်သေးဘူးဗျ။ သိပ်ငြီးငွေ့စရာကောင်းပြီး စက်ဆန်နေတယ်"

"အေးလေ။ အလုပ်သဘောကိုက ဒီလိုပဲ ရှိတာကိုးကွ။ စက်ဆန်ဆန် အလိုအလျောက် လည်ပတ်လှုပ်ရှားနေရပြီး ပျင်းရိငြီးငွေ့စရာ ကောင်းမယ်။ ဒါပေမယ့် ငါက မင်းကို ဇွတ်မလုပ်ခိုင်းပါဘူး။ လုပ်သင့်တယ်လို့သာ ညွှန်းတာပါ"

"ဒါဖြင့် ခုကော ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"လောလောဆယ် မင်းရဲ့အကြံပေးပုဂ္ဂိုလ်ကိုရှာပြီး စီးပွားရေးအရ သက်သာချောင်ချိရေးစီမံကိန်းတစ်ရပ်ရေးဆွဲဖို့ တိုင်ပင်ဦး"

"အန်ကယ်ပြောတာ ရေရှည်စီးပွားရေးစီမံကိန်းတစ်ခုဟာ နည်းနည်း ဇွတ်အဓမ္မဆန်ချင်တယ်ဆိုတဲ့ အဓိပ္ပာယ်လား"

"အေး။ အဲဒါအမှန်ပဲ"


mgyoe.com

"ဒါဆိုရင်တော့ ပိုရင်ခုန်စရာ ကောင်းလာပြီ။ ကျွန်တော် လုပ်နိုင်မယ် ထင်တယ်"

"ကောင်းကွာ။ မင်း အဆင်သင့်ဖြစ်ရင် ငါ့ကို ခေါ်လိုက်"

ဒီတစ်ခါတော့ သူဌေးဖေဖေနှင့် နောက် ၄ လ ကြာပြီးမှ ထပ်တွေ့လိုက်ရတယ်။

စီမံကိန်းက မလွယ်ပေမယ့် ကျွန်တော်ထင်တဲ့အတိုင်းလည်း သိပ် မခက်လှပါဘူး။

ကျွန်တော်က စီးပွားရေးအကြံပေးတွေ ၃,၄ ယောက်နှင့်တွေ့ပြီး တိုင်ပင်ဆွေးနွေးခဲ့ရတာမို့လည်း အဖိုးတန်တဲ့အတွေ့အကြုံတွေ ရခဲ့ပါတယ်။

ဒီ့အပြင် သူဌေးဖေဖေရဲ့အယူအဆနှင့် ကျွန်တော့်ကို သင်ကြားပေးဖို့ ကြိုးပမ်းမှုတွေကို ပိုပြီး သဘောပေါက်နားလည်ခဲ့ရပါတယ်။

ကျွန်တော်ရလိုက်တဲ့ သင်ခန်းစာတစ်ခုက ကိုယ်ကိုယ်တိုင် မရှင်းဘဲနှင့် စီးပွားရေးအကြံပေးကို ရှင်းပြနိုင်မှာမဟုတ်သလို လိုသလို ကူညီပေးဖို့ ခက်ခဲမယ် ဆိုတာပါပဲ။

နောက်ဆုံး သူဌေးဖေဖေနှင့်ဆုံပြီး ကျွန်တော် စီမံကိန်းကို ပြလိုက်ရောဆိုပါတော့။ သူက ဖတ်ကြည့်လိုက်တဲ့နောက်

"ကောင်းတယ်ကွာ။ ဒီတော့ မင်းအကြောင်း မင်း ဘယ်လောက်သိသွားသလဲ"

"ကျွန်တော့်ဘဝက ဘာလိုချင်တယ်ဆိုတာကို အမှန်အကန် အဓိပ္ပာယ်ဖွင့်ဖို့ မလွယ်ဘူး။ မလွယ်တဲ့အကြောင်းကလည်း ဒီနေ့ခေတ်မှာ ရွေးချယ်စရာတွေ အများကြီးရှိနေပြီး အားလုံးလိုလို စိတ်လှုပ်ရှားစရာတွေ ဖြစ်နေလို့ပါပဲ"

"သိပ်ကောင်း။ ဒါကြောင့်လည်း လူတွေဟာ တစ်လုပ်ကနေတစ်လုပ် လုပ်ငန်းတစ်ခုကတစ်ခု ဆိုပြီး ပြောင်းနေကြရတာပေါ့။ ဒါပေမယ့် သူတို့ဟာ စီးပွားရေးအရတော့ လိုချင်တဲ့နေရာကို ဘယ်တော့မှ မရောက်ခဲ့ကြဘူးလေ။ သူတို့ဟာ စီမံကိန်းမရှိဘဲနှင့် အဖိုးတန်ဆုံးလို့ ဆိုရမယ့် ပိုင်ဆိုင်မှုတွေ၊ အချိန်တွေနှင့် ဘဝတစ်တာကို ဖြုန်းတီးပစ်နေကြတာလား။ သူတို့လုပ်ချင်တာလုပ်ရလို့


mgyoe.com

SAMPLE BOOK

ပျော်ချင်ပျော်နေမယ်။ သို့ပေမယ့် တကယ်တမ်း ဘာတွေ ဆုံးရှုံးလက်လွတ်သွားတယ်ဆိုတာ နားမလည်ကြရှာဘူး"

"ဟုတ်တယ် အန်ကယ်။ ဒီတစ်ခါတော့ လုံခြုံမှု ယူရုံယူမယ့်အစား ကျွန်တော့်ဘဝမှာ ဘာလိုချင်တယ်ဆိုတာ အစစ်တကယ် စဉ်းစားခဲ့မိသလို အရင်က စဉ်းစားရမှန်းမသိတဲ့ အတွေးအကြံတွေ ရလာတာလည်း တအံ့တသြကြီး တွေ့ရတယ်"

"ဘယ်လို အကြံအတွေးမျိုးတွေပါလိမ့်ကွာ"

"ကျွန်တော့်ဘဝမှာ သက်တောင့်သက်သာနှင့် ချောင်ချောင်လည်လည် တကယ်နေချင်တယ်ဆိုရင် ဘာတွေ လိုအပ်တယ်ဆိုတာ တွေးတတ်ရမယ်။ ရေဝေးမြေခြား ခရီးသွားတဲ့အခါမှာ အသုံးလိုတဲ့ပစ္စည်းတွေ၊ ကားလှလှလေးတွေ၊ ငွေကုန်ကြေးကျများတဲ့ အပန်းဖြေခရီးတွေ၊ ဝတ်ကောင်းစားလှတွေ၊ ဧရာမအိမ်ကြီး, တိုက်ကြီးတွေ စသဖြင့်ပေါ့။ အနာဂတ်ကို ခရီးဆန့်ပြီး တွေးရင်းက ဘဝအတွက် လိုချင်တာတွေ ရှာတွေ့ခဲ့တယ်"

"မင်း ရှာတွေ့တာ ဘာတွေလဲ"

"လုံခြုံစိတ်ချရမှုဆိုတာ သိပ်လွယ်တယ်။ ဘာကြောင့်ဆို လုံခြုံရေးကိစ္စတစ်ခုတည်းကိုသာ ကြံဆနေလို့ပါပဲ။ အမှန်တကယ် သက်သာချောင်ချိမှု ဘာလဲဆိုတာတော့ ကျွန်တော် မသိသေးဘူး။ သက်သာချောင်ချိမှုက ပိုခက်မှန်းသိလာတော့ လုံခြုံစိတ်ချရမှုဟာ လွယ်သွားတာပေါ့။ ခုဆိုရင် ချမ်းသာတယ်ဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ မစောင့်နိုင်တော့သလို အကြီးအကျယ် ချမ်းသာအောင် စီမံကြံဆဖို့လည်း အကြာကြီး အချိန်မဆွဲချင်တော့ဘူး"

"ကောင်းမှကောင်းကွာ၊ အထူးရှယ်ပဲ။ ဒီလိုနှင့် လူအတော်များများဟာ သူတို့ အဓိပ္ပာယ်သတ်မှတ်ချက်တွေထက် နိမ့်ကျတဲ့အခြေအနေ အဆင့်အတန်းတွေကို ရောက်နေရတယ်, ဒါမှမဟုတ် မိုးရွာတဲ့နေ့ကို မထွက်လိုက်တာနှင့် သူတို့ဘဝမှာ ဖြစ်နိုင်တဲ့ တိုးတက်မှုကို မလိုက်ရဘူး။ အဲ–လူတွေဟာ နှစ်စဉ်အပန်းဖြေ အလည်ခရီးတွေထွက်၊ အပျံစားကားလေးဝယ် ဆိုတာတွေနှင့် အကြွေးထဲ ခေါင်းစိုက်ပြီးမှ နောင်တတွေရ။ သူတို့မှာသာ စီးပွားရေးစီမံကိန်းတွေ ရှိထားမယ်ဆိုရင် လုပ်သင့်လုပ်ထိုက်တာတွေလုပ်ဖို့ ချိန်တွက်နိုင်မှာ ဖြစ်ပေမယ့် အလဟဿဖြုန်းတီးမှုတွေနှင့် ဘဝဆုံးသွားရတာတွေ အဖြေပေါ်လာပြီ ဆိုပါတော့"


mgyoe.com

"ဟုတ်တယ်။ အမှန်ပဲ အန်ကယ်။ ဖြစ်နိုင်တာတွေကို စီးပွားရေးအကြံပေးတွေနှင့် တွေ့ဆုံဆွေးနွေးရင်းက ပညာတွေ တစ်ပုံကြီး ရလိုက်တယ်။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ကောင်းစားနေမိတာလည်း သိလိုက်တာပဲ။ စင်စစ်တော့ မျက်နှာကျက်အမိုးနိမ့်နိမ့်လေးရိုက်ထားတဲ့ အိမ်ထဲမှာ နှစ်ပေါင်းများစွာ လမ်းလျှောက်နေမိပါလားလို့ ခံစားရတာနှင့်အမျှ ခြစ်ကုပ်ချွေတာပြီး စုဆောင်းဖို့ကြိုးစားနေသလို ကျွန်တော် တန်ဖိုးသတ်မှတ်တဲ့အဆင့်ထက် အောက်တန်းကျတဲ့အခြေအနေမှာ နေနေတယ်လို့ နားလည်ပေးတယ်။ ခုဆိုရင် စီမံကိန်းတစ်ခု လက်ကိုင်ရှိနေပြီး နေပျော်အောင် သံက်သာချောင်ချိတဲ့ အခြေအနေနှင့် ချမ်းသာခြင်းရဲ့အဓိပ္ပာယ်ပြည့်ဝမှုကိုလည်း သဘောပေါက် ရင်ခုန်နေရပါပြီ"

သူဌေးဖေဖေက ပြုံးပြုံးကြီးနှင့် ပြန်ပြောပါတယ်။

"ကောင်းပါလေရဲ့ကွာ။ နပျိုငယ်ရွယ်တုန်း ရှင်သန်နေရတဲ့ အဓိကအချက်ဟာ အိုမင်းရင့်ရော်ချိန်မှာ ဘယ်လိုဖြစ်ချင်သလဲဆိုတဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်တယ်လေ။ လူတွေဟာ သူတို့ဘဝကို ရရာဈေးနှင့် ရောင်းပစ်နေရတာလောက်ကြေကွဲစရာကောင်းတာ မရှိဘူးကွ။ မစားရက်မသောက်ရက် ခြိုးခြံချွေတာပြီး ငွေစုဖို့ ကြိုးစားတာနှင့်ပဲ စီးပွားရေးအရ ဟန်ကျပြီလို့ မှတ်နေကြတာလည်း သနားစရာပဲ။ တကယ့်ဖြစ်စဉ်က ဒါဟာ စီးပွားရေးအရ ကန့်သတ်လိုက်မှုတွေပဲဖြစ်ပြီး တစ်နေ့မှာ အကျပ်ရိုက်ဒုက္ခတွေ့ရမှာ သေချာနေတယ်။ လူများစုဟာ စီးပွားရေးကို လျစ်လျူရှုထားတဲ့ စိတ်ထောင်ချောက်ထဲမှာ အချိန်ကုန်လွန်ခဲ့ကြရတာပဲ။ ဒီလိုနှင့် တိရစ္ဆာန်ရုံထဲက လှောင်အိမ်ကျဉ်းကျုတ်ကျုတ်လေးထဲမှာ ပိတ်မိနေတဲ့ ခြင်္သေ့ရိုင်းတွေနှင့် တူသထက် တူလာတယ်။ သူတို့ဟာ လှောင်အိမ်ထဲမှာ ချာလပတ်လှည့်ရုံကလွဲလို့ လွတ်မြောက်တဲ့ဘဝဆိုတာ ဘာမှန်းမသိရှာကြတော့ဘူးလေ။ လူတွေအတွက် အရေးအပါဆုံး ရှာဖွေတွေ့ရှိမှုတွေထဲက တစ်ခုကတော့ သူတို့ဘဝမှာ စီးပွားဖြစ်နိုင်အောင် စီမံကိန်း ဘယ်လိုချမလဲဆိုတာ အချိန်ယူသင်ကြားဖို့ပဲဖြစ်တယ်။ အဲဒီပညာဟာ တန်ဖိုးဖြတ်လို့မရအောင် အဖိုးတန်တာပဲ။

"ရှေ့ဆက်လုပ်ဆောင်ရမယ့် စီမံကိန်းတွေအရလည်း ငါ့ကို နပျိုလန်းဆန်းနေစေခဲ့ပါတယ်။ ငါဟာငါ လုပ်ငန်းတွေ, ရင်းနှီးမြှုပ်နှံမှုတွေ, ငွေတွေ ပိုရဖို့ အချိန်အကုန်ခံနေရသလဲလို့ ငါ့ကိုယ်ငါ မကြာခဏ ပြန်မေးကြည့်တယ်။ အကြောင်း



mgyoe.com

SAMPLE BOOK

ရင်းက ကောင်းတယ်လို့ လုပ်နေရတာပဲလို့ အဖြေထွက်လာတယ်။ ငွေတွေ သဲသဲမဲမဲ ရှာမိတာကလည်း ငါ့ကို ငယ်ရွယ်နုပျိုမှုနှင့် ရှင်သန်မှုပေးဖို့ပဲ ဖြစ်တယ်။ နာမည်ကျော် ပန်းချီဆရာတစ်ယောက်ကို 'အောင်မြင်မှုရပြီးပြီပဲ။ ပန်းချီဆွဲတာ ရပ်ပါတော့လား'လို့ ပြောလို့မရသလိုပဲ ငါလည်း လုပ်ငန်းတွေ, ရင်းနှီးမြှုပ်နှံမှုတွေတိုးချဲ့ပြီး ငွေရှာနေတာကို ဘာကြောင့် ရပ်ပစ်ရမှာလဲ။ ခန္ဓာကိုယ်က အိုမင်းရင့်ရော်သွားတဲ့တိုင်အောင် အလုပ်တွေ မရပ်မနား လုပ်နေတာဟာ စိတ်ဓာတ်အရ ရှင်သန်နုပျိုနေလို့ပဲ မဟုတ်လား"

"ဒါဆို မတူခြားနားတဲ့ အဆင့်တွေအလိုက် စီမံကိန်းချဖို့ အချိန်ယူခိုင်းတာဟာ ကျွန်တော့်ဘဝမှာ စီးပွားရေးအရဖြစ်ထွန်းမှုကို ဖော်ထုတ်ခိုင်းတာပဲ ဆိုပါတော့"

"ဟုတ်တယ်။ ဒါကြောင့်ပဲ မင်းအတွက် စီမံကိန်းဆွဲဖို့ လိုတာပေါ့။ ဘဝရဲ့ အံ့မခန်းကြီးမားတဲ့ လက်ဆောင်ကောင်းတွေရနိုင်တဲ့ နည်းတွေကို တွေ့ရှိလာသလို မင်းစိတ်နှလုံးဟာ ပိုပြီး နုပျိုလာအောင်လေ။ လုံခြုံမှုတစ်ခုတည်းသာ ကြံဆတဲ့ လူတွေအဖို့တော့ 'ကျုပ် အငြိမ်းစားယူရင် ဝင်ငွေတွေ လျော့နည်းသွားမှာပေါ့'လို့ ပြောကြလိမ့်မယ်။ သူတို့ခမျာ ဘဝက အမြတ်မရတဲ့အပြင် အရှုံးတွေပြကုန်ကြရတယ်။ ဘုရားသခင်က အတိုင်းအဆမရှိ ကြွယ်ဝတဲ့ဘဝကို တန်ဖိုးရှိရှိပေးထားပါလျက်နှင့် တို့က လျှော့ပြီးယူဖို့ ဘာလို့ကြံရမလဲ။ ကန့်သတ်ချက်ထားနေရမလဲ"

"သူတို့ခမျာ ဒီလောက်ပဲစဉ်းစားတတ်အောင် သင်ထားလို့ နေမှာပေါ့ အန်ကယ်"

"အေး။ အဲ့ဒါကိုက သနားစရာ၊ အလွန် ဝမ်းနည်းစရာ ကောင်းတာပဲကွ"

သူဌေးဖေဖေနှင့်အတူ ထိုင်စကားပြောရင်းက အဖေရင်းဖြစ်တဲ့ ဆင်းရဲဖေဖေကို ပြေးသတိရလိုက်မိပါတယ်။

သူ့ခမျာ ကြီးတောင်ကြီးမား အရွယ်ရောက်ခါမှ ပင်ပန်းတကြီး ရုန်းကန်ပြီး ဘဝကို '၁'က ပြန်စနေရရှာတာကလား။


mgyoe.com

 gyoe.com SAMPLE BOOK 

ကျွန်တော်အနေနှင့် ကိုယ် သိသမျှ ငွေအကြောင်းကြေးအကြောင်း သူ့ကို ပြောပြဖို့ စကားစ,မိတဲ့အကြိမ်ပေါင်းလည်း မနည်းတော့ပါဘူး။ အဲ့ဒီအခါတိုင်း အချေအတင် ငြင်းခုံကြရတော့တာပါပဲ။

အမှန်တော့ အခြေခံတန်ဖိုးထားတဲ့ စံချင်းမတူတဲ့ အုပ်စု ၂ ခုဟာလည်း ကျွန်တော်တို့လိုပဲ ပြဿနာ ထိပ်တိုက် တွေ့ကြရပါလိမ့်မယ်။

တစ်ခုက လုံခြုံမှုကိုအရေးထားပြီး၊ ကျန်တဲ့အုပ်စုက ချမ်းသာဖို့ အဓိက ထားကြတာကိုး။

ကျွန်တော်ဟာ ငွေနှင့်ပတ်သက်တဲ့ဘာသာရပ်တွေ, စည်းစိမ်ချမ်းသာတွေကို မြတ်နိုးသလောက် အဖေ့ကိုလည်း ချစ်ပါတယ်။

ဒါပေမယ့် 'သူပျော်တဲ့ဘဝမှာ သူနေ, ကိုယ်ပျော်တဲ့ဘဝမှာ ကိုယ်နေ' လို့ပဲ သဘောပိုက်ထားလိုက်ရပါတော့တယ်။ သူ မေးလာရင်တော့ စီးပွားရေးအကြောင်း တွေ ပြောပြမလို့ပါပဲ။ ဒါပေမယ့် သူက တစ်ခွန်းမျှ မဟခဲ့ပါဘူး။

သူ့ရဲ့ ပညာရှင်ပီသတဲ့ ခွန်အားနှင့် အစွမ်းသတ္တိတွေကို အလေးပြု တန်ဖိုး ထားတဲ့အနေဖြင့် သူ့ပျော့ညံ့ အားနည်းချက်တွေကိုလည်း ထောက်မပြခဲ့တော့ပါဘူး။

အချုပ်ပြောရရင်တော့ အဖေ့အပေါ် ရှိသေလေးစား ချစ်မြတ်နိုးမှုတွေက ငွေထက် ပိုပြီးအရေးကြီးတော့ ကျွန်တော်ဘက်ကပဲ အလျှော့ပေးလိုက်ရတယ် ဆိုပါတော့။

## စိတ်နေစိတ်

## ထား ဉာဏ်စမ်း

ကျွန်တော့် အဖေအရင်းဟာ အလုပ်တည်မြဲရေးက တစ်ဆင့်ခံတဲ့ စီးပွားရေး လုံခြုံမှုတစ်ခုသာ ဦးစားပေးတဲ့ စီမံကိန်းကို ချမှတ်မိပါတယ်။ ပြဿနာက သူ့ အထက်အရာရှိတွေနှင့် အဆင်မပြေတဲ့အခါ စီမံကိန်း ပျက်သွားရတော့တာပဲ။ သူဟာ သူ့စီမံကိန်းကို ခေတ်မီအောင် ပြုပြင်ဖို့ ပျက်ကွက်ခဲ့တယ် ဆိုရမှာပေါ့။ သူ့ရဲ့ပင်စင်, လူမှုရေးလုံခြုံမှု, ဆေးကုသခွင့်လေးတွေ ကံအားလျော်စွာ လုပ်ထား မိလို့ နည်းနည်းသက်သာသွားပါတယ်။ အဲ့ဒီအကာအကွယ်သာ မရှိခဲ့ရင်တော့ ခွက်ဆွဲရမယ့်အထိ အခြေအနေဆိုးသွားမှာ သေချာတယ်လေ။ စင်စစ်တော့ သူဟာ


mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းပါးမှုနှင့် ကယ်တင်ဖို့အတွက်သာ စိမံကိန်းချခဲ့ပြီး သူ့အတိုင်းအတာနှင့် သူ လိုချင်တာ ရခဲ့တာပါပဲ။

တစ်ဘက်မှာ သူဌေးဖေဖေကတော့ ငွေကြေးကြွယ်ဝချမ်းသာတဲ့ကမ္ဘာကို ဖန်ဆင်းဖို့ စိမံကိန်းချထားတဲ့အတိုင်း ကုဋေကြွယ်သူဌေးကြီး ဖြစ်ခဲ့ရတယ်ပေါ့။

သူတို့ ၂ ဦးစလုံးရဲ့ ဘဝနေနည်းတွေမှာ စိမံကိန်းကိုယ်စီ ရှိခဲ့ကြတာပဲ။ ဝမ်းနည်းစရာကောင်းတာက လူများစုဟာ စီးပွားရေးဖူလုံတဲ့ဘဝကို တည်ဆောက်နိုင်တဲ့အစွမ်း ရှိပါလျက်နှင့် မပြည့်စုံတဲ့ကမ္ဘာ စိမံကိန်းတွေ ချမိတာပါပဲ။

စိမံကိန်းဆိုတာကတော့ ရှိကို ရှိကြရမှာပါ။
ဒီတော့ စိတ်နေစိတ်ထား ဉာဏ်စမ်းမေးခွန်းက
သင့်မှာ စီးပွားရေးစိမံကိန်းတွေ ရေးဆွဲထားပြီးပြီဆိုရင်
၁။ လုံခြုံမှုစိမံကိန်းလား။ ဟုတ်......။ မဟုတ်......
၂။ သက်သာချောင်ချိမှုစိမံကိန်းလား။ ဟုတ်......။ မဟုတ်......
၃။ ချမ်းသာကြွယ်ဝမှုစိမံကိန်းလား။ ဟုတ်......။ မဟုတ်......

သူဌေးဖေဖေပို့ချတဲ့ သင်ခန်းစာအရ စိမံကိန်း ၃ ခုစလုံး အရေးကြီးတယ်ဆိုတာ မမေ့ပါနှင့်။ ဒါပေမယ့် ချမ်းသာကြွယ်ဝမှုကို ပထမထားတယ်ဆိုတဲ့တိုင်အောင် လုံခြုံမှုနှင့် သက်သာချောင်ချိမှုတွေက ရှေ့က အရင်လာတာကို သတိပြုပါ။ ဆိုလိုရင်းက

ချမ်းသာချင်ရင် စိမံကိန်း ၃ ခုစလုံး ကိုင်တွယ်ထားရမယ်။
သက်သာချောင်ချိဖို့ဆိုရင် စိမံကိန်း ၂ ခုပဲ လိုပါတယ်။
လုံခြုံစိတ်ချရဖို့ကတော့ ၁ ခုပဲ လိုတယ်ပေါ့။

အမေရိကန် ၁၀၀ တိုင်းမှာ ၃ ယောက်ပဲ ချမ်းသာကြတာကို အမှတ်ရပါ။ ကျန်လူတွေက စိမံကိန်းတစ်ခုထက် ပိုမထားကြမိလို့ပါ။ ဒီ့အပြင် လူအများစုဟာ စိမံကိန်းတွေရေးဆွဲထားခြင်းမရှိကြတာ တွေ့ရပါတယ်။ သင့်ကိုလည်း အဲသလို မဖြစ်စေချင်ပါဘူး။


mgyoe.com

အခန်း ॥ ၁၁ ॥

ရင်းနှီးမြှုပ်နှံသူ သင်ခန်းစာ ၉

**စီမံ**
**ကိန်း တစ်ခုချင်း**
**မှာ တန်ဖိုး**
**ရှိတယ်**

"ချမ်းသာဖို့စီမံကိန်းနှင့် ကျွန်တော့်စီမံကိန်း ၂ ခုရဲ့ ခိုင်မာတဲ့တန်ဖိုးချင်း ကွာခြားမှုဟာ ဘာပါလိမ့်"

ကျွန်တော်က မေးမိတယ်။

သူဌေးဖေဖေက သူ့စာရွက်ဝါလေးမှာ '၁–လုံခြုံစိတ်ချရမှု၊ ၂–သက်သာချောင်ချိမှု၊ ၃–ချမ်းသာကြီးပွားမှု'ဆိုတဲ့ စာလုံးတွေ ရေးချလိုက်ပါတယ်။

"မင်းက ချမ်းသာမှု, လုံခြုံမှုနှင့် သက်သာချောင်ချိမှုတွေရဲ့ ခြားနားချက်ကို ပေးတာလား"

"ဟုတ်ပါတယ်"

"အေး၊ ကွာခြားချက်ကတော့ တန်ဖိုးပဲကွ။ ချမ်းသာဖို့ စီးပွားရေးစီမံကိန်းတွေနှင့် နောက် ၂ ခုရဲ့အနေအထား တန်ဖိုးချင်းကွာခြားတာတော့ အကြီးအကျယ်ပဲ"

"ဒါဖြင့် ချမ်းသာရေးစီမံကိန်းမှာ ရင်းနှီးမြှုပ်နှံမှုတွေက ငွေအများကြီး ကုန်ရလို့လား"

"အဲ–များသောအားဖြင့် လူတွေက တန်ဖိုးဆိုတာကို 'ငွေ'နှင့် စံထားတိုင်းတာလေ့ ရှိကြတယ်။ ဒါပေမယ့် မင်း နည်းနည်း ပိုပြီးစဉ်းစားကြည့်ရင်


mgyoe.com

SAMPLE BOOK

တန်ဖိုးကို ငွေနှင့်တိုင်းတာ မဟုတ်ဘဲ အချိန်နှင့်တိုင်းတယ်ဆိုတာ အမှန်အကန် မြင်လာလိမ့်မယ်။ အချိန်နှင့် ငွေ ယှဉ်လိုက်ရင်လည်း အချိန်က ပိုအဖိုးတန်တာ တွေ့ရမှာပဲ"

သူဌေးဖေဖေ ပြောတာကို သဘောပေါက်အောင် ကြိုးစားရင်းက ကျွန်တော် မျက်မှောင်ကုတ်သွားမိပါတယ်။

"အချိန်နှင့် တန်ဖိုးဖြတ်တယ်ဆိုတာ ဘာကို ဆိုလိုပါလိမ့်။ ဥပမာလေး တစ်ခု ပေးပါဦး"

"ကောင်းပြီ။ တကယ်လို့ ငါ အယ်လ်အေ(လော့စ်အိန်ဂျလိစ်)ကနေ နယူးယောက်ကို သွားမယ်ဆိုရင် ဘတ်စ်ကားခ ဘယ်လောက် ပေးရမလဲ"

"ကျွန်တော် မသိဘူး။ ဒေါ်လာ ၁၀၀ လောက်တော့ ပေးရမယ်ထင်တယ်။ ကျွန်တော်မှ ဘတ်စ်ကားနှင့် တစ်ခါမှ မသွားဘူးတာ"

"ငါလည်း မသွားဘူးပါဘူးကွာ။ ထားပါတော့။ ကဲ– အဲဒီခရီးကို 747 လေယာဉ်နှင့် သွားမယ်ဆိုရင်ကော လေယာဉ်ခ ဘယ်လောက်ကျမလဲ"

"ဒါလည်း ကျွန်တော် မပြောတတ်ဘူး။ စိတ်ထင်တော့ ဒေါ်လာ ၅၀၀ လောက်ပေးရမယ် အောက်မေ့တာပဲ"

"အင်း။ နည်းနည်းတော့ နီးစပ်လာပြီ။ ငါ တစ်ခု ထပ်မေးပါရစေ။ အဲသလို လက်မှတ်ခတွေ ဘာကြောင့် ကွာခြားရတာလဲ။ အယ်လ်အေနှင့် နယူးယောက်ဟာ ခရီးအကွာအဝေးချင်း အတူတူသွားရတာ ဖြစ်လျက်နှင့် လေယာဉ်ခက ဘာဖြစ်လို့ ပိုပေးရတာလဲ"

ကျွန်တော် ခေါင်းပူအောင် စဉ်းစားနေတုန်းမှာ သူဌေးဖေဖေက ဖြတ်ပြော ပြန်ပါတယ်။

"မင်းမိသားစုမှာ ချွေတာတာနှင့် စုဆောင်းတာ ဆိုတဲ့ စကားလုံးတွေ တရစပ်သုံးနေမယ်လို့ ငါ လောင်းရဲတယ်။ မင်းအမေဆိုရင် ဈေးသွားဝယ်တိုင်း ဈေးသက်သာတာရှာပြီး 'ချွေတာဖို့ ကြိုးစားရတယ်'လို့ ပြောမှာသေချာတယ်။ မင်းအဖေကလည်း 'ငွေများများစုမိဖို့ အရေးကြီးတယ်'လို့ အာပေါက်အောင် ပြောနေမှာပဲ"

"ငွေစုတာ အရေးမကြီးဘူးလား အန်ကယ်။ ငွေစုနိုင်မှ ချမ်းသာမှာ မဟုတ်ဘူးလား"


mgyoe.com

"မင်း ငွေစုပြီး ချမ်းသာနိုင်သလို စျေးချိုတာတွေသုံးပြီး ချမ်းသာအောင်လည်း လုပ်နိုင်တယ်။ ဒါပေမယ့် အချိန်တွေအကြာကြီး ကုန်ရလိမ့်မယ်။ အယ်လ်အောကနေ နယူးယောက်ကို ဘတ်စ်ကားနှင့် သွားသလို အလဟဿ အချိန်ပိုကုန်ရတဲ့သဘောပဲ။ တစ်နည်းပြောရရင် လေယာဉ်ခ ၅၀၀ ပေးပြီး ၅ နာရီနှင့်ရောက်မယ့်ခရီးကို ကားခ ၁၀၀ ပေးပြီး ၅ ရက် စီးရမှာပေါ့။ တန်ဖိုးကို လူဆင်းရဲတွေက ငွေနှင့်တွက်ချက်တယ်။ လူချမ်းသာတွေကတော့ အချိန်နှင့်တွက်တယ်။ ဒါကြောင့်လည်း ဘတ်စ်ကားစီးတဲ့ လူတွေဟာ ပိုဆင်းရဲတယ် ဆိုရမှာပဲ"

"ငွေကုန်တာထက် အချိန်ပိုကုန်ပြီး လူလည်း ပိုပင်ပန်းတာပေါ့။ ဒါကလည်း အချိန်ထက် ငွေကို ပိုတန်ဖိုးထားလို့ ကြုံရတဲ့အဖြစ် မဟုတ်လား"

"နည်းနည်း ပိုနီးစပ်လာပြီ။ ဓနအင်အားနည်းတဲ့လူတွေဟာ ငွေကို ကတ်သပ်ထားကြတာ တွေ့ရတယ်။ တစ်ဘက်ကလည်း ဆင်းဆင်းရဲရဲနေပြီး ငွေတွေတစ်ပုံကြီးပိုက်ထားတဲ့ လူစားတွေလည်း ရှိတယ်"

"သူတို့က လူချမ်းသာတွေထက် ငွေကို ပိုမက်ကြတယ်လို့ ဆိုနိုင်တာပေါ့"

"စင်စစ်က ငွေဆိုတာ ဖလှယ်ရာမှာသုံးတဲ့ ကြားခံပစ္စည်း တစ်ခုပဲကွ။ ငွေစက္ကူတစ်ရွက်ရဲ့ မူလတန်ဖိုးဟာ မရှိသလောက်ပေါ့။ ဒါပေမယ့် ငါလိုချင်တဲ့ပစ္စည်းတစ်ခုကို တန်ဖိုးမျှပေးဖို့ ငွေက လိုအပ်လာတယ်။ ခက်တာက မရှိဆင်းရဲသူတွေက ငွေကို ကိုးကွယ်ရာအဖြစ် သတ်မှတ်ထားကြသလို အသည်းအသန်ရှာဖွေကုတ်ကုတ် စုဆောင်းထားတတ်ကြတာပဲ။ ဒီလိုနှင့် ငွေဟာ အသေကောင်တွေလိုဖြစ်ပြီး တန်ဖိုး မဲ့သွားရပြန်တယ်"

"ဒါကြောင့်လည်း အချိန်ဟာ ငွေထက် တန်ဖိုး ပိုရှိပြီး၊ ပိုလည်း အရေးပါတယ်လို့-အန်ကယ် ပြောခဲ့တာကိုး"

"လူတွေဟာ ချမ်းသာချင်ဇောနှင့် လူချမ်းသာတွေရဲ့ ရင်းနှီးမြှုပ်နှံမှုမှာဝင်ပြီး ပါချင်ကြတယ်။ ဒါပေမယ့် သူတို့ဟာ အချိန်ကို ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့တော့ စိတ်မပါကြဘူး။ ဒီအချက်က အမေရိကန် ၁၀၀ မှာ ၃ ယောက်သာချမ်းသာရတဲ့ အကြောင်းတစ်ခုပဲ"

"အပြန်အလှန်အားဖြင့် လူတွေဆင်းရဲရတာဟာ အချိန်ကို တန်ဖိုးမထားတတ်လို့ ဆိုပါတော့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ်။ အချိန်နှင့်အမျှ တန်ဖိုးရှိတယ် ဆိုတဲ့စကားကို ဒီနေရာမှာ သုံးရမှာပဲ။ လူတွေဟာ အမြန်ချမ်းသာချင်တော့ အချိန်မစောင့်နိုင်ဘဲ ဝေါလ်စထရီလို ငွေဈေးကွက်မှာ ဝင်ကစားကြတယ်။ သူတို့ကိုယ်တိုင် ကစားတတ်အောင် အချိန်ယူမသင်တော့ လူကျွမ်းကြီးတွေလက်ထဲ ပုံအပ်ရာက မွဲကုန်ပြီး ဒုက္ခရောက်ကြရတော့တယ်"

"ဒါဖြင့် ချမ်းသာချင်တဲ့လူဟာ ငွေထက်အဖိုးတန်တဲ့ အချိန်ထဲမှာ ရင်းနှီးမြှုပ်နှံမှု အရင်လုပ်သင့်တယ်။ ဒီလိုလား"

"ခုသင်ခန်းစာကို ဒီ့ထက်ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်စေချင်တယ် ရောဘတ်။ များသောအားဖြင့် လူတွေဟာ ရေတိုလိုက်ပြီး ဖြတ်လမ်းနည်းနှင့် ချမ်းသာဖို့ ကြံကြတယ်။ တချို့ကလည်း လုပ်ငန်းအကြောင်း နကန်းတစ်လုံးမျှ နားမလည်ဘဲ လုပ်ငန်းထောင်ကြတယ်။ အမှန်တော့ အချိန်ယူလေ့လာသင်ကြားမှုတွေ လုပ်သင့်တယ်။ လုပ်သင့်တာ မလုပ်တဲ့အမှားကြောင့် ၉၅ ရာခိုင်နှုန်းသော အသေးစားလုပ်ငန်းလေးတွေဟာ ၅ နှစ်ကနေ ၁၀ နှစ်အတွင်းမှာ အရှုံးပေါ်ပြီး ပြိုလဲကုန်ကြရတယ်"

"သူတို့ဟာ ငွေအမြန်ဆုံးဖြစ်အောင် လုပ်ချင်ကြရာက ငွေရောအချိန်ပါ ဆုံးရှုံးရတာပေါ့"

"အမှန်တော့ ရေရှည်စိမံကိန်းတစ်ရပ်ကို အမြော်အမြင်ကြီးကြီးနှင့် ချမှတ်တတ်ပြီး စီမံကိန်းအတိုင်း လိုက်နာမယ်ဆိုရင် မီလျံနာဖြစ်ဖို့ ဘာခက်တာမှတ်လို့ ကွာ။ လူတွေက အချိန်ကို ရင်းနှီးမြှုပ်နှံမှုမလုပ်ဘဲ နေ့ချင်းညချင်း ချမ်းသာချင်လို့ လမ်းချော်ပြီး အခက်တွေ့ကြရတာလို့ ဆိုရမယ်"

"သူတို့အနေနှင့် 'ရင်းနှီးမြှုပ်နှံမှုဟာ စွန့်စားရတယ်'၊ 'ငွေရှာဖို့ ငွေရှိရမယ်'၊ 'ရင်းနှီးမြှုပ်နှံမှုပညာကို သင်ဖို့ အချိန်မရဘူး'၊ 'ငါ အလုပ်တွေ ကျုံးလုပ်ရတာဟာ ပေးစရာဆပ်စရာတွေ များနေလို့'ဆိုတဲ့ စကားတွေသာ တွင်တွင်သုံးနေကြတာ ဆိုးတာပေါ့နော်"

သူဌေးဖေဖေက ခေါင်းညိတ်ပြပါတယ်။

"ဒီလို ရိုးအီနေတဲ့အကြံတွေနှင့် ဆင်ခြေတွေကြောင့်လည်း ကမ္ဘာပေါ်မှာ ငွေတွေ တစ်ပုံကြီးရှိပါလျက်က လက်တစ်ဆုပ်စာလူတွေလောက်သာ အလျှံပယ်


mgyoe.com

ချမ်းသာကြရတာပဲလေ။ ငွေတွေ အလွန်အကျွံရှိတဲ့ပြဿနာထက် ငွေမရှိတဲ့ ပြဿနာက ပိုကြီးမားနေရတယ်ဆိုလည်း မမှားဘူး။ သူတို့ရဲ့ငွေနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အကြံဉာဏ်တွေက သူတို့ကို ငွေကြေးပြဿနာ ပေါ်စေတာပေါ့။ သူတို့ အဖို့ စကားလုံးတချို့နှင့် အကြံဉာဏ်တချို့ကို ပြင်လိုက်ရုံနှင့် သူတို့ရဲ့ စီးပွားရေး အနေအထားဟာ မျက်လှည့်ပြသလို ပြောင်းလဲသွားနိုင်တယ်။ ဒါပေမယ့် လူများစု ဟာ တကုပ်ကုပ် အလုပ်ရှုပ်နေကြရတာနှင့် ငွေပညာသင်ဖို့ အချိန်မရကြရှာဘူး။ သူတို့ပြောနေကျစကား ရှိသေးတယ်။ 'ကျုပ်က ရင်းနှီးမြှုပ်နှံမှုပညာသင်ဖို့ သိပ် စိတ်ဝင်စားတာ မဟုတ်ဘူး'တဲ့။ ဒီလိုနှင့်ပဲ သူတို့ဟာ ငွေကျွန်အဖြစ် အလုပ်ထဲ နစ်ပြီး ပြာပုံတိုးရတဲ့ဘဝ ရောက်ကုန်ရတာပဲ။ တကယ်ဆို အချိန်လေး နည်းနည်း ယူပြီး လေ့လာသင်ကြားမှုလုပ်၊ စီမံကိန်းချပြီး ကျင့်ဆောင်မယ်ဆိုရင် ငွေကို ပြန်ခိုင်းတတ်သွားကြမှာ"

"ဟုတ်ကဲ့။ အန်ကယ်ပြောသလို အချိန်ဟာ ငွေထက်ပိုအရေးကြီးတယ်ဆိုတဲ့ စကားက အဓိပ္ပာယ်ပေါ်သွားပါပြီ"

"ဒါတော့ ငါ့ကိုယ်တွေ့ပဲလေ။ မင်းအနေနှင့် သူဌေးတွေနှင့် တန်းတူ ရင်းနှီးမြှုပ်နှံမှု လုပ်ချင်တယ်ဆိုရင်ဖြင့် ကျန်တဲ့ လုံခြုံမှုနှင့် သက်သာချောင်ချိမှုတွေ ထက် အချိန်ကိုရင်းနှီးမြှုပ်နှံမှု ပိုပေးဖို့လိုတယ်။ ဒါဟာ လူတိုင်းလုပ်နိုင်တဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက်ပဲကွ။ တကယ်တော့ ကျန်တဲ့ စီမံကိန်း ၁၂ ခုအတွက်တောင် အချိန် ရင်းနိုင်ရင် ပိုကောင်းဦးမယ်"

သူဌေးဖေဖေရဲ့ သွန်သင်ချက်အရ ထပ်သိခဲ့ရတာတွေ ရှိပါသေးရဲ့။

"ကိုယ့်ဉာဏ်, ကိုယ့်အစွမ်း, ကိုယ့်ပညာနှင့် ကိုယ့်အားကိုယ်မကိုးဘဲ၊ 'သက် တန့်အဆုံးမှာ ရွှေအိုးရှိတယ်'ဆိုတဲ့ သူများစကားနားယောင်ပြီး မျက်စိမှိတ် ချောက်ထဲ ခုန်ချတာလောက် မိုက်မဲတာ မရှိပါဘူး"တဲ့။

"ဒီလူတွေကို ဦးနှောက်မရှိသူ, မျက်စိမှိတ်စွန့်စားသူ, အကျိုးမဲ့စွန့်စားသူ တွေလို့ ခေါ်ရလိမ့်မယ်"တဲ့။

စီးပွားရေးလောကမှာ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါ ကိုယ်ကကျူး ကိုယ့်ဒူးမှ မယုံရဘူးဆိုတဲ့ ဥပဒေသရှိတဲ့အကြောင်း။

လောကကြီးမှာ ဘာမျှ အလကားမရသလို၊ ငွေနှင့် အချိန်ဆိုတာလည်း

mgyoe.com SAMPLE BOOK


တန်ဖိုးရှိရှိ အရင်းစိုက်ရတာ ဖြစ်ကြောင်းလည်း သိခဲ့ရပါရဲ့။
ကဲ။ ဉာဏ်စမ်းမေးခွန်းလေးတွေ ဖြေကြည့်ရအောင်

၁။ သင့်ရဲ့ ငွေကြေးစီးပွားရေးမှာ လုံခြုံမှု၊ ဒါမှမဟုတ် သက်သာချောင်ချိမှု ရဖို့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတစ်ခု ချမှတ်ချင်တဲ့ဆန္ဒ ရှိပါသလား။
ရှိ..........။ မရှိ..........။

၂။ ချမ်းသာတဲ့အဆင့်မှာ ရင်းနှီးမြှုပ်နှံဖို့ အချိန်ကိုရင်းပြီး လေ့လာသင်ကြားဖို့ကော ဆန္ဒရှိပါသလား။
ရှိ..........။ မရှိ..........။

သင့်အဖြေဟာ ရေရာသေချာမှု ရှိမယ်မထင်လို့ သူဌေးဖေဖေရဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်နည်းလုပ်ဟန်တွေကို သိချင်တယ်ဆိုရင် ချမ်းသာတဲ့အဆင့်က ရင်းနှီးမြှုပ်နှံပုံတွေကို အတွင်းကျကျ ပြောပြထားတဲ့ အချက်တချို့ ဒီစာအုပ်ရဲ့နောက်ပိုင်းမှာ ပါပါလိမ့်မယ်။ သေသေချာချာ ဖတ်ကြည့်စေလိုပါတယ်။


mgyoe.com